www.burmeseclassic.com



# ကြည်နုဇော်

## ခင်ဗျားကို ကျွန်တော် မချစ်ဘူး

ရွှေပဒေသာစာပေ

( အချစ်လုံးချင်းဝတ္ထု | သစ်

www.burmeseclassic.com

www.burmeseclassic.com

# ကြည်နုခေတ်

# ခင်များကို ကျွန်တော် မချစ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

"နေကောင်းလား မြ"

သတ္တုဝါယာကြိုးထဲက စီးမျောလာတဲ့ အက်ရှရှ အသံက နွေးထွေးကြင်နာရိပ်သမ်းနေတာမို့ ဒေါ်မြကြာခြည် ဖွဖွပြုံးလိုက်မိသည်။

"ထုံစံအတိုင်းပဲလေ နွဲ့ရယ်။ နေကောင်းပေမယ့် လည်း ထိုင်ပြီးရင် မထနိုင်၊ ထပြီးရင် လမ်းမလျှောက်နိုင်ဆို တော့ နေကောင်းတယ်ပြောရမှာ ခပ်ခက်ခက်ပဲ"

—— မှူးသော ——

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြကြာခြည်ရဲ့အဖြေစကားကြောင့် ဒေါ်နွဲ့ဒါလီက ကရုဏာသက်ဟန်နှင့် ခပ်တိုးတိုးစုတ်သပ်ရင်း . . .

"ဖြစ်ရလေ မြရယ်။ နွဲ့သာ ရန်ကုန်မှာရှိနေရင်"

"အမယ်လေး . . . မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့ နွဲ့ရယ်။ မြက နွဲ့ကို ကိုယ်တိုင်လာပြုစုယုယရမယ်လို့ မဆိုလိုပါဘူး။ ခေတ္တခဏ သတင်းမေးတာလည်း မစံချင်ပေါင်။ သိတယ်မှတ်လား။ မြက ဘာမဆို အပိုင်ရရမှ။ မြဘေးမှာ အမြဲရှိနေပေးနိုင်မယ့်သူကို အပိုင်တောင်းတော့လည်း နွဲ့က အင်တင်တင် လုပ်နေပြီးတော့"

"အဟင်း . . . ဟင်း . . . နွဲ့က မအင်ပါဘူး မြရဲ့ သမီးတွေကို နွဲ့ကိုယ်တိုင် စိတ်မတိုင်းမကျသေးလို့ မြလက်ထဲ မအပ်ရဲသေးတာ"

"ဟွန်း . . . အပြောကတော့ တယ်ကောင်း။ မန္တလေးသူအစစ်လည်း မဟုတ်ဘဲနဲ့"

"ဩော် . . . မြရယ်"

ဒေါ်နွဲ့ဒါလီက ခပ်ညည်းညည်းလေး ရေရွတ်ရင်း





ရယ်နေသည်။

သူနှင့် ဒေါ်မြကြာခြည်က ရန်ကုန်တက္ကသိုလ်မှာ အတူတက်ခဲ့ကြသည့် သူငယ်ချင်းရင်းတွေ ဖြစ်သည်။ ဒေါ်နွဲ့ဒါလီက ပြင်ဦးလွင်ကလူနဲ့ အိမ်ထောင်ကျပြီး မန္တလေးမှာ အခြေချဖြစ်သွားသလို ဒေါ်မြကြာခြည်ကတော့ ရန်ကုန်မှာပဲ စာရေးဆရာတစ်ယောက်နှင့် အိမ်ထောင်ကျကာ ကျန်ရစ်ခဲ့သည်။

တကယ်တော့ နှစ်ယောက်လုံး ရန်ကုန်သူစစ်စစ်တွေ ဖြစ်သည်။ ဒေါ်နွဲ့ဒါလီရဲ့ခင်ပွန်းသည် ဆုံးတော့ သမီးကလေးနှစ်ယောက် ကျန်ခဲ့သည်။ ဆွေမျိုးတွေရှိရာ ရန်ကုန် မပြန်ဖြစ်တော့ဘဲ မန္တလေးမှာပဲ ခင်ပွန်းရဲ့အမွေအနှစ် ယက္ကန်းရုံတွေ၊ ချည်ထည်၊ ပိုးထည်လုပ်ငန်းတွေ ဦးစီးနေခဲ့သူ ဖြစ်၏။

သူမနှင့် ဒေါ်မြကြာခြည်က ကံတူအကျိုးပေး သူငယ်ချင်းတွေပင်။ ဒေါ်နွဲ့ဒါလီရဲ့ ခင်ပွန်းသည် ဆုံးပြီး နှစ်နှစ်အကြာမှာ ဒေါ်မြကြာခြည်ရဲ့ခင်ပွန်းလည်း ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျန်ခဲ့တာက သားလေးတစ်ယောက်တည်း။ ယခု လေဖြန်းသလိုဖြစ်ပြီး ခန္ဓာကိုယ်အောက်ပိုင်းက ကောင်းစွာ မသန်စွမ်းတော့ ပြုစုပေးမည့် သမီးမိန်းကလေး မရှိ။

သား ဘယ်လောက်တော်တော် သမီးမိန်းကလေး လို နေရာတကာ အကွက်မစေ့၊ ထောင့်မစေ့နိုင်။

ဒီတော့ ငယ်စဥ်က စိတ်ကူးယဥ်ရင်း စခဲ့ကြတာ ကို အကောင်အထည်ဖော်ဖို့ ဒေါ်မြကြာခြည်က သားရှင်ပီပီ စကားကြောင်းလာ၏။

"ဘယ့်နှယ် အသံတိတ်လှချည်လား နွဲ့"

"ငယ်ငယ်က မြ ပြောခဲ့တာတွေကို ပြန်စဥ်းစား နေလို့ပါကွာ"

"ပြီးခဲ့တာတွေ မစဥ်းစားနဲ့။ ခုလောလောဆယ် မြ သမီးတစ်ယောက် အလိုရှိနေတယ်။ အဲဒါ ဘယ်လိုလုပ်ရ မလဲ နွဲ့ စဥ်းစားပေး"

အသက် ငါးဆယ်ကျော်သည်အထိ လိုချင်တာကို ကလေးပေါက်စနလို ဂျစ်တိုက်ပူဆာနေသော မြကြောင့်





သူမမှာ ရယ်ရခက် ငိုရခက်။

ကိုယ့်ဘက်မှာလည်း ကိုယ့်သောကနဲ့ ကိုယ်။ သမီးနှစ်ယောက်လုံး ရုပ်ကလေးတွေလည်း လှ၊ ဘွဲ့တစ်ခုစီ ရပြီး အပေါ်ယံအားဖြင့်တော့ ဂုဏ်တင့်ကြပါပေသည်။

မြကို အပြီးအပိုင် (သမီးချွေးမလို) ပေးအပ်နှင်း ဆက်လိုက်ဖို့ကျတော့ လက်တွန့်ရသည်အထိ သင်းတို့ နှစ် ယောက်မှာ ဇတွေရှိ၏။

အကြီးမက အိမ့်ဆည်းလည်း။

အသက်က နှစ်ဆယ့်ငါးရှိနေပြီဖြစ်ပေမယ့် အပြင် စီးပွားရေးလောက်သာ စိတ်ဝင်စားပြီး အိမ်မှုကိစ္စ ဘာမှမရ။ လှတစ်မျက်နှာသာ ဦးစားပေးသော အပျင်းအိုးလေးတည်း။

သမီးဦးမို့ သူ့အဖေက အချစ်ပိုပြီး အလိုလိုက် သည်။ သားသမီးဆိုတာ အိမ်တစ်အိမ်ရဲ့ဆည်းလည်းတဲ့။ ကလေးရှိမှ မိသားစုဘဝ ပိုပြီးဝေဆည်သာယာတာမို့ အိမ့် ဆည်းလည်းဟု အန္တတ္တာမည်ခဲ့သော သမီးကြီးမှာ ယခုတော့ ဒေါ်နွဲ့ဒါလီကို ကောင်းစွာ နားညည်းစိတ်ပျက်စေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ကတော့ ယမင်းရှပ်ကလေးလို လှပါရဲ့၊ တစ်နေ့ တစ်နေ့ သူ့ရှပ် သူသာ သနေတတ်တာမို့ မြလို ရောဂါသည်ယောက္ခမ မပြောနှင့် သူမလို မိခင်ရင်း မမာ မကျန်းလျှင်တောင် လှည့်ကြည့်မယ့်သူမဟုတ်။

ဟော . . . ရှိပါသေး နောက်တစ်ယောက်။

အကြီးမနဲ့ သုံးနှစ်သာကွာသည့် သမီးငယ်လေး။

အငယ်လည်းဖြစ်၊ ပိုလည်းချစ်စရာကောင်းတာမို့ သူမက အချစ်ပိုစွာ မြှောက်စားမိပြန်သည်။ ကိုယ့်ရင်ထဲက အသည်းအသက်လောက် မြတ်နိုးရလွန်းလို့ မေ့သည်းညှာ လို့တောင်နာမည်ပေးခဲ့ရတာ။ နာမည်ကတော့ မိန်းကလေး ဆန်ပါပေရဲ့။

လူက ထောင့်မကျိုး အပိုးမသေ။ သမီးကြီးလို မဖြစ်ရအောင် အိမ်မှုကိစ္စအဝဝ လက်ထပ်သင်ပေးခဲ့လို့ ကျွမ်းကျင်နိုင်နင်းပေမယ့် ရုပ်အင်္ဂါတဖားဖား၊ ဘောင်းဘီ တကားကားနှင့် ဘိုကေတလွှားလွှားထားကာ ဟိုမရောက် ဒီမကျ ဖြစ်နေတာကြောင့် စိတ်ပျက်ရပေါင်းများပြီ။





ရုပ်လှပေမယ့် မပြင်မဆင်ဆိုတော့ အရောင် မထွက်။ အမြဲလို ဗိုသီဖတ်သီဖြစ်နေတတ်တဲ့ သမီးငယ်ကို ရော မြ သဘောကျပါ့မလား။ နွဲ့သမီးပဲလေဆိုပြီး ကြည်ဖြူ လိုက်လျောခဲ့ရင်တောင် ဒီက မဖုရားလေးက လင်ယူ သား မွေးကိစ္စဆို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ကာ ရည်းစားပင် မထားသူမို့ စကားပြောလည်း ပိသလေးနှင့် ခေါးပစ် သလို။

"ဒါနဲ့ . . . နွဲ့သမီးငယ်လေး သည်းညှာရော အပျို ကြီးဖားဖား ဖြစ်ရော့မယ်နော်"

မြစကားကြောင့် အတွေးလွန်နေရာမှ လှစ်ခနဲ သတိဝင်ရသည်။

"ခုပဲ အဲဒီသမီးငယ်အကြောင်း စဉ်းစားနေတာ မြ ရော။ ငယ်ငယ်ကပဲ မြင်ဖူးတာမှတ်လား။ ခုနေ မြတွေ့ရင် မှတ်မိမှာ မဟုတ်ဘူး"

"အရမ်းလှလာတာပဲလား"

"အင်း . . . အဲ . . . လှပါတယ်။ အရမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ထွားလာတယ်လေ”

ရုတ်တရက် အင်း . . . အဲ . . . ဖြစ်သွားရတာ တခြားကြောင့်မဟုတ်။

လုလာတယ်လို့ပြောရမှာ ခက်သောကြောင့် တည်း။

သည်းညွှာက လှပေမယ့် မိတ်ကပ်၊ နှုတ်ခမ်းနီ ဝေးလို့ သနပ်ခါးပင် ပါးပေါ်မတင်။

ကျောင်းမှာ ဆရာမကဆူလိုက်၊ အိမ်မှာ သူမက အော်လိုက်နှင့်ပင် ဟိုဒီမကျ ဖရိုဖရဲပုံစံနှင့် အရွယ်ရောက် လာရသူဖြစ်သည်။

မန္တလေးမှာ မွေးပေမယ့် ညိုညက်ပြာစင်ကလေး တွေ မဟုတ်သော သမီးနှစ်ယောက်က ဖြူဖြူချောချော ကလေးတွေချည်းသာ၊ မန္တလာသွေးလည်း မပါ။

သည်းညွှာကျမှ တစ်မူထူးပြီး စကားပြောရင် ခင်ဗျားနဲ့ကျွန်တော်သုံးကာ အထက်အညာ လေယူလေ သိမ်းမျိုး ပေါ်လာသည်။



ပြင်နိုင်းလို့လည်း မရ။ ဒီမှာ အဆန်းမဟုတ်ပေ မယ့် ရန်ကုန်ရောက်ရင် လူရယ်စရာ နားကလောစရာကြီး တော့ ဖြစ်နေမှာမလွဲပင်။

“ဆည်းလည်းက အိမ်က သွန်းနဲ့မှ အတူတူထင် တယ်။ ဟယ် . . . ဘယ်ဟုတ်မလဲ။ သွန်းအခါလည်ကျော် မှ နွဲ့က ဆည်းလည်းကို လွယ်ထားတုန်းမှတ်လား”

“ဟုတ်တာပေါ့ မြရဲ့၊ ဆည်းလည်းက ခုမှ နှစ်ဆယ့် ငါး၊ သွန်းဆို နှစ်ဆယ့်ခြောက်ကျော်လို့ နှစ်ဆယ့်ခုနစ်ထဲ တောင် ရောက်ရောပေါ့”

“ဒါနဲ့ ဆည်းလည်းလေးရော ချစ်သူရည်းစားတွေ ဘာတွေ ရနေပြီလား”

“အဲဒါတော့ နွဲ့လည်း အတိအကျ မပြောတတ်ဘူး မြရယ်။ သမီးကြီးက လှတော့ ပိုးကြပန်းကြတဲ့သူတွေ အများကြီးပဲ”

မြထံမှ သက်ပြင်းချသံကြီးကို ကြားလိုက်ရသည်။ တကယ့် ယူကျုံးမရစိတ်ပျက်အားလျော့သွားသော အသံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ပင်။

"အဲလိုဆိုရင်တော့ ရည်းစားရှိဖို့ ခုနစ်ဆယ့်ငါး ရာနိုင်နှုန်း သေချာနေပါပြီ။ အငယ်လေး သည်းညွှာက ရော"

"သူ . . . သူကတော့ ရှိမယ်မထင်ဘူး မြ။ သမီး ငယ်က သမီးကြီးလောက် ထင်ထင်ပေါ်ပေါ်လည်း မနေဘူး။ အလှအပလည်း မပြင်ဘူးဆိုတော့လေ"

"အို . . . ဘာပဲဖြစ်ဖြစ် နွဲ့သမီးဆို လှပြီးသားပဲ နေမှာ။ ကိုခွန်လတ်ကလည်း ဖြူဖြူချောချော။ နွဲ့ကလည်း သိမ်သိမ်မွေ့မွေ့လေးပဲဟာ"

မြ ပြောသလို ကလေးတွေအဖေက ရှမ်းစစ်သူမို့ အသားအရေ အရပ်အမောင်းနဲ့ ရုပ်ရည်က ပြောစရာမလို။ အဖက်ဖက်က ပြည့်စုံတာမို့ ရန်ကုန်သူ နွဲ့ထက် ပိုချောပါ သည်။

ဒါကြောင့်လည်း သမီးလေးတွေ လှကြတာပါ။ သည်းညွှာအလှက မပြင်ပေမယ့် တစ်ခါတလေ





ထင်းခနဲပေါ်သည်။ သူ့အဖေနဲ့လည်း ပိုတူသည်။

နီရဲပြီး ဖူးဖူးပြည့်ပြည့်ဖြစ်နေတဲ့ နှုတ်ခမ်းနစ်လွှာနဲ့ ပန်းရောင်သမ်းသော အသားအရေက အအေးပိုင်းဒေသက တောင်ပေါ်သူလေးလိုပင်။

ဆည်းလည်းကျတော့ နွဲ့လို ပါးပါးလျားလျားနှင့် ဆွဲဆောင်မှုရှိအောင် လူတကာငေးကြည့်ချင်စဖွယ် ဖြစ်အောင် ပြင်တတ်ပေမယ့် နဂို မျက်ခုံးမျက်လုံး အရမ်းကြီး လှတာမဟုတ်။

ဒီလိုကွာခြားတာတွေ ရှိပေမယ့် အကြောင်းသိသူမှ ဘယ်သူ့အလှစစ်ဆိုတာ မှန်ရာပြောနိုင်ပေလိမ့်မည်။ ဒီအတိုင်းဆိုလျှင်တော့ ဆည်းလည်းက သည်းညွှာထက် အများကြီးသားနားလှပသည်။

"သွန်းရော ငယ်ငယ်ကလို ဖွတ်တရွတ် ဂျီကျ တတ်တုန်းပဲလား မြ"

"အမယ်လေး . . . ပြောချင်နေတာ နွဲ့ရေ။ မေးမှ မေးပါ့မလားလို့။ မြကတော့ ကိုယ့်သားကိုယ် အမွှမ်းမတင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အမှန်အတိုင်းပြောရမှာပဲ။ သွန်းက ငယ်ငယ်က ဂျိကျုံ့ကျတာ အစက ပိုဆိုးတယ်။ ပစ်ပစ်များတယ်။ ဇီဇာကြောင်တယ်။ စိတ်ဆတ်တယ်၊ တစ်ဖွတ်ထိုး၊ ခေါင်းမာပေကပ်တဲ့နေရာမှာ သူ့အဖေနဲ့ တစ်ထေရာတည်းပဲ၊ တကယ့်လူ့ခွစာလေး။ အသက်အစိတ်ကျော်လို့ သုံးဆယ်တွင်းဝင်မယ် မကြံသေးဘူး အဘိုးကြီးပေါက်စလေးကျနေတာပဲ။ ဘာမှ သူ့စိတ်နဲ့မတွေ့ဘူး။ မြလေ သူ့ကို လူပျိုကြီးဇာတာဝင်သွားမှာကြောက်လို့ အစွံထုတ်ပစ်ချင်နေတာ နွဲ့ရဲ့"

သူမက ပြောပြီး ဟက်ဟက်ပက်ပက်ရယ်သည်။ နွဲ့ကတော့ ဟောတော်လို့သာ ရေရွတ်လိုက်နိုင်တော့၏။ အပြီးသတ်တော့ သူ့မှာလည်း ကိုယ့်ထက်ဆိုးတဲ့ မီးခဲကလေးနှင့်ကိုးလို့ မှတ်ချက်ချယူရသည်။

"နွဲ့ သမီးအငယ်မလည်း ဘာထူးလဲ။ ဂျစ်ကန်ကန် မာကျောကျောနဲ့၊ ခုထိ ရည်းစားမရတာလည်း သူ့ အကြောတင်းလို့နေမှာ မြရဲ့၊ သူလည်း အပျိုကြီးများဖြစ်မလားမသိဘူး"

—မြှူးအေးသာ—



"ဟင်"

အချင်းချင်းတွေပဲ မထူးတော့ပြီမို့ ပြောချလိုက်သည့်အခါ မြက အံ့ဩသွားသည်။

"ဒါဖြင့် နွဲ့သမီးနဲ့ သားကို ပေးစားကြရအောင်။ ဘယ်လိုလဲ နွဲ့၊ သွန်းက တခြားလူနဲ့ ဆိုးပေမယ့် မြကိုတော့ ကန့်ကော့ မလုပ်ဖူးဘူး နွဲ့ရဲ့၊ ကျန်းမာရေးမကောင်းတဲ့အမေဆိုတော့လေ"

"မဖြစ်သေးပါဘူး မြရယ်။ သွန်းက နားထောင်တယ်ပဲထား။ အိမ်က သည်းညာက ရမှာမဟုတ်ဘူး။ ယောက်ျားလေးလိုပဲ ဝတ်တာစားတာဆိုတော့"

"ဒါဆို ဆည်းလည်းနဲ့ကွာ"

"ဩော် . . . မြရယ်"

အဲသလိုပဲ ညည်းလိုက်ချင်ပါတော့သည်၊

နွဲ့သမီးတွေထဲက ဘယ်သူရရဆိုတာမျိုးပါလား။

"ကလေးတွေချင်းပဲ ကြိုက်ကြပါစေဦးလား မြရယ်"

—မြှူးအေးသာ—

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုယ်တို့လည်း ဝိုင်းကြိုးစားမှ ဖြစ်မှာပေါ့ နွဲ့ရဲ့"

"ကောင်းပါပြီရှင်။ ကဲ . . . ဒါပဲနော် မြ"

ဒေါ်မြကြာခြည် ကျေနပ်နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ဖုန်းခွက်ကို ပုခက်ပေါ် ပြန်တင်လိုက်ပါသည်။

"သားသမီးအတင်းကို မေမေတို့က ပယ်ပယ်နယ်နယ် ပြောနေကြတာပဲနော်"

"ဟဲ့"

ရုတ်တရက် နောက်နားဆီမှ ကြားလိုက်ရသော အသံကြောင့် သူမ ပခုံးလေးတွန့်ခနဲဖြစ်သွားရသည်။

"သား . . . သြော် . . . မေမေက သား တရေးနေတယ်ထင်တာ"

သွန်း မျက်ခုံးပင့်ရင်း မေမေ့ရှေ့က ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သည်။ တစ်အိမ်လုံးမှာရှိသမျှ ဖုန်းတွေက လိုင်းခွဲတွေတပ်ထားတာမို့ ဘယ်နေရာက နားထောင် နားထောင် ရနေတာကို မေမေ သတိလက်လွတ်ဖြစ်စွာ ပြောခဲ့ပြီးမှ





ရှက်ပြုံးဖွဖွနှင့် . . .

"မေမေ့သူငယ်ချင်း နွဲ့နဲ့စကားပြောနေတာပါ သားရဲ့။ ဒီလိုပဲ စကားပြောတိုင်း သားရေး သမီးရေးက ပါနေကျ"

"ယုံပါတယ်။ မေမေနဲ့စကားလက်ဆုံကျတဲ့ သမီးရှင်တိုင်းနဲ့ ဒီလိုတွေချည်း ပြောနေမယ်ဆိုတာ"

"အို . . . ဒါတွေက စရဲ့ နောက်ရဲ့သပ်သပ်ပါ။ ခုဟာက အတည်။ နွဲ့သမီးတွေနဲ့ သားကို အတည်သဘောတူတာ"

"မေမေကလည်း ဖြူမှန်းမသိ၊ မည်းမှန်းမသိ၊ နပ်ရေးတွဲလောင်းဘဝက မြင်ဖူးထားတာ။ မှန်းပြီး အထင်ကြီးနေတယ် တကယ်ပဲ"

"အို . . . နွဲ့ကတော့ မေမေ့ကို ဘယ်တော့မှ မလိမ်ဘူး သား။ သူ့သမီးတွေ ဘယ်သူက ဘယ်လိုဆိုတာ မေမေ့ကိုပြောပြပြီးသား"

သွန်းလည်း ကြားလိုက်ပြီးပါပြီ။

"ဒါကြောင့် မေမေကလည်း သားဂုဏ်ပုဒ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြောလိုက်တယ်ပေါ့ . . . ဟုတ်လား"

"ဘာပဲဖြစ်ဖြစ် မေမေ့သား လူတော်လေးမှန်း လူတိုင်း သိတယ်။ ပြီးတော့ သားက နာမည်ကြီးစာရေးဆရာ။ ဘာအကြောင်းနဲ့မှ ငြင်းစရာမရှိဘူး။ ဥစ္စာပေါ ရုပ်ချောပဲဟာ"

"တော်ပါ မေမေရာ။ မေမေပြောတာနဲ့ သားတောင် ဘဝင်မြင့်ချင်လာပြီ"

"ဘဝင်မြင့်ချင်မြင့်လို့ရတယ်။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်တောင် အဖြစ်ရှိအောင် မယူနိုင်ဘဲနဲ့ သိပ်မမြင့်နဲ့ဦး"

သွန်းက မျက်ခုံးထူထူနှစ်ခုကို လက်မနှင့်ကုတ်ခြစ်လျက် ခေါင်းငုံ့ကာ ရှက်အမ်းအမ်းရယ်နေသည်။

"မယူနိုင်တာမဟုတ်ပါဘူး။ သားကိုယ်တိုင်က မလိုချင်သေးလို့ပါ မေမေရာ"

"ဩော် . . . အစွမ်းအစတော့ရှိတယ်ပေါ့လေ။ ဒီလိုလား။ ဒါဆို နွဲ့သမီးနှစ်ယောက်ထဲက မင်းလိုမျိုး အိမ်



ထောင်ရေးကိစ္စ စိတ်မဝင်စားဘူးဆိုတဲ့ အငယ်မလေးကို ရအောင် ယူပြပါလား။ ဘယ်လိုလဲ"

မေမေ့စကားက စသလိုလိုနှင့် စိန်ခေါ်သလို ခပ်တည်တည်ကြီးမို့ သွန်း နည်းနည်းတော့ ဖြုံသွားရပါသည်။ ခုနကတည်းက အန်တီနွဲ့ဒါလီပြောတဲ့စကားထဲမှာ အငယ်မက ဘယ်လိုအချိုးအချိုတ်ဆိုတာ သူ သိလိုက်ပြီးပြီ။ သူနဲ့ကတော့ ခပ်ဆင်ဆင်ပါပဲ။

"ကောင်းပြီလေ။ သား' ကြိုးစားကြည့်မယ်။ တကယ်လို့ မရဘူးဆိုရင်တော့ မေမေ ထပ်ပြီး မစီစဉ်ရတော့ဘူး။ ဘယ်လိုလဲ။ သား သွားအကဲခတ်မယ်"

"အို . . . သား စိတ်ဝင်တစားမေးတာကိုပဲ ဝမ်းသာနေပြီ"

"အိမ်ထောင်ရေးကို စိတ်မဝင်စားတဲ့လူကို တကယ်လား၊ ဟန်ဆောင်နေတာလား သိအောင် သား ကြိုးစားပြမယ်။ ဒါပေမဲ့ သားရင်မခုန်ရင်တော့ လုံးဝ ဆောရီးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အိုခေလေ . . . ဟိုကတစ်မျိုးတစ်မည် ပြောင်းလဲရင်တော့ သားကို မေမေ အရှုံးပေးလိုက်မှာပဲ။ ယူတာ မယူတာ သားသဘော"

တကယ်တော့ သူမလည်း ဒီလောက်မနုံပါ။ တစ်ချက်စုတ် သုံးချက်လောက်ပြတ်အောင် စိတ်ကူးထားပြီးသားပင်။

သားကိုယ်တိုင် မန္တလေး သွားမယ်ဆိုတာပင် ဝမ်းသာလှပြီ။

"ဒါနဲ့ သားက မန္တလေးကို စာရေးဖို့ဆိုပြီး သွားမှာလား"

သွန်းက လက်ပိုက်လျက် ဆိုဖာပေါ်မှာ လျော့ရဲရဲ မှီချထိုင်နေရင်းမှ ခေါင်းယမ်းပြ၏။

"မဟုတ်ဘူး။ အန်တီနွဲ့ကို မေမေ ဖုန်းဆက်ထား။ အိမ့်ဆည်းလည်းကို လက်ထပ်ချင်လို့ သားကိုယ်တိုင်လာ တွေ့မယ်ဆိုတဲ့အကြောင်း။ အဆင်ပြေရင် တစ်ခါတည်း စေ့စပ်ခဲ့မယ်လို့"



"ဟဲ့ . . . သားပြောတော့ သည်းညှာဆို"

"သားပြောသလိုသာ လုပ်ပေးပါ မေမေရာ။ လောလောဆယ် မေမေ့ခေါင်းထဲမှာ အိမ့်ဆည်းလည်းဆို တဲ့ နာမည်ပဲ ထည့်ထား"

"အေး . . . အေးပါ။ ဘယ်သူရရပေါ့"

ဒေါ်မြကြာဖြူ ခေါင်းတညိတ်ညိတ် ဝမ်းမြောက် နေသလို ချက်ချင်းပြောင်းလဲတတ်သော သားစိတ်ကိုလည်း နားမလည်နိုင်စွာ အံ့ဩနေမိ၏။

သားဟာ စာရေးဆရာပီပီ အရာရာကို စိတ်ကူး ယဉ်ဆန်ဆန် တွေးတောဆုံးဖြတ်တတ်တာကိုလည်း သတိ ရလိုက်သည်။

သွန်းကတော့ မျက်မှောင်ကြီးကို တွန့်ချိုးထားပြီး တစ်စုံတစ်ခုကိုသာ လေးလေးနက်နက် စဉ်းစားရင်း ငြိမ် သက်နေ၏။

လတ်တလောမှာ မေမေက ဘယ်သူရရဆိုပေ မယ့် သွန်းက ဘယ်သူ့ကိုမှစိတ်ကူးရေးခုန်ခြင်း မရှိသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားဖွယ်ပဟေဠိတစ်ခုကို တွေးတောရသလို စိတ်လှုပ်ရှားမှုတော့ ရှိနေပါသည်။

မကြာခင်မှာ ထိုပဟေဠိ ကစားပွဲလေး စတင်ရတော့မည်။





## အခန်း ( ၂ )

"မေ . . . ညှေ့သည်"

မမအိမ့်အသံကြောင့် မေ့ အခန်းထဲမှ ကပျာကယာပြေးထွက်လာခဲ့သည်။

အိမ်နေရင်းမို့ စပန့်ဘောင်းဘီအပြာပွပွကြီးနှင့် စပို့ရှပ်အဖြူ ခါးရှည်ပွပွကြီးက ဖရိုဖရဲ မျက်စိနောက်စရာ။

"ဘယ်မှာလဲ မအိမ့်"

"ခြံထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

မေးခွန်းတွေ ထပ်နေတာကြောင့် မမအိမ့်က လက်သည်းဆေးဆိုးနေရင်းမှ မျက်မှောင်ကြုတ်လျက် မော့ကြည့်သည်။

"ကိုယ့်ဘာသာ နှစ်လှမ်းလောက်ထွက်သွားကြည့်လည်း မြင်ရမယ့်ဟာကို လာမေးနေတယ်။ ခု ရောက်နေတာ လင်းသီဟ"

"ဩော်"

မေ့နှာခေါင်းလေးတွန့်လျက် မမအိမ့်ကို ချစ်စနိုးရယ်ပြခဲ့ရင်း အိမ်ထဲစီးသည့် ဖိနပ်ကလေးကို ကန်ချွတ်ပစ်ခဲ့ကာ မြံထဲစီးဖိနပ်ကို အပြေးအလွှားစီးလျက် ထွက်လာတော့ ဒန်းပေါ်မှာ ဂစ်တာတစ်လက်နှင့် ငြိမ့်နေသည့် လင်းသီဟကို တွေ့လိုက်ရ၏။

"ဟော့ကောင် . . . စောစောစီးစီးပါလား"

လင်းသီသက မေ့ကိုလှည့်ကြည့်ပြီး . . .

"မစောတော့ပါဘူးကွာ။ နာရီလည်း ပြန်ကြည့်ပါ





ဦး။ ဒါနဲ့ မအိမ့်ရော"

"ဘာလုပ်မလို့လဲ။ မင်းက ငါ့ဆီလာတာမဟုတ်ဘူးလား"

မေ့ရဲ့ မျက်ခုံးရှုံ့ရှုံ့ မျက်မှောင်ကြုတ်ကြုတ် ဂျစ်ကန်ကန်ပြောပုံလေးကြောင့် လင်းသီဟက ရယ်မောရင်း

"မဟုတ်ပါဘူး။ ခြံထဲဆင်းမလာလို့ မေးကြည့်တာ။ အိမ်ထဲငြိမ်ကုပ်ပြီး ဘာတွေလုပ်နေတာလဲ။ ငါ့တောင်မော်မကြည့်ဘူး"

"ကြည့်စရာလား"

မေ့ရဲ့သဝန်ကြောင်အူတိုနေပုံကြောင့် လင်းသီတက သဘောတကျရယ်နေ၏။

မေ့က မမအိမ့်ကို အရမ်းချစ်ပြီး ဘယ်သူနဲ့မှ မကြည်ဖြူနိုင်လောက်ပင်။ လင်းသီဟကျတော့ သူ့အလိုကိုလိုက်ပြီး ကပ်ပေါင်းနေတာမို့ ဘာမှမပြောပေမယ့် အလိုမကျရိပ်တော့ သိသိသာသာပြသည်။

ဒါပေမဲ့ မမအိမ့်က မေ့ဘယ်လောက်တန်ဖိုးထား



www.burmeseclassic.com

www.burmeseclassic.com



ထား သိပ်တော့ မြတ်နိုးချင်စရာမဟုတ်။ မက်မောချင်လောက်အောင် လှပနေတာပဲရှိသည်။ လင်းသီဟက သူတို့ညီအစ်မနှင့်ပတ်သက်ပြီး အားလုံး အတွင်းသိ အစင်းသိ။

တကာယ်တန်ဖိုးရှိတာ သူ့ရှေ့က ဗရုတ်မလေး မေ့ပင်။

"ကဲ . . . ဂစ်တာကြိုးညှိတာ မပြီးတော့ဘူးလား"

"ပြီးပါပြီကွာ . . . ရော့"

မေ့ သူ့လက်ထဲက ဂစ်တာကိုဆွဲယူပြီး ရင်မှာပိုက်ကာ ဂစ်တာကြိုးတွေပေါ် လက်ဖျားလေးတင်ရုံရှိသေး ခြံထဲသို့ ဝေါခနဲ မောင်းဝင်လာသော ကားတစ်စီးကြောင့် ခေါင်းထောင်ကြည့်လိုက်မိ၏။

"ဟော . . . ဒေ့သည်ထင်တယ်"

မေ့ ဇဝေဇဝါမျက်မှောင်လေး ကြုတ်ထားရာမှ တစ်စုံတစ်ခုကို သတိရသလို မျက်လုံးလေးပိုင်းသွားရသည်။

"ဟဲ့ . . . ဒါ . . . ဒါ . . . ငါ့အစ်မနဲ့ စေ့စပ်မယ်ဆိုတဲ့လူများလား မသိဘူး"

မျှဝေသော



"ဟင် . . . ဟုတ်လား"

သူမစကားကြောင့် လင်းသီဟလည်း လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားရသည်။

"ဟုတ်မယ် ထင်တယ်။ ရန်ကုန်ကတဲ့။ စာရေးဆရာ သွန်းဆက်မိုးဆိုတာ နင်ကြားဖူးလား"

"ဟာ . . . ကြားဖူးတာပေါ့။ ငါက သူ့ပရိသတ်ပဲဟာ။ မအိမ့်နဲ့စေ့စပ်မှာ အဲဒီစာရေးဆရာလား"

"အေး"

"ဟား . . . မိုက်တယ်။ ငါ သွားမိတ်ဆက်လိုက်ဦးမယ်"

"ဟာကွာ . . . မသွားစမ်းပါနဲ့။ နောက်လည်း သိရမယ့်ဟာ။ ကိုယ်က အောက်ကျို့ပေးပြီး သွားနှုတ်ဆက်ရင် ပိုပြီးဘဝင်လေဟပ်သွားဦးမယ်။ ကိုယ့်အလုပ်ကို ကိုယ်ဆက်လုပ်မယ် . . . လာ"

ဘာရယ်ကြောင့်မသိ။

ရန်ကုန်ကရောက်လာမယ့် မေမေ့သူငယ်ချင်းရဲ့

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



သား စာရေးဆရာဆိုသူကို မေ့ သိပ်အစာမကြေချင်ပါ။

ဘယ်လိုလူစားမှန်း မသိရသေးဘဲ ကြို့ပြီး အမြင်ကပ်နင့်နေသလို အထင်လည်း မကြီးချေ။

"မေ့ မင်းပုံစံက မအိမ့်ကိုနမြောနေပုံပဲ"

"နမြောတာပေါ့ကွ။ ငါ့မှာ ဒီအစ်မတစ်ယောက်တည်း ရှိတာ"

မေ့စကားအဆုံး လင်းသီဟာက နှာခေါင်းတစ်ချက်ရှုံ့သည်။ မေ့ကသာ နမြောနေတာ။ တကယ်တော့ မအိမ့်က နမြောစရာကောင်းသော အစ်မမျိုးလည်းမဟုတ်။ အငယ်ဖြစ်သော မေ့ရဲ့အနွံတာ သည်းညည်းလည်း ခံသူမဟုတ်။

မေ့ကသာ မအိမ့်ဆိုးသမျှ နွဲ့သမျှ အပျင်းကျသမျှတွေကို ဒိုင်ခံခါးစည်းခံရတာဖြစ်သည်။

သူမ ချွတ်သမျှအဝတ်တွေ လိုက်သိမ်း လျှော်၊ မီးပူတိုက်၊ သန့်သန့်ရှင်းရှင်းထားပေးရပြီး သူမစားချင်တာမှန်သမျှ ဖွယ်ဖွယ်ရာရာလုပ်ကျွေးရတာလည်း မေ့ပင် ဖြစ်သည်။



အဲလို အစ်မမျိုးကိုမှ မေ့က မြတ်မြတ်နိုးနိုး ချစ်ပါသည်ဆိုသောကြောင့်။

"ဟေ့ကောင် . . . ဘာငိုင်နေတာလဲ"

"ဩော် . . . ဘာမှမငိုင်ပါဘူး။ သီချင်းဆိုမယ့် ဟာဆိုလေ"

လင်းသီဟာက တက်တက်ကြွကြွပြောလိုက်တော့ မေ့က စိတ်ကျေနပ်ဟန်နှင့် ခေါင်းလေး တဆတ်ဆတ်ညိတ်ပြီး အိမ်ဘက်သို့ တစ်ချက်လှမ်းမျှော်ကြည့်လိုက်ကာ ရူရူညည်နှင့် အော်ဆိုလို့ကောင်းသော သီချင်းတစ်ပုဒ်ကို Intro စဝင်လိုက်ပါသည်။

"× × × နှစ်ယောက်တည်းပဲ နေချင်ပြီလို့ မင်းက ပြောတော့ × × ×

ငါ လက်တွေ့ကျကျစဉ်းစားကြည့်ဖို့ လိုလာပြီပေါ့ × × × နင် စိတ်ကူးထားတာတွေဟာ × × × ဘယ်လိုမျိုးလဲ × × × ဖမ်းဆုပ်မရတဲ့ အိပ်မက်ဘဝတစ်ခု နင် လိုချင်ခဲ့ × × ×"

www.burmeseclassic.com

www.burmeseclassic.com



မေ့တစ်ယောက်တည်းဆိုနေပြီးမှ နောက်တစ်ပုဒ်ရောက်တော့ လင်းသီဟကပါ သံပြိုင်လိုက်အော်ပေးသည်။

"အတွေးထဲမှာတော့ ××× မီလျံနာကြီးပဲ ××× ဟိုနားဒီနားကိုသွားရင် မာစီးဒီးနဲ့ ××× အင်းလျားမြိုင်ထဲမှာ ခြံအကျယ်ကြီးရယ် ×××

မင်္ဂလာဆောင်ကို ရွှေ့လိုက်တော့ ×××

ငါ သူဌေးကြီးဖြစ်မယ့်အချိန်ကို စောင့်လိုက်ပါတော့"

နှစ်ယောက်သား ထိုနေရာကိုပဲ ထပ်ကာ ထပ်ကာ ကျော့ပြီး တခိခိသဘောတွေကျနေတော့၏။

မင်္ဂလာဆောင်ကို ရွှေ့လိုက်တော့ဆိုသည့်နေရာမှာ သံကုန်ဟစ်အော်ရတာ ဘယ်လိုအရသာတွေမှန်းမသိ။

"တော်ပြီ မေ့၊ တော်ကြာ အန်တီ ငါတို့ကိုလာဆူနေဦးမယ်၊ ညည်းသည်ရောက်နေတာကို အလိုက်ကန်းဆိုးမသိရကောင်းလားဆိုပြီး"

"ကြောက်လို့လား"

---



"ဆိုပါတော့၊ ညည်းသည် အထင်သေးသွားမှာလည်း ကြောက်တယ်လေ"

လင်းသီဟစကားကြောင့် မေ့ပခုံးတစ်ချက် တွန့်ရင်း ဂစ်တာကို ဘေးမှာ အသာထောင်ထားလိုက်သည်။ ထိုစဉ်မှာပဲ ဆင်ဝင်အောက်မှာ ရပ်ထားတဲ့ အနက်ရောင်ကားမြင့်မြင့်ကြီးထဲမှ ခပ်ညက်ညက်စက်သံနှင့်အတူ ဘက်ဆုတ်ပြီး ထွက်လာတာတွေ့လိုက်ရတာမို့ သူတို့နှစ်ယောက် ခေါင်းလေးတွေမော့ပြီး လိုက်ကြည့်မိကြ၏။

မှန်အနက်ရောင်တွေ အလုံပိတ်တင်ထားတာမို့ မောင်းသူနေရာမှာ ထိုင်နေတဲ့လူပုံစံကို ရှိုးတိုးရိပ်တိတ်လေးသာ မြင်ရလေသည်။ ထိုကားကြီး ခြံထဲက ဝေါခနဲကွေ့ဝိုက်မောင်းထွက်သွားတော့ လင်းသီဟက မျက်စိတဆုံးလိုက်ကြည့်ပြီး . . .

"ကားကြီးကတော့ ပျံလန်နေတာပဲကွ၊ နံပါတ်ကလည်း ၉/ခ ဆိုတော့ ခပ်နိမ့်နိမ့်တော့ မဟုတ်ဘူး။ လူပုံစံမမြင်လိုက်ရတာပဲ ဆိုးတယ်"

---

www.burmeseclassic.com

www.burmeseclassic.com



မေ့က နှာခေါင်းလေးကို လက်မနှင့် တစ်ချက်ထောက်ကာ ပွတ်လိုက်ပြီး ခပ်မဲ့မဲ့ပြုံးလိုက်မိ၏။

“တော်စမ်းပါ။ စာရေးဆရာဆိုတာမျိုးက မင်းသားလို ချောမလားကွ။ မျက်မှန်ကြီးနဲ့၊ နှုတ်ခမ်းမွေးစစနဲ့ ပုံတုံးကြီးပဲနေမှာပေါ့”

လင်းသီတာက မေ့စကားကို သိပ်လက်မခံချင်။

“မေ့ကလည်း မအိမ့်နဲ့တောင် စေ့စပ်မယ့်လူဆိုတော့ အဲလောက်ပုံဆိုးပန်းဆိုးကြီး မဖြစ်နိုင်ပါဘူး”

“မင်းက ဘယ်လောက်သိလို့လဲ။ ဟိုးရန်ကုန်ကနေ ဒီမန္တလေးအထိ မိန်းမလာတောင်းရတယ်ဆိုမှတော့ မင်း ဒါသုံးပြီး စဉ်းစားကြည့်ပေါ့”

မေ့က နားထင်မှာလက်ညှိုးကလေးထောက်ရင်း ခေါင်းကို ဘယ်ညာငဲ့ကာ အထင်မကြီးလေဟန် မဲ့ရွဲ့ပြောလိုက်လေလျှင် တုဖက်မပြောရဲသည့် လင်းသီတာမှာ သက်ပြင်းဖွဖွရှိုက်ပြီး ငြိမ်သက်သွားရှာ၏။

လင်းသီတာပြန်သွားတော့ မေ့ အိမ်ထဲဝင်လာခဲ့



သည်။ မမအိမ့်နှင့် မေမေက ဧည့်ခန်းထဲမှာ တစ်စုံတစ်ရာကို ခေါင်းချင်းဆိုင်ဆွေးနွေးနေကြတုန်းပင်။

မမအိမ့်က မျက်မှောင်ကြီးတွန့်ချိုးပြီး မျက်နှာမကြည်မလင်နှင့် ရှိနေတာမို့ မေ့ အခြေအနေကို သဘောပေါက်သွားရသည်။

ဧကန္တ စာရေးဆရာလူကြီးကို မမအိမ့် မကြိုက်ဘူးထင့်။ အေးလေ . . . ကြိုက်ချင်စရာရှိမှလည်း ကြိုက်ရပေမပေါ့။ မမအိမ့်ဘေးမှာ အလန်းဇယားတွေ ပတ်လည်ဝိုင်းနေတာ၊ ခေါင်းခေါက်ရုံမဟုတ်၊ နားရင်းအုပ်ပြီးတောင် ရွေးလို့ရသေး။

အခုချိန်ဆို တစ်ယောက်ယောက် ရွေးပြီးချင် ပြီးနေမှာ။

“အလုပ်ရှုပ်တယ်”

မေ့အိမ်ထဲဝင်ဝင်ချင်း မမအိမ့်ထံမှ တစ်ခွန်းတစ်စ ထွက်လာသောစကားကြောင့် မေမေက မျက်စောင်းရွယ်ရင်း မေ့ကို အလျင်စလို မေ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မအိမ့် ခုနလာတာ ရန်ကုန်က ဟိုလူမှတ်လား"

မမအိမ့်က ခေါင်းညိတ်ပြသည်။ မေမေကလည်း နှုတ်ဆိတ်နေ၏။

ထူးတော့ ထူးဆန်းပါသည်။

ဘယ်ကညှို့သည်လာလာ အိမ့်ဆည်းလည်းနဲ့ မေ့သည်းညှာဆိုတဲ့ သမီးနှစ်ယောက်ကို ချောင်ကြိုချောင်ကြားရောက်နေလျှင်တောင် လက်ဆွဲခေါ်ထုတ်ပြီး "ဒါက သမီးကြီးလေ။ ဒါက သမီးငယ်လေဆိုပြီး" ထုတ်ဖော်ကြွားဝါတတ်သော မေမေက သည်တစ်ခါတော့ ငြိမ်ချက်သားကောင်းနေ၏။

မမအိမ့်နှင့်လက်ထပ်မည့် အထူးညှို့သည်ကိုတော့ မေ့နှင့် မိတ်ဆက်မပေး။

မေ့ကလည်း သိပ်တော့ဂရုမစိုက်ပေါင်။

အစဉ်အလာပျက်လို့ အမှတ်တမဲ့ သတိရလိုက်တာပဲ ရှိသည်။ မေမေရော မမအိမ့်ပါ အထူးငြိမ်သက်နေပုံထောက်လျှင် ဟိုလူက ဘာတွေများပြောသွားပါလိမ့်။

ရွှေဥဒေါင်း



"ဘာပဲဖြစ်ဖြစ် မြရဲ့သားဆိုတော့ မေမေ့ဘက်က ဘာအကြောင်းနဲ့မှ ငြင်းစရာမရှိဘူး သမီး။ ခုနပြောထားသလိုပဲ ဒီရက်ထဲ သူ မန္တလေးမှာပဲရှိနေဦးမှာ။ သမီးဘက်က နေတာထိုင်တာ သွားတာလာတာ ဆင်ခြင်နော်။ သူ့သဘောထားကိုလည်း ပွင့်ပွင့်လင်းလင်းပြောသွားပြီပဲ။ မေမေ မျက်နှာမပျက်ချင်ဘူး"

စကားအဆုံး မေ့ကိုပါ တစ်ချက်ငေ့ကြည့်ပြီး မေမေက ထသွားသည်။

မေ့ ဟိုက်ရှားပါးလို့ စိတ်ထဲက ကျိတ်ပြီး တလိုက်မိသည်။

မမအိမ့်တစ်ယောက် သနားစရာ။ ကိုယ် မချစ်မနှစ်သက်တဲ့ယောကျ်ားတစ်ယောက်ကို ယူဖို့ ခုကတည်းက ကြိုတင်ပြီး ပုံစံယူနေရပြီ။

လက်ထပ်ဖို့ ဘယ်လိုများစခန်းသွင်းလေ့ကျင့်ရဦးမှာပါလိမ့်။

"မအိမ့်"

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



မရဲတရဲလေး ခေါ်လိုက်တဲ့ မေ့အသံကြောင့် မမအိမ့်က မျက်ခုံးပင့် မျက်လုံးလှန်ကြည့်သည်။

"ဘာလဲ"

"အဲဒီ သွန်းဆက်မိုးဆိုတာ ချောလား"

မေ့စကားကြောင့် မမအိမ့်က မျက်မှောင်ကြုတ်ပြီး နှာခေါင်းရှုံ့ပြသည်။

"သိပါဘူး။ စိတ်မဝင်စားလို့ သေချာမကြည့်လိုက်မိဘူး။ အရပ်မြင့်တာရယ်၊ မျက်နှာမှာ ပါးမြိုင်းတွေ၊ နှုတ်ခမ်းမွေးတွေရှိတာရယ်ပဲ မှတ်မိတယ်။ နှာခေါင်းကတော့ ချွန်တယ်ထင်တာပဲ။ မျက်ခုံးမျက်လုံးက မည်းမည်းကြီး"

"အဟိ"

"ဟဲ့ . . . ဘာရယ်တာလဲ"

"သေချာမကြည့်ပေလို့ပဲ။ အကုန်အလွတ်ရနေတယ်နော်။ မျက်ခုံးမျက်လုံးက မမည်းလို့ ဘာရောင်ဖြစ်နေရမှာလဲ"

"အို . . . ဒါတော့ သူများထက် ပိုမည်းတယ်လို့ပြောတာ။ နှုတ်ခမ်းက ထူထူခပ်ရဲရဲနဲ့။ မသိဘူး ဘယ်လိုပုံမှန်း မသိဘူး။ စကားပြောတာလည်း မာရေ ကျောရေနဲ့"



မေ့မျက်နှာက ပိုပြီးရှုံ့မဲ့သွားရသည်။

"ရုပ်က မည်းမည်းသဲသဲ၊ စကားပြောတာက မာရေကျောရေ။ ဒီကြားထဲ အမွေးအမှင်တွေက ထူလိုက်သေးဆိုတော့ ဘာကောင်းတာရှိလဲ။ လူမိုက်ပုံကြီးပေါ့ ဟုတ်လား မအိမ့်"

"အေး . . . ငါတော့ အဲလိုထင်တာပဲ။ စာရေးဆရာတဲ့ဟာယ်။ တစ်စက်ကလေးမှ စာသမား ပေသမားရုပ်မပေါက်ဘူး။ ဂျစ်ကန်ကန် မိုက်တူးတူးနဲ့"

"ဒါဆို မအိမ့် ငြင်းလိုက်ပြီပေါ့ ဟုတ်လား"

မြူးစစနှင့်မေးလိုက်သော မေ့ရဲ့မေးခွန်းကို မမအိမ့်က နားထောင်ပြီး ချက်ချင်းပင် မျက်လုံးအဝိုင်းသားနှင့် ခေါင်းခါပြပါ၏။

"ဟင့်အင်း . . . မေမေက မငြင်းရဘူးတဲ့"

"ဟာ . . . ဒါဆို"

www.burmeseclassic.com

www.burmeseclassic.com



မေ့စကားမဆုံးခင် မမအိမ့်က လက်ကလေး ထောင်ကာ . . .

"လက်ခံလိုက်ရတာပေါ့ မေ့ရဲ့၊ သူက နာမည်ကြီး စာရေးဆရာ၊ ပိုက်ဆံလည်းရှိတယ်။ မေမေ့သူငယ်ချင်းရဲ့ သား၊ မကြိုက်ပေမယ့် ငြင်းစရာလည်း မရှိဘူးလေ"

"ဟာ . . . မအိမ့်က မရိုက်ပါဘူးကွာ၊ အဲဒါနဲ့ပဲ ကိုယ်မချစ်တဲ့လူကြီးကို အဖတ်တင်ခံပြီး ယူဦးမယ်"

မေ့ရဲ့စူပုပ်ပုပ်အပြောကြောင့် မမအိမ့်က ဟက်ခနဲ ရယ်ချလိုက်ရင်း မေ့ပါးလေးကို ချစ်စနိုးလိမ်ဆွဲ၊ မေ့ဆံပင် တိုတိုဖွာဖွာလေးတွေကို ဆွဲဖွကာ . . .

"လက်ခံဖို့အကြောင်းကဖန်လာတာကိုး ညီမလေး ရဲ့၊ နင် ဘာမှ မသိပါဘူး မေ့ရယ်"

ဟုပြောပြီး ဆက်ရယ်နေလေသည်။

ဘယ်လိုကြီးလဲ၊ မမအိမ့်က ဘာအထာကြီးလဲ၊ မေ့ ဘာကိုမှ နားမလည်စွာ ငေးမောရင်းပင် . . .





## အခန်း ( ၃ )

မမအိမ့်ကတော့ မေ့ ဘယ်လိုမှ လိုက်မမီအောင် ကို ပြောင်းလဲနေတာဖြစ်သည်။ ဘာပုံမှမလာလို့ စိတ်မဝင် စားဘူးလည်း ပြောသေးရဲ့၊ ခုတော့ သူပဲ အဲဒီလူကြီးနဲ့ ဘုရားလည်းသွား၊ ဈေးချိုလည်းပတ်၊ ပြင်ဦးလွင်အထိ နေ့ ချင်းပြန်တက်နဲ့ လမ်းတွေများနေလိုက်တာ အိမ်ကို မကပ် တော့။

မေ့သူငယ်ချင်းတွေကတောင် မေးကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မေ့ . . . နင့်မမ လက်ထပ်တော့မှာဆို"

"နင်တို့ဘယ်သူပြောလဲ။ ဟိုကောင် လင်းသီဟ မှတ်လား"

"အင်း . . . သူလည်းပြောတယ်။ ပြီးတော့ နင့်မမ ကိုယ်တိုင် အဲလူနဲ့ ဟိုဒီတွဲသွားနေတာ ငါတို့တွေ့နေရတာ ပဲ"

သူတို့စကားကြောင့် မေ့ အံ့သြသွားရသည်။ မေ့ ပင် ကိုယ့်ခဲအိုလောင်းကို ဟုတ်တိပတ်တိမမြင်ဖူးသေး။ သူ ကလည်း မေ့ရှေ့သို့ လုံးဝတော့တော့ဆိုင်ဆိုင် ရောက်မလာ။

မေ့ကလည်း ဘာသိဘာသာဆိုတော့ သူ့ကားသံ အဝင်အထွက် ကြားနေရတာပဲရှိ၏။ ရုပ်ကိုတော့ အဝေးက သာ ရိပ်ဖမ်းသံဖမ်းလောက် မြင်ဖူးသည်။ အရပ်ကြီးမြင့်မြင့် ဒေါင်ကာ ခပ်လွှင့်လွှင့်နှင့် ဆံပင်ဘုတ်သိုက် ညှည်းသိုးသိုး ကြီးရယ် မျက်နှာပေါ်က အမွေးအမှင်ထူလဗျစ်ကြီးရယ်က စိတ်ဝင်စားစရာ မရှိသော ကြောက်ခမန်းလိလိပုံစံကြီးမို့ အရေးတယူ မကြည့်မိပါချေ။

ရွှေအသာ



နောက်ကျောကချည်း ကြည့်လျှင်တော့ စိတ် ချမ်းသာစရာကောင်းစွတည်း။ ဒါပေမဲ့ သူက စာရေးဆရာ ဆိုတဲ့ဂုဏ်နဲ့မို့ မေ့ နည်းနည်းတော့ ရှိန်ရပါသည်။

"ငါလည်း သေချာမသိသေးပါဘူးဟယ်။ တွဲသွား တယ်ဆိုတာလည်း သူက ဧည့်သည်ဆိုတော့ မအိမ့်က လိုက်ပို့ရတာမျိုးပါ။ သူက ဒီကို စာရေးဖို့လာလေ့လာတာ လည်း ပါမှာပါ။ ဟိုကိစ္စသပ်သပ်တော့ မဟုတ်ပါဘူး"

မေ့က ဘယ်လိုပဲ မြွမသေတုတ်မကျိုးဖြေဖြေ အားလုံးက ယုံကြည်ဟန်မပြ။

"ဘာပဲဖြစ်ဖြစ် စာရေးဆရာသွန်းဆက်မိုး အကြောင်း ငါတို့လည်း နည်းနည်းပါးပါး ကြားဖူးနားဝရှိပြီး သားပါ မေ့ရယ်။ တစ်ဦးတည်းသော သား။ ချမ်းသာတယ်။ ရုပ်လည်းဖြောင့်တယ်။ ခပ်မိုက်မိုက်စတိုင်(လ်)နဲ့လေ။ နင့် မမတော့ ကံကောင်းတာပဲ။ မင်္ဂလာဆောင်ရင် ငါတို့ကို ဖိတ်နော်"

ကာယကံရှင်က အတည်မပြုရသေးခင် သူတို့ကို

ရွှေအသာ

www.burmeseclassic.com

www.burmeseclassic.com



ချည်း တစ်ဖက်သတ် ပိုင်းသေးရှာနေတာမို့ မေ့ ဘာပြောရမှန်းမသိတော့။ ရှင်းရှင်းပဲ ဝန်ခံရလျှင် မေ့က စာသိပ်မဖတ်တော့ သွန်းဆက်မိုး နာမည်ကြီးတာတွေ ဘာမှမသိ။ ပြီးတော့ သူတို့က အားကျအထင်ကြီးတဲ့ပုံစံလေးတွေနှင့် ပိုင်းမေးလာတာမို့ မေ့ ဘဝင်မြင့်ချင်သလိုလိုတောင် ဖြစ်ရသည်။

ကိုယ့်အစ်မ ကောင်းစားသွားလျှင် မေ့လည်း စိတ်ချမ်းသာပျော်ရွှင်ရမှာပင်ဖြစ်သည်။ ဒါကြောင့် ဇဝေဇဝါပုံစံဖျောက်ပြီး အသေအချာပုံစံပေါက်အောင် "ဗိတ်မှာပေါ့။ ဘယ်သူက အရန်လုပ်၊ ဘယ်သူက ပန်းကြဲ" ဆိုပြီး နေရာတွေ ချကာ ဖောရှောလုပ်ပစ်လိုက်သေးသည်။

အိမ်ပြန်ရောက်ချိန်မှာတော့ မေ့ သူငယ်ချင်းတွေ မေးလိုက် မြန်းလိုက် ပြောလိုက်တာတွေကို အားပါးတရ ဖောက်သည်ချဖို့ မမအိမ့်အခန်းဆီသို့ ဝုန်းဒိုင်းကြဲပြေးလာမိသည်။

"မအိမ့် . . . မအိမ့်ရေ . . . ဟာ"



မှန်တင်ခုံရှေ့မှာ တောင့်တောင့်မတ်မတ်လေးထိုင်နေသော မမအိမ့်ကို နောက်ကျောမှ ဖျတ်ခနဲတွေးမွေ့သိုင်းဖက်လိုက်ပြီးမှ ညှိုးငယ်နွမ်းလျနေသော မျက်နှာလေးကို မှန်ထဲကတစ်ဆင့် မြင်လိုက်ရတာမို့ ရင်ထဲ ဟာသွားမိသလို အံ့လည်းအံ့ဩသွားရ၏။

"မ . . . မအိမ့် ငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်"

ညှိုးဖျော့နွမ်းမှိန်နေသည့် မျက်ဝန်းလေးတွေက ဖြူတော့မည့်မိုးလို စိုစွတ်ရစ်သိုင်းနေရာက မေ့ရဲ့ ကရုဏာမေးခွန်းသံလေးကြောင့် မျက်ရည်တစ်စက ပေါက်ခနဲ လိမ့်ဆင်းပြုတ်ကျလာတော့၏။

"အဟင့် . . . ဟင့် . . . မမေးပါနဲ့ မေ့ရယ်၊ မအိမ့်ကို ဘာမှမမေးပါနဲ့"

အဲလိုပြောလေ မေ့ရင်ထဲက စိုးရိမ်ရေမှတ်က ပိုမိုမြင့်တက်လာလေပင်။

"မမေးလို့ ရမလား၊ မေ့မှ မဟုတ်ဘူး မေမေတွေ့ရင်လည်း အကျိုးအကြောင်းမေးမှာပဲ၊ ဘာဖြစ်တာလဲ

www.burmeseclassic.com

www.burmeseclassic.com



မအိမ့်ရယ်။ မေ့ကို ပြောစမ်းပါ။ ရင်ထိတ်အောင် မလုပ်ပါနဲ့"

"ဟင့်အင်း . . . မအိမ့်အကြောင်းနဲ့ မအိမ့်ပဲ ရှိပါစေတော့။ ဘာမှမမေးပါနဲ့"

မမအိမ့်က တသိမ့်သိမ့်ခေါင်းငုံ့ရှိုက်နေတော့ မေ့မှာ ဘာမှန်းလည်းမသိဘဲ ဝမ်းနည်းစိတ်ဝင်ကာ ရင်ထဲ တစ်ဆို့ဆို့မွန်းကျပ်ကျပ်ကြီးပင် ဖြစ်လာရတော့၏။

"ခုမှတော့ ငိုမနေနဲ့တော့ သမီးကြီး။ ညည်းကို မေမေ ဘာပြောခဲ့သလဲ။ အနေအထိုင် အသွားအလာ ဆင်ခြင်ပါလို့။ သွန်းစိတ်ဓာတ်ကိုလည်း သိသင့်သလောက် သိထားပြီးနေမှ . . . ကျွတ်"

စိတ်ပျက်သံနှင့် ဝင်ပြောလိုက်သော မေမေ့စကားကြောင့် မေ့ ခေါင်းလေးလည်ပြီး ဘုမသိ ဘမသိ လိုက်ကြည့်ရပြန်သည်။

မမအိမ့်ကိုလှည့်ကြည့်တော့လည်း မျက်ရည်လည်ရွှဲ။

"အိမ့်လည်း အတတ်နိုင်ဆုံး သူ့စိတ်တိုင်းကျနေ





ပေးတာပဲ။ ဒီထက်တော့ အိမ့် ဘာမှ ပိုမတတ်နိုင်ဘူး မေမေရဲ့။ အိမ့်လည်း ခံစားတတ်တဲ့နှလုံးသားနဲ့ပဲ၊ ပြီးတော့ အိမ့် သူ့ကို မချစ်ဘူး"

"တော်စမ်း သမီးကြီး၊ ဒါကြောင့် သွန်းရှေ့မှာ မင်းသီဟာနဲ့ တွဲပြလိုက်တာလား၊ ဒါ သမီးရဲ့ရွေးချယ်မှုလား"

"အိမ့် တမင်လုပ်တာ မဟုတ်ဘူး မေမေ။ ကိုသီဟာက အစောကြီးကတည်းက အိမ့်ကို လက်ထပ်ခွင့်တောင်းထားတာ။ သူ့ဘက်က မိဘားဖသားပီပီ ဖွင့်ပြောခဲ့လို့ အိမ့်ကလည်း စဉ်းစားပေးမယ်လို့ ဆုံးဖြတ်ခဲ့ပြီးသား၊ သွန်းဆိုတာ ခုမှ ဘွားခနဲပေါ်လာတာ။ အစကရှိခဲ့တာ မဟုတ်ဘူး၊ သူ့စိတ်ထဲမှာလည်း အိမ့်နဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိဘူး၊ ခုလည်း အိမ့်ကို လက်မထပ်ချင်လို့ အပြစ်မရှိအပြစ်ရှာပြီး ပြန်သွားတာ။ အိမ့်ရှက်တယ် မေမေ"

မမအိမ့်က ပြောလိုက် ငိုလိုက်လုပ်နေတာမို့ မေ့မှာ ဘာပြောရမှန်းမသိ၊ မေမေ့မျက်နှာကြည့်လိုက် မမအိမ့်ပြောတာနားထောင်လိုက်နှင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာတော့ အဓိပ္ပာယ်ရေးရေးပေါ်လာသလို ရှိလေသည်။

သွန်းဆက်မိုးဆိုတာ ဘယ်လိုလူလဲ။

ဆိုင်းမဆင့် ဖုံမပါ ကောက်ခါငင်ခါရောက်ချလာပြီး မမကို စေ့စပ်ဖို့ လက်ထပ်ဖို့တွေလုပ်ပြီးမှ ဘာအပြစ်ကို ရမယ်ရှာပြီး ပြန်သွားရတာလဲ။

ဒီမှာကျန်ခဲ့တဲ့ သူများသားပျိုသမီးပျိုက မျက်ရည်စက်လက်။ ပတ်ဝန်းကျင်မှာ သိက္ခာကျ အရှက်ရရဦးမည်

"တောက်"

မေ့ဆံပင်တွေကို ဆတ်ခနဲခါတင်ရင်း တောက်ခေါက် အံကြိတ်လိုက်မိသည်။ မမအိမ့်က မျက်ရည်သုတ်ရင်း မေ့မျက်နှာကို အားကိုးတကြီးအရိပ်အယောင်လေးနှင့် မော့ကြည့်ရှာ၏။

မေမေကလည်း မေ့ဒေါသဖြစ်သွားပုံကို လှမ်းကြည့်နေသည်။

"မအိမ့်တို့က မေ့ကို ဘာကြည့်တာလဲ။ မေမေက



ရော ဒီလူ သက်သက်မဲ့ မအိမ့်ကိုအရှက်ခွဲသွားတာ ဒီလိုပဲ ငြိမ်ခံနေတော့မှာလား"

"ဟဲ့ . . . ငြိမ်မခံလို့ ရမလား။ ကိုယ့်ဘက်က လွန်တဲ့ မှားတဲ့ဟာကို"

"လွန်တယ်ပဲထား တောင်းပန်တာ ရှင်းပြတာတော့ နားထောင်ရဦးမှာပေါ့ မေမေရဲ့။ ဒီလိုပဲ မလိုချင်တာနဲ့ ပြန်ချထားခဲ့ရအောင် မအိမ့်က ဆိုင်မှာတင်ရောင်းတဲ့ အရုပ်မဟုတ်ဘူး။ ဘာမှမထိမခိုက် မကွဲမရှကျန်ခဲ့တယ်ဆိုရင်တောင် သိက္ခာတော့ကောင်းကောင်းကျပြီလေ။ ပကတိအတိုင်း ဘယ်ဟုတ်တော့မလဲ။ ကိုယ့်ဘာသာနေတာတောင် သင်း ရောက်မှ . . ."

"မပြောပါနဲ့တော့ မေ့ရယ်။ ဒီကိစ္စမှာ မအိမ့်အပြစ်လို့ပဲ သဘောထားလိုက်ပါ။ သူ့နဲ့လွဲရလို့လည်း ဝမ်းမနည်းပါဘူး။ မအိမ့် ရှက်တာတစ်ခုပဲ"

"အဲဒီရှက်တာကြောင့် ပြောနေတာပဲ။ ဘာလဲ သူက ယောက်ျားတန်မဲ့ ဒီလောက်သဘောထားသေးနုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



လား။ အကျိုးအကြောင်းလေးတော့ ပြောဆိုဆွေးနွေးသွားဦးပေါ့။ ဘာကိစ္စကျောကော့ပြန်သွားတာလဲ။ ဟိုရောက်ရင်သူက သူ့အမေကို မအိမ့် မကောင်းကြောင်းကို တင်ပြပြီး သူ ငြင်းလိုက်ရတဲ့အပြစ်ကို ဖုံးကွယ်ဦးမယ် . . . ဟွန်း . . အဲဒီ သွန်းဆက်မိုးကို မေ့ လုံးဝမကျေနပ်ဘူး"

လက်သီးဆုပ်လိုက် ခါးထောက်လိုက်နှင့် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တတွတ်တွတ်ပြောဆို ဒေါသထွက်နေသော မေ့ကို မမအိမ့်နှင့်မေမေကာ တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့် အကဲခတ်နေလေတော့၏။

"မဖြစ်ဘူး။ ဒီကိစ္စကို မေ့ လိုက်ရှင်းမှ ကျေနပ်မယ်"

မဟုတ်မခံ ဆတ်ဆတ်ကြဲ မေ့ ဇာတိလေးကခေါင်းထောင်လာပြီ။

"ကိုယ့်အရာကိုယ်နေစမ်း သမီးငယ်။ ဘာကိုလိုက်ရှင်းဦးမှာလဲ။ တော်ပြီ"

•———ရွှေပေသာ———•



"မတော်နိုင်ပါဘူး။ မအိမ့်ကို ခုတုံးလုပ်သွားတဲ့ အဲဒီလူကို မေ့ လုံးဝမကျေနပ်ဘူး။ သူ့ဘာသာသူ အစကတည်းက လက်မထပ်ချင်ဘဲ မိဘစကားနားထောင်တဲ့ သားလိမ္မာလိုလို ဘာလိုလိုရောက်လာပြီး မအိမ့်က ဆိုးလို့ ဖွေ ရှုပ်နေလို့ လက်မထပ်နိုင်တဲ့ပုံနဲ့ ပြန်သွားတာ။ မေ့တို့က ငြိမ်ခံနေရမှာလား။ ဒီကိစ္စကိုစတာ သူ့အမေ။ မေမေ့သူငယ်ချင်းကြီးပဲလေ၊ ခုတော့ သူ့သားလုပ်သွားပုံ ကောင်းသေးလား။ မေ့သူငယ်ချင်းတွေဆို မအိမ်နဲ့ သူလက်ထပ်မယ်ဆိုတာ သိကုန်ကြလို့ မေ့ကိုတောင် မေးမြန်းစပ်စုနေကြပြီ"

"ဟယ်"

မအိမ့်က မျက်ရည်ခြောက်လုလု ပါးပြင်လေးကို လက်ဖဝါးလေးနဲ့ ဖိကပ်အုပ်မိုးထားပြီး ခေါင်းလေးမော့ကြည့်သည်။ မေမေက သက်ပြင်းရှိုက်ရင်း ခေါင်းယမ်းနေ၏။

"မေ့ကတော့ ရန်ကုန်လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပြီ။ သင်းကို နားရှက်ဆွဲပြီး ခေါ်လာနိုင်မှ ပြန်လာမယ်။

•———ရွှေပေသာ———•

www.burmeseclassic.com

www.burmeseclassic.com



မအိမ့်ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်စေရမယ်"

"ဟဲ့ . . . မဟုတ်တာ"

မေမေက အထိတ်တလန့် ဝင်ဟန့်ပေမယ့် မေ့မျက်ဝန်းတွေက ဒေါသရောင်တလက်လက်တောက်နေတာ အရှိန်သေမသွားပါချေ။ ငယ်ငယ်ကတည်းက ဒါဆိုဒါမှဆိုတဲ့ တစ်ဇွတ်ထိုး ညာဉ်ဆိုးကလေးနဲ့မို့ မေ့ကို တားရခက် မြှောက်ပေးရခက်နေသည်။

တော်ကြာ ကိုယ့်သူငယ်ချင်း မြကြာခြည်နဲ့ပါ မျက်နှာပျက်စရာတွေ ဖြစ်နေမှဖြင့် . . .

"မဟုတ်သေးပါဘူး သမီးငယ်ရယ်။ ပြီးခဲ့တာ ပြီးပစေတော့။ ညည်းမမကလည်း သွန်းကို လိုလိုချင်ချင် ရှိတာမှမဟုတ်ဘဲ။ ထားလိုက်တော့"

"မထားနိုင်ပါဘူး။ မေ့ ရန်ကုန်ကိုလိုက်သွားမယ်။ မအိမ့်စီစဉ်ပေး။ ဖလိုက်(ထ်)နဲ့နော်။ ကားနဲ့မသွားဘူး။ ဒီတစ်ပတ်အတွင်းပဲ"

ပြောပြောဆိုဆို စိတ်မြန်လက်မြန်ရှိလှသော မေ့





က အခန်းထဲမှ ထွက်သွားသည်။

မေမေက အိမ့်မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး မေးဆတ်ပြသည်။

"ဖြစ်ပါ့မလား သမီးကြီးရယ်"

အိမ့် ခပ်ယဲ့ယဲ့ပြုံးရင်း ခေါင်းညိတ်လိုက်သည်။

"အိမ့်တော့ ညီမလေးကို ယုံတယ်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဪ . . . လက်စသတ်တော့ နင် ရန်ကုန် ရောက်လာတာ ဒါကြောင့်ကိုး"

မေ့ရဲ့ ညီအစ်မဝမ်းကွဲ ခင်နဒီက ခေါင်းလေး တညိတ်ညိတ်လုပ်ပြီး မှတ်ချက်ချသည်။ မေ့ကတော့ ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်သလိုပြော၊ လက်က လည်း ဖယ်ဆက်သလိုလုပ်ရင်း . . .

"ဟုတ်တယ်ဟေ့။ ငါတော့ အခုပဲ အဲဒီလူကို သွား





တွေ့ပြီး အမှုန်ကြိတ်ပစ်ချင်နေပြီ။ လာသာလာရတာ ဒေါသ တွေ မောဟတွေနဲ့"

မေ့စကားကြောင့် နဒီက တခစ်ခစ်ရယ်သည်။ ထို့ နောက် မေ့အဝတ်အစားတွေကို နံရံကပ်ဗီရိုထဲ ထည့်ပေး ရင်း . . .

"ဘာပဲဖြစ်ဖြစ် နင် ရန်ကုန်လာလည်ဖြစ်သွားတာ တော့ အမြတ်ပေါ့ဟာ။ နို့မို့ဆို ငါတို့ညီအစ်မတွေလည်း တစ်နှစ် တစ်ခေါက်ဆုံဖို့တောင် လွယ်တာ မဟုတ်ဘူး။ တက္ကသိုလ်တက်တော့လည်း နင် ဒီမှာလာတက်မယ်ထင် နေတာ။ နင်က ဟိုမှာပဲတက်တော့ ငါ ဒီမှာပျင်းနေရော"

"အပိုတွေမပြောစမ်းပါနဲ့ နဒီရယ်။ နင်လား တစ် ယောက်တည်း ပျင်းမယ့်လူစား"

"ဟဲ . . . ဟဲ . . . တစ်ခါတလေတော့ တစ် ယောက်တည်းပေါ့ဟာ။ ခုလို အိမ်မှာအဖော်မရှိဖြစ်နေတာ မျိုးပေါ့"

"ဒါဆို ဒီဟာတွေက ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မေ့က စားပွဲပေါ်က ဟန်း(ဒ်)ဖုန်းနှင့် ကြိုးဖုန်းကို တစ်လှည့်စီ မေးငေါ့ပြရင်းမေးလိုက်တော့ နုဒီကရယ်သည်။

"အဲဒါက စိတ်ကြိုက်မရဘူးဟဲ့။ အိမ်ဖုန်းက အိတ်(စ်)တန်းရှင်းလေ။ သိတယ်မှတ်လား။ အကုန်သိအောင်လုပ်သလိုဖြစ်မှာပဲ။ ဟန်း(ဒ်)ဖုန်းက ကိုယ့်မုန့်ဖိုးနဲ့ကိုယ် ဘီ(လ်)ဆောင်ရမယ် အမိန့်ထုတ်ထားလို့ အထွက်ကော(လ်)ကို တတ်နိုင်သမျှ ရှောင်ထားတာ"

"ဪ . . . ဒီလိုလား။ နင်ကလည်း ဒီလိုလုပ်ပေးမှရမယ့် လူမျိုးပဲ"

မေ့ညီမဝမ်းကွဲ နုဒီက မေ့နှင့်လပိုင်းပဲကွာတာမို့ အတန်းလည်းတူသည်။ စကားပြောတော့လည်း မမတွေ ညီမတွေမသုံး၊ သူငယ်ချင်းလို နင်နဲ့ငါပဲ လွတ်လွတ်လပ်လပ်ပြောဖြစ်ကြသည်။

ဘွားဘွားကြီးရှိစဉ်ကတော့ ကြီးစဉ်ငယ်လိုက် ဂါရဝထားရသည်။ မြေးထဲမှာ မမအိမ့်အကြီးဆုံးပြီးတော့ ဦးဦးကမွေးထားသည့် ကိုကိုတိုး ပြီးမှ မေ့၊ အငယ်ဆုံးက နုဒီ။





မေ့တို့ မေမေက မောင်နှမသုံးယောက်ရှိသည်။ နုဒီတို့ဖေဖေ ဦးပြည့်စုံက အစ်ကိုအကြီးဆုံး။ အိမ်ထောင်ကျတာ နောက်အကျဆုံးမို့ နုဒီက မေ့တို့ထက် ငယ်သည်။

မေမေဒေါ်နွဲ့ဒါလီက အလတ်ဆိုပေမယ့် မောင်အငယ်ဆုံး ဦးဦးလင်းထက်က ဘဘထက်စောပြီး အိမ်ထောင်ကျတာကြောင့် သူမွေးထားသော ကိုကိုတိုးဝေလင်းက မေ့ထက်တစ်နှစ်ကျော်တောင်ကြီးသည်။

မေ့ရဲ့မမေက သမီးချည်းနှစ်ယောက်၊ ဦးဦးကတော့ သားတစ်ယောက်တည်း၊ ဘဘကလည်း သမီးတစ်ယောက်တည်းပင်။

ယခုဦးဦးတို့ မိသားစုက စင်္ကာပူမှာ။ ဦးဦးက စင်္ကာပူဆေးရုံမှာ အလုပ်လုပ်တာမို့ ကိုကိုတိုး ကျောင်းပိတ်မှာတက်ဆိုပြီးခေါ်သွားရာက ဦးဦးမိန်းမ အန်တီဝေသွဲ့ပါ တစ်ပါတည်းလိုက်သွားခြင်းဖြင့် မိသားစုလိုက် စင်္ကာပူရောက်သည်။

နုဒီတို့ဖေဖေ မေ့ဘဘဦးပြည့်စုံကတော့ သားကြီး



www.burmeseclassic.com

www.burmeseclassic.com



ညြရသမို့ ဘွားဘွားကြီးနှင့်အတူနေပြီး မွေ့ခံထိုက်စေသား ဖြစ်သွားခဲ့သည်။ ဦးဦးတို့ နိုင်ငံခြားမထွက်ခင် ဘွားဘွားကြီး မဆုံးခင်ကတော့ မောင်နမဝမ်းကွဲလေးယောက် မကြာခဏ ရန်ကုန်မှာ ဆုံကြပါသည်။ အရွယ်ရောက်မှ အတွေ့ကျဲသွား ရတာဖြစ်၏။ တွေးရင်း ဦးဦးတို့မိသားစုကိုတောင် မေ့လွမ်း သလိုလိုရှိလာသည်။

"နဒီ . . . ကိုကိုတိုးတို့ အိမ်ရော ဘယ်သူတွေနေ လဲ"

"ဘာလုပ်မလို့လဲ။ နိုင်ငံခြားသားတွေ ငှားထား တယ်။ နင်သွားနေမလို့လား"

"မဟုတ်ပါဘူး။ မေးကြည့်တာ"

"မဟုတ်ရင်ပြီးတာပဲ။ ငါခွင့်မပြုဘူးနော်။ ဒီမှာပဲ နေရမယ်။ အခုဖေဖေလည်း ခရီးထွက်သွားတယ်"

"ဘယ်ကိုပဲ"

"ရှုံးကီစွပါ။ နေပြည်တော်သွားတာ။ အဲဒါ နင် ရောက်လာတော့ မေမေလိုက်သွားမလားမသိဘူး"





နဒီက စကားသွက်သလောက် ဘာဘရော ဘာဘ မိန်းမ ဒေါ်ခင်မြတ်မွန်ရော စကားနည်းကာ အနေအထိုင် အေးဆေးသည်။

မေ့ရောက်ရောက်ချင်းပဲ နဒီ့ မေမေနှင့်တွေ့ပြီး သာကြောင်းမာကြောင်း နှုတ်ဆက်လိုက်ရသည်။ ပြီးတော့ နဒီနဲ့ပဲ စကားကြောမပြတ်တော့။

"ဒါနဲ့ . . . နင်အခု ဘာသင်တန်းတွေတက်နေလဲ"

"ငါလား . . . အစုံပဲ။ စာရင်းကိုင်ရော၊ ဟိုတယ် သင်တန်းရော ဘာသာစကားကချည်းသုံးမျိုးလောက်တက် နေတယ်။ သင်တန်းတွေ ပတ်ချာဝိုင်းပြီး ဘာအလုပ်မှတော့ မရသေးဘူး။ နင်ရော . . . ဟိုမှာ ဘာသင်တန်းတက်လဲ"

"ဘာသာစကားလေ။ ကိုရီးယား"

"ဟာ . . . တယ်ဟုတ်ပါလား"

"အထင်မကြီးနဲ့။ အိမ်ထဲမှာ ကိုရီးယားဇာတ်လမ်း တွဲချည်းကြည့်နေတာကို ပြောတာ"

"ဩော် . . . ငါက အဟုတ်မှတ်လို့။ ဒါဆို နင်ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတက်။ ဟိုလူ့အကြောင်းလည်း စုံစမ်းပြီးသားဖြစ်တာပေါ့ဟယ်။ ငါ့အသိတွေကလည်း လူစုံပဲ။ စာရေးဆရာဆိုတာတွေနဲ့ သိပ်မနီးစပ်ပေမယ့် စုံစမ်းရလွယ်မှာပါ"

နဒီစကားကြောင့် ပြုံးစစလေးဖြစ်နေတဲ့ မေ့မျက်နှာက ပြန်လည်တည်ငြိမ် စူးစိုက်သွားရပြန်သည်။

မတွေ့ရတာကြာပြီဖြစ်တဲ့ ဆွေးမျိုးသားချင်း ညီအစ်မချင်းပြန်တွေ့ပြီး စကားတွေဖောင်ဖွဲ့နေတာနဲ့ လာရင်းကိစ္စကိုတောင် မေ့နေသလိုရှိမိရာမှ သတိပြန်ရတော့ ဒေါသထွက်က နဂိုအတိုင်း လက်ဆက်ပူနွေးသွားရ ပြန်သည်။

မေ့ဆီမှာ သူ့လိပ်စာကပါခဲ့ပြီးသား။

ဒါပေမဲ့ မေ့က သည်အတိုင်း ကျွန်တော်က မေ့သည်းညာပါ မန္တလေးကလေလို့ ပြောလိုက်တာနှင့် သူ့အမေကပါ ဟယ် . . . နဲ့ သမီးငယ်ပဲ ဘာညာစပြီး ဖော်ရွေတော့မည်။

အဲဒီမှာပဲ သူ့ဘက်က တစ်ပန်းသာပြီး မေ့ကို





ပျားရည်နှင့် ဝမ်းချလိုက်နိုင်မည်။ အဲလိုတော့ မဖြစ်စေရ။

"သွန်းဆက်မိုးဆိုတဲ့လူက ငါ့ကို မသိဘူးဟ။ သေချာလည်း မြင်ဖူးပုံမပေါ်ဘူး။ မေမေတို့၊ မအိမ့်တို့က လည်း သူနဲ့ငါ့ကို မိတ်ဆက်ပေးထားတာ မဟုတ်တော့ ခုနေ သူ ငါ့ကိုမြင်ရင် မေ့သည်းညာမှန်းတောင် သိမှာ မဟုတ်ဘူး။ မြင်လည်း အဝေးကဆိုတော့ ငါရုပ်ဖျက်လိုက်ရင် မမှတ်မိလောက်ဘူး"

"ရုပ်ဖျက်တာတွေ ဘာတွေတော့ ငါနားမလည်ဘူး။ ဒါပေမဲ့ နင်ရဲ့ရုပ်အင်္ကျီဖားဖားနဲ့ ဂျင်း(နဲ့)ပင်ဒီဇိုင်းကြီးတော့ ပြောင်းလိုက်စမ်းပါဟာ။ ဆံပင်လေးဘာလေးလည်း နည်းနည်းပါးပါးရှိုင်းလိုက် မိန်းကလေးဆန်ဆန်လေးပေါ့"

နဒီ့စကားကြောင့် မေ့အကြံတစ်ခုရသွားကာ လက်ဖျစ်တစ်ချက်တီးလိုက်သည်။

"ဟာ . . . ဟုတ်ပြီ။ နဒီ နင်ပြောဟဲ့အတိုင်း ငါလုပ်မယ်။ ပြီးမှ ဟိုလူကြီးကို ချဉ်းကပ်မယ်။ ဘယ်နယ့်လဲ"

"ကောင်းတယ်။ နင်သာ မိန်းကလေးလို အလှပြင်



www.burmeseclassic.com

www.burmeseclassic.com



ရင် သွန်းဆက်မိုးဆိုတဲ့လူ ဘာသားနဲ့ထုထားတာမို့လဲ။ အရှည်ပျော်မသွားတောင် ခက်ထန်ပါတယ်ဆိုတဲ့ စိတ်တွေ နည်းနည်းတော့ ညွတ်နူးပျော့ပျောင်းလာမှာပဲ ဟုတ်တယ် မုတ်လား"

"ဒါပေါ့ . . . ငါသူ့နားကို နီးစပ်အောင် ဘယ်လိုတိုး ကပ်သွားရမယ်ဆိုတာ တစ်ခုပဲလိုတော့တယ်။ အဲဒါသိရင် လှုပ်ရှားလို့ရပြီ။ သူ့ကို ကောင်းကောင်းပညာပြနိုင်မှ ငါ မန္တလေးပြန်မယ်။ ဒီရက်ထဲ သူ့အကြောင်းရနိုင်သမျှ စုံစမ်း ပေးဦး။ ပြီးတော့ သူ့အိမ်နဲ့ ပတ်သက်တာတွေ"

"စိတ်ချ"

နဒီကလည်း လက်မလေးထောင်ပြီး ရဲရဲဝံ့ဝံ့ကတိ ပေးနေသည်။ မေ့ကလည်း တိုက်ပွဲဝင်ဖို့ အဆင်သင့်။

"ကဲ . . . သွန်းဆက်မိုးဆိုတဲ့ လူကြီး Are you ready."





## အခန်း (၅)

"ဟုတ်ကဲ့ . . . ကျွန်တော် နားလည်ပါတယ်။ စိတ်ချပါအန်တီ။ ဟုတ်ကဲ့ခင်ဗျ"

ပြုံးရွှင်ချိုမြသော မျက်နှာအနေအထားက ဖုန်း ပြောစဉ်ကမှာပဲ မျက်နှာဆွဲတပ်ထားသလိုဖြစ်နေက ပြော ပြီးသည်နှင့် နဂိုနေမှုန်ကုပ်ကုပ် ရှုတင်းတင်းပြန်ဖြစ်သွား သည်။

"နှော်စေးလယ် . . . နှော်စေးလယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ"

"ဩော် . . . ကွယ် မရရင်ရော။ စေးလယ်လို အရာရာစိတ်ချရတဲ့သူတွေဖို့ လွယ်တာကျနေတာပဲ"

"သားရအောင် ရှာပေးမှာ မေမေရဲ့၊ စိတ်မပူနဲ့"

"ထားပါတော့။ စေးလယ်က သွားပါပြီတဲ့ ဟို ခေါ်ထားတဲ့အသစ်က မလာသေးဘူး။ ဒီကြားထဲ ဘယ်လိုလုပ်မလဲ။ အိမ်အလုပ်တစ်ဖက်နဲ့ရှုပ်နေတဲ့ မစောလှမ်းလှမ်းခေါ်ရမှာ အားနာစရာ။ စေးလယ်က မေမေနဲ့ နေသားကျနေပြီသားရဲ့"

မေမေက နော်စေးလယ်ကို စိတ်ရှည်သည်းခံပြီး အစစအရာရာ ကျွမ်းကျင်သေသပ်စွာပြုစုလုပ်ကိုင်ပေးတတ်သူမို့ သဘောကျနေတာဖြစ်သည်။

ယခင်ကတော့ အိမ်မှာ အိမ်ဖော်တွေ အလုပ်သမားတွေ ခဏ ခဏ ပြောင်းကြရွှေ့ကြသည်။ အားလုံးက အပြောဆိုးပြီး စိတ်ဆိတ်ဒေါသထွက်လွယ်သော သွန်းကို ကြောက်ပြီး လစ်ပြေးကုန်တာများ၏။

——ရှုပ်သော——



အိမ်မှာပင်တိုင်စံအဖြစ် ကျန်ရစ်ခဲ့သူက ဒေါ်စောမြပင်။ သူမကအသက်ကြီးပြီမို့ တော်ရုံချက်ပြုတ်၊ လျှော်ဖွတ်တာတွေကို ကိုယ်တိုင်မလုပ်စေချင်သော စေတနာနှင့် ဈေးသွား၊ ဘာသွား မပို့ပေါ့ပါးပါးကောင်မလေးတွေ ခေါ်ထားမိပါသည်။

လက်တိုလက်တောင်းခိုင်းရတာနှင့် အော်ရဟစ်ရတာ မကာမိ။ ကြာတော့ ကိုယ်လည်းသည်းမခံနိုင်၊ သူလည်း ဒဏ်မခံနိုင်နှင့် နှစ်ဦးသဘောတူထုတ်ကြထွက်ကြနှင့် အပြိုင်အဆိုင်ပွဲကိုဖြစ်လို့။

မေမေ့အတွက် nurse ခေါ်ပြန်တော့လည်း အိမ်မှာ ညအိပ်နေပြီး ဆရာမကြီးအထာနှင့် မေမေ့ကို ဆေးတိုက်၊ သွေးပေါင်ချိန် ဒါလေးလောက်ပဲရသည်။

nurse ရှိနေပေမယ့် ဒေါ်စောမြကပဲ ရေချိုးပေး အဝတ်လဲပေး၊ ထမင်းကျွေး၊ ချေးသေးကရိကထတွေ စံရတာမို့ ဘာမှမထူး။

နော်စေးလယ်နှင့်ကျမှ အဆင်ပြေတော့သည်။

——ရှုပ်သော——

www.burmeseclassic.com

www.burmeseclassic.com



နော်ဖေးလယ်က သူတို့ရွာက ကျန်းမာရေးဆေးပေးခန်းမှာ တာဝန်ကျသော အမျိုးသမီးကျန်းမာရေး ဆရာမကြီးအိမ်မှာ ထမင်းချက်၊ အကူလုပ်ဖူးတာမို့ လူမမာသည် အထာလည်း နပ်သည်။ ချက်ရေးပြုတ်ရေးလည်း ရသည်။ ပညာတတ်ကြီး မဟုတ်ပေမယ့် ဆေးတွေအကြောင်း နားလည်တော့ အားလုံး အဆင်ပြေနေတော့၏။

တကယ်တော့ မေမေက မထူနိုင် မထနိုင်တာက လွဲရင် ရောဂါသည်ကြီးလို တလဲလဲ တခွေခွေတော့လည်း ဖြစ်မနေပါ။ ဒါပေမဲ့ အကူအညီကတော့ နစ်ဆယ့်လေးနာရီ လိုအပ်နေသည်လို့ ပြောလို့ရသည်။

"ဘာမှစိတ်မပူပါနဲ့ မေမေရယ်။ လူအသစ် မရောက်ခင် ပောဒီက သားကို အားကိုးလိုက် သားပြုစုမှာပေါ့ မေမေရဲ့"

"ဟွန်း . . . အပြောကတော့တယ်ကောင်း။ မန္တလေးအထိသွားပြီး မိန်းကလေးတစ်ယောက်တောင် အဖြစ်ရှိအောင် မယူနိုင်ဘဲနဲ့"



"အဖြစ်မရှိဘူး . . . မရှိဘူးနဲ့ အထင်မသေးပါနဲ့ဦး မေမေရဲ့။ သားက သူများတွေလို မိန်းမတစ်ယောက်ကို သမားရိုးကျ ယူရမှာ ပျင်းလို့ပါ"

"အလိုတော် . . . ပြောပုံကိုက သမားရိုးကျမယူချင်လို့ ဘယ်လိုများယူဦးမှာလဲ။ အတင်းခိုးဖုက်လုယက်ပြီး တော့လား"

"အင်း . . . တကယ်ချစ်ရင်တော့ ပြီးတော့ အရမ်းလိုချင်မက်မောပြီဆို အဲလို အခြေအနေတွေလည်း ဖြစ်ချင်ဖြစ်လာနိုင်တာပဲလေ"

"ဟဲ့ . . . အံမယ်။ ရွှဲပြောလို့ပြောမှန်းမသိ။ ဘယ်လို ကလေးလဲ မသိပါဘူး။ စိတ်ညစ်လိုက်တာ"

မေမေက မျက်မှောင်ကြုတ် မျက်စောင်းကြီးထိုးပြီး ပွစိပွစိပြောလိုက်တော့ သွန်းကလေးတစ်ယောက်လို မေမေ မျက်နှာမော့ကြည့်ပြီး အော်ရယ်ပစ်လိုက်မိသည်။

သွန်းရယ်တော့ မေမေက မျက်စောင်းတဝင့်ဝင့်နှင့် အပြင်ကာပ်နေဟန်လုပ်ပြလေသည်။ စိတ်ရှည်ရှည်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ပေးပါမေမေရာ။

အမရာကို မဟေသာသာရွေးသလို အလိမ္မာ အိမ်ပါ ရွှေးမမျိုး သားက ရွေးမှာပါ။

ဒါပေမဲ့ ဒိတ်အောက်နေတဲ့ရွေးနည်းနဲ့တော့ မဟုတ်ဘူးဗျ။

ခေတ်သစ်သီအိုရီတစ်ခုနဲ့ သေသေချာချာ ရွေးမှာ စောင့်ကြည့်။





## အခန်း ( ၆ )

ရခဲလှ လူ့ဘဝဆိုတဲ့စကားပုံက မေ့ကျမှ ရခဲလှ အိမ်ဖော်အလုပ်သမားဘဝလို့ ပြောင်းရမလိုတောင် ဖြစ်နေပြီ။

အခွင့်အရေးကို လက်လွှတ်မခံချင်တာကြောင့် ထိုအလုပ်ကို လာလျှောက်ရပေမယ့် ကိုယ့်အဖြစ်ကိုယ် ပြန်တွေးပြီး သနားမိလို့မဆုံးတော့ချေ။

နဒီ အတန်တန်တားနေတဲ့ကြားက ဇွတ်မိုက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ပြီးမှ ထိုအိမ်ရှေ့ရောက်တော့ ဝမ်းနည်းအားငယ်စိတ် သိမ်ငယ်ရှက်ရွံ့စိတ်နှင့် ကိုယ့်လိပ်ပြာကိုယ်မလုံကာ ပြန်လှည့်ပြေးချင်စိတ်ကို မနည်းကြီး ချိုးနှိမ်ထားရလေသည်။

အထက်အောက်ကြည့်ပြာရောင် အပွင့်နုပ်နုပ် ဝမ်းဆက်ကလေးနှင့် အပိုအဆောင်အယောင်အဖြစ် ထီးနှင့်ဖိနပ်သာပါသော မေ့အဖြစ်က အလုပ်သမားနှင့်မတူမှာ စိုးတာကြောင့် ပခုံးပေါ်ထောက်လုလု ရှိစုမဲ့စုဆံပင်လေးကို တောင် မရရတဲ့နည်းနဲ့ စုစည်းချည်နှောင်ထားရတာ။ ပါးပေါ်မှာက သနပ်ခါးရေကျဲ။ ဘယ်တုန်းကမှ မလိမ်းခဲ့ဖူးတဲ့ သနပ်ခါးက မျက်နှာကို တင်းကျပ်ကျပ်ဖြစ်စေပြန်သည်။

ယုတ္တိ ယုတ္တာရှိအောင် လမ်းထိပ်ကနေ Taxi ပေါ်က ဆင်းပြီး လျှောက်ခဲ့ရတာမို့ မေ့ခြေဖျားလေးတွေ သွေးရောင်စို့နေပြီ။

"လာ . . . ကလေးမ"

ခြံစောင့်ဦးလေးကြီးက မေ့ကို လှည့်ကြည့်ပြီး စောင့်ခေါ်နေတာကြောင့် မေ့ ခပ်သွက်သွက်လေးလိုက်ရ





သည်။

"ကိုသွန်း . . . ဒီမှာ အလုပ်လျှောက်မလို့တဲ့"

"အထဲကိုလွှတ်လိုက်"

အိမ်ကြီးရှင်ရဲ့အသံကို ကြားရပါပြီ။

အထက်စီးနင်းဆန်သော မာကျောကျောအသံပိုင်ရှင်ဟာ သွန်းဆက်မိုးဆိုတဲ့လူပဲ ဖြစ်ရမည်။ ရင်ဆိုင်ရဦးမှာပ။

မေ့စိတ်ကို အတတ်နိုင်ဆုံး နူးညွတ်ပျော့ပျောင်းအောင် ထိန်းပြီး ဧည့်ခန်းကျယ်ကြီးထဲ လှမ်းဝင်သွားလိုက်သည်။

နူးညံ့သော ကတ္တီပါကောဇောညိုညိုတွေနှင့် ရွှေဝါရောင် ဆိုဖာဆက်တီတွေက ဧည့်ခန်းကို လင်းထိန်တောက်ပပြီး သားနားကြွားရွားစေတာကြောင့် မေ့ငေးခနဲ ဖြစ်ရသေးသည်။

"ထိုင်ပါ"

စကားနှင့်အတူ မေ့ ရဲ့ မျက်နှာချင်းဆိုင်မှာ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်သော သွန်းဆက်မိုးကို မော့ကြည့်လိုက်မိသော မေ့ရင်မှာ ဒေါသစိတ်နဲ့ အံ့ဩစိတ်က ဟုန်းခနဲထလာပြန်သည်။ ဒေါသစိတ်က မအိမ့်ရဲ့အငိုမျက်နှာလေးကို မြင်ပြီး သူ့ကြောင့်ဆိုတဲ့အသိဝင်လာလို့ဖြစ်ပြီး အံ့ဩသွားရတာက တော့ မြို့လယ်ခေါင်မှာ အရိုင်းဆန်ဆန်လူသား တစ်ယောက်ကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

ပခုံးပေါ်မှာ ခပ်အုပ်အုပ်ကျနေသည့် ဆံပင်တွေက နဖူးကနေ ပါးရိုးတွေအထိ တစ်လျှောက်လုံး အုပ်ထားလို့ မျက်နှာပျောက်နေရတဲ့ကြားထဲ နှုတ်ခမ်းမွေးတွေ၊ ပါးမြိုင်းမွေးတွေပါ ရှည်လျားထူထပ်နေသေးသဖြင့် သူ့မျက်လုံးတွေရဲ့ စူးရဲတောက်ပမှုကလွဲလျှင် ကျန်တာ ဘာကိုမှ မမြင်ရတော့ချေ။

"အဟမ်း"

မေ့ သူ့ကို မျက်လုံးဝိုင်းပြီးငေးနေတာကို ရိပ်မိဟန်နှင့် ချောင်းဟန့်၏။ ပြီးမှ . . .

"ဒီအလုပ်က အရင်ကဆိုပွဲစားနဲ့ပဲ ခေါ်တာ။ စိတ်





ချရတာမျိုးပေါ့။ ကျွမ်းကျင်ပြီးသားလူလည်းရတယ်လေ။ အခုတော့ ကိုယ့်စိတ်ကြိုက် မေမေ့စိတ်ကြိုက်ဆိုပြီး တိုက်ရိုက်ခေါ်လိုက်တာ။ မင်းမှာ လုပ်ငန်းအတွေ့အကြုံရှိလား"

မေ့မျက်လုံးဝိုင်းသွားရပြန်သည်။ လုပ်ငန်းအတွေ့အကြုံဆိုတော့ . . .

အို . . . ဒါမျိုးက ထောက်ခံချက်ရေးပေးလိုက်တဲ့ အလုပ်မျိုးမှမဟုတ်တာ။

မေ့ အလွယ်တကူပဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ . . . ရှိပါတယ်"

သူက စိတ်ကျေနပ်သလို ခေါင်းတဆတ်ဆတ် ညိတ်ပြီး ဆက်မေးသည်။

"မထနိုင်တဲ့ နာတာရှည်တစ်ယောက်ကို အစစ အရာရာ ပြုစုလုပ်ကိုင်ပေးရမယ်။ အိမ်မှုကိစ္စလည်း ကူရမယ်။ လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့ . . . လုပ်နိုင်ပါတယ်"

ညာပြီးရင်းညာ ညာလို့မဆုံးနိုင်တော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှ သွန်းဆက်မိုးဆိုတဲ့လူကြီးက မေ့တစ်ကိုယ်လုံးကို စူးစူးရဲရဲခြုံငုံကြည့်ပြီး မေးမြန်းပြောဆိုနေပုံက ဩဇာအာဏာသံအပြည့်နှင့်။ ငါ့နယ် . . . အသည်းယားဖို့ကောင်းလိုက်ပါဘိ။

"လစာကတော့ ကျေနပ်လောက်အောင်ပေးမှာပါ။ သဘောမကျရင်လည်း ထုတ်ပစ်ဖို့ ဝန်မလေးဘူး။ အဲဒါတော့ ကြိုသတိပေးထားတယ်။ ဒီနေ့အလုပ်စဝင်လည်း မကြိုက်ရင် မနက်ဖြန် ချက်ချင်းထုတ်မှာပဲ သဘောပေါက်လား"

"ဟုတ်ကဲ့"

ဆရာကြီးလေသံနှင့် မေ့ကို ခပ်နိမ့်နိမ့်မေးမြန်းပြောဆိုနေတုန်းမှာပဲ ဧည့်ခန်းထဲသို့ အမျိုးသမီးကြီးတစ်ယောက် ဗိုးရဲပေါ်မှာထိုင်လျက် နောက်က တွန်းပေးသူနှင့် ရောက်ချလာသည်။

ပထမတော့ မေ့တို့နှစ်ယောက် မေးမြန်းပြောဆိုနေတာကို တစ်လှည့်စီလိုက်ကြည့်နေ၏။



ထို့နောက် မေ့တစ်ယောက်တည်းကိုသာ အကဲခတ် စူးစမ်းသောမျက်ဝန်းတွေနှင့်ကြည့်လာလျှင် မေ့မှာ ဘုရားတရတော့သည်။

မေ့က မေမေနှင့်မတူသော်လည်း ဖေဖေနှင့် ရုပ်ဆင်တာမို့ ဒေါ်မြကြာခြည် ရိပ်မိသိရှိသွားလျှင် မလွယ်။

ခဲလေသမျှ သဲရေကျဖြစ်သွားနိုင်၏။

"သူကလေးက . . ."

"အလုပ်လာလျှောက်တာ မေမေ။ နော်စေးလယ်နေရာမှာလုပ်မယ့်သူ"

ဒေါ်မြကြာခြည်က သူမဘက်သို့ ခေါင်းလည်လာပြီး တအံ့တသြကြည့်လိုက်ကာ . . .

"လုပ်နိုင်ပါ့မလားဟင်။ အန်တီ့ကိုလည်း အစစအရာရာပြုစုရမယ်။ မစောနဲ့လည်း ဈေးသွားချက်ပြုတ်ကူညီရဦးမယ်ဆိုတော့လေ"

ဟု မေးလိုက်လျှင် မေ့ လွန်စွာအနေခက်သွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"သား မွေးပြီးပါပြီ မေမေ။ သူလုပ်နိုင်မှာပါ"

"ဟုတ်ပါတယ်။ အရင်ကလည်း လုပ်ခဲ့ဖူးပါတယ်"

ဒေါ်မြကြာခြည်က ဖူးဖူးစင်စင်လေးနှင့် နမွတ်သန့်စင်နေသော သူမကို မယုံနိုင်သလို ငေးရင်း ခေါင်းညိတ်၏။

"အရင်က လုပ်ဖူးတယ်ဆိုတာ nurse သီးသန့်လားဟင်"

"မဟုတ်ပါဘူး။ အိမ်အကူပါပဲ။ အဲဒီအိမ်မှာ လူမမာရှိတော့ ကျွန်တော်ပဲပြုစုရတာ"

မေ့လို့ ကိုယ့်နာမည်ကိုယ် မသုံးချင်တာမို့ သုံးနေကျ နာမ်စားတစ်ခုကို မန္တလေးအထာအတိုင်းဆွဲသုံးလိုက်တော့ သွန်းဆက်မိုးက မျက်မှောင်ကြုတ်သည်။

"မင်းရဲ့ ပညာအရည်အချင်းက"

"အင်း . . . ဟိုဟာ ဆယ်တန်းအောင်ပြီးပါပြီ"

"ဟယ် . . . ဆယ်တန်းတောင်အောင်ပြီးသားဆိုတော့"

•———မွေးမေ———•



"ဟို . . . ဒီလိုပါ ကျွန်တော်က ဆယ်တန်းအောင်ပြီးသားဆိုပေမယ့် တခြားအလုပ်တွေနဲ့ ကျောင်းဆက်တက်ဖို့ တွက်ချေမကိုက်လို့ပါ။ ဒီလိုအလုပ်က နေရေးစားရေးစရိတ်ငြိမ်းအပြင် လစာအသားတင်ရတော့ ကျောင်းဆက်တက်ဖို့ အဆင်ပြေတယ်လေ"

သူမအဖြေစကားကို သွန်းဆက်မိုးက သဘောကျသွားဟန်ရှိသော်လည်း ဒေါ်မြကြာခြည်က ဖြစ်ပါ့မလားဆိုတဲ့မျက်နှာထားနှင့် ရှိနေလေသည်။

"ဒါနဲ့ မင်းနာမည်"

"မေ့ . . . အဲ . . . မေလေးပါ"

"ဪ . . . မေလေး။ ကောင်းပြီ လိုအပ်တဲ့စာရွက်စာတန်းတွေထားခဲ့လေ။ မနက်ဖြန်ကစပြီး မင်းအလုပ်ဆင်းနိုင်ပြီ"

မေ့ လိုက်ခနဲပျော်သွားသည်။

"ဒါဆို အဝတ်အစားတွေ တစ်ခါတည်းသယ်ခဲ့လို့ရပြီပေါ့နော်"

•———မွေးမေ———•

www.burmeseclassic.com

www.burmeseclassic.com



သွန်း ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ရပြီ . . . အဝတ်အစားပဲသယ်ခဲ့ပေါ့။ ကျန်တာ အားလုံးပေးမယ်။ ဟုတ်ပြီလား။ ကဲ . . . မင်းပြန်လို့ရပြီ"

သူမက ကျေးဇူးတင်ကြောင်း အထပ်ထပ်အခါခါ ပြောပြီး ထွက်သွားတော့၏။ ထိုအခါမှ မေမေက သွန်းကို နားမလည်ဟန်နှင့်ကြည့်ရင်း . . .

"ကလေးမလေးပုံစံက လုပ်ဖူးတယ်သာပြော တယ် နနဖပ်ဖပ်ပုံလေး။ ဖြစ်ပါ့မလား သား"

သွန်း မေမေ့ကိုကြည့်ပြီး ဟက်ခနဲရယ်လိုက်မိသည်။

"ဘာဖြစ်လို့လဲ မေမေရဲ့"

"ပြီးတော့ ဆယ်တန်းတောင် အောင်ပြီးသား။ မေမေကတော့ နိုင်းရမှာတောင် အားနာတယ်"

"ပိုက်ဆံပေးနိုင်းတာပဲ မေမေရဲ့။ ဘာမှအားနာ စရာမလိုပါဘူး။ သူကိုယ်တိုင်လုပ်ချင်လို့ ကျေကျေနပ်နပ် လာလျှောက်တဲ့ဟာ။ သူ့ဘာသာ ဆယ်တန်းအောင်ရုံမက

မျှဝေသော



လို့ ပရော်ဖက်ဆာကြီးပဲဖြစ်ဖြစ် ဒီအိမ်မှာ သူ ရောင်းနိုင်တဲ့ လုပ်အားလာရောင်းတာပဲ။ အဓိကက သူတာဝန်သိဖို့ပဲ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သားရယ်"

"မေမေကတော့ ခက်နေပါပြီ"

"မေမေက မခက်ပါဘူး သားရဲ့။ သားက ထူးဆန်း နေတာ။ အရင်ကတော့ အဲလိုငယ်ငယ်ရွယ်ရွယ်လှလှပပ လေးတွေ မခိုင်းချင်ဘူးဆို။ သူတို့လုံခြုံရေး ထိန်းရကြောင်း ရတာ မလွယ်ဘူးဆို။ ဈေးသွားခိုင်းရင်လည်း ရည်းစားနဲ့ ချိန်းတွေ့မလား။ ယောကျ်ားနောက်လိုက်ပြေးမလား ပူရဆို။ အခု ဘယ်လိုဖြစ်သွားတာလဲ"

အကွက်ကျကျ ထောင့်စေ့စေ့ တစ်ချက်ချင်း ထောက်ပြဝေဖန်လိုက်သော မေမေ့စကားကြောင့် သွန်း ဖြေရခက်သွားသည်။ ထို့ကြောင့် ခေါင်းကုပ်ရင်းပဲ ခပ်တိုး တိုးရယ်နေမိ၏။

"ဘယ်လိုလဲ . . . ဒီကလေးမကို သား တစ်မျိုး သဘောကျပြီးခန့်တာတော့ မဟုတ်ပါဘူးနော်"

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မဟုတ်ပါဘူး။ မေမေကလည်း သားက မေမေ့အတွက်လည်း အဆင်ပြေ။ သူလည်း သူလိုချင်တဲ့ အလုပ်ရဆိုပြီး"

"အံမယ် . . . သူ့အတွက်ဆိုတာလေးပါ ထည့်တွေးစဉ်းစားပေးလိုက်တယ်ပေါ့လေ"

"အာ . . . မဟုတ်တာ။ သားပြောတာက . . . တော်ပြီ မေမေရာ သားလည်း ရှင်းမပြတတ်တော့ဘူး"

သွန်း ရှက်ကိုးရှက်ကန်းနှင့် မေ့မရှေ့က ထထွက်လာခဲ့တော့ မေမေက ရယ်မောရင်း ကျန်ရစ်ခဲ့လေသည်။

ဒေါ်မြကြာခြည် သားဖြစ်သူရဲ့ ရှက်အမ်းအမ်းအမူအရာကိုကြည့်ပြီး သဘောတွေကျနေမိသည်။ ဒီလိုအမူအရာမျိုးက တွေ့ရခဲသည်လေ။

သားက အပေါ်ယံမှာ ပြတ်သားမာကျောသယောင်ရှိပေမယ့် အားနာလိုက်လျောပြီး သဘောကောင်းတတ်သော အတွင်းစိတ် အလှလေးရှိနေတာ မွေးထားသည့် အမေက အသိဆုံးပေါ့။





ဒါကြောင့်လည်း သားလေးကို အဖိုးတန်မိန်းမကောင်းလေးတစ်ယောက်နဲ့ ဖူးစာဆုံစေချင်ပါသည်။ မဆီမဆိုင် ခုနကလေးမလေးရဲ့ တောက်ပကြည်လင်သော မျက်နှာလေးကိုတောင် ဖျတ်ခနဲ ပြေးမြင်ပြီးသားနှင့် ယှဉ်တွဲကြည့်လိုက်မိသေး၏။

အိမ်မှာ အလုပ်လာလုပ်မယ့်သူဆိုပေမယ့် အသွေးအမွေးကြည့်တာနှင့် ဘယ်လိုဆိုတာ မှန်းမိပြီးသားပင်။ အကြောင်းကြောင်းကြောင့် ဆင်းရဲမွဲတေသည်ပဲထားဦး။ မျိုးရိုးနိမ့်နိမ့်ထဲကမဟုတ်လို့သာ ပညာလေး အသင့်အတင့်တတ်မြောက်ထားနိုင်တာဟု မှတ်ချက်ချရင်း အတွေးတွေပွားနေမိတော့၏။

စကားပြောတော့လည်း ကျွန်တော်တဲ့။ ဘယ်အရပ် ဘယ်ဒေသကပါလိမ့်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ကျေးဇူးပဲ သမီးရယ်၊ ခုမှပဲ တစ်ကိုယ်လုံး အကြောအခြင်တွေ လျော့ပြီး အေးသွားတော့တယ်"

မန္တလေးအိမ်မှာ မေမေအဆစ်တွေကိုက်ခဲလျှင် နံ့သာဖြူနှင့် သနပ်ခါးလေးရောသွေးကာ တစ်ကိုယ်လုံး အရည်ကျဲလေးလိမ်းပေးနေကျမို့ မေ့အတွက် ဒီလို အသေးအမွှားအယုအယလေးတွေ လုပ်ပေးရတာ သိပ်တော့မခဲယဉ်းပါ။



ဒေါ်မြကြာခြည်က မေ့ကို မြင်မြင်ချင်း ခင်မင်တွယ်တာရှာလေသည်။ မိဘတွေရှိသေးလားမေးတော့ မေ့ခေါင်းယမ်းပြလိုက်တာမို့ ပိုပြီးသနားကရုဏာတွေသက်နေတော့၏။ နဂိုဗီဇချစ်ကန်ကန်ပေကပ်ကပ်ရှိလှသော မေ့ပင်အပိုးတွေကျိုးပြီး သိမ်မွေ့နေရသည်မို့ ကရုဏာစိတ်ဝင်မယ်ဆိုလည်း ဝင်ချင်စရာ။

ဒေါ်မြကြာခြည် သဘောကျမှ ဒီအိမ်မှာရေရှည်မြဲမယ်ဆိုတာ နားလည်ပြီးပြီမို့ အစစအခံရာရာလိုလေသေးမရှိရအောင် ဂရုစိုက်သလောက် သွန်းဆက်မိုးကိုကျတော့ မေ့ကောင်းကောင်းကြီးနှိပ်စက်ပညာပြတော့သည်။

ဒီနေ့လည်း အရိုးများပေ့ဆိုတဲ့ ငါးတွေချည်းကြော်တာတစ်မျိုး၊ ချက်တာတစ်မျိုး၊ ချဉ်ရည်ဟင်းတစ်မျိုး အစုံလုပ်ထားလိုက်သည်။

ထမင်းချက် ဒေါ်စောမြက မေ့ဈေးကဝယ်ခြမ်းလာတာတွေကို ကြည့်ပြီး မျက်လုံးပြူးနေသည်။

"မေ . . . မေလေး ဘာတွေဝယ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ငါးတွေလေ။ ဒါက ငါးခူ။ ရွှဲယိုရှက်နဲ့ စင်းကောချက်ဖို့။ ငါးကြင်းက ချဉ်ပေါင်ရွက်နဲ့ အရည်သောက်ချက်ဖို့။ ဒါက ငါးပြေမ ဆီပြန်ချက်မယ်။ ငါးခုံးမလေးတွေက အိုးကပ်ချက်ရင် အရမ်းစားကောင်းတာ။ ငါးသိုင်းခေါင်းပွကတော့ . . ."

"တော် . . . တော်ပါတော့ကွယ်။ ဟင်းက ငါးတွေချည်းပဲ။ သွန်းက ငါးမကြိုက်ဘူးကွယ့်။ အရိုးလည်းကြောက်တယ်"

"ဩော် . . . ဟုတ်လား။ ကျွန်တော်မှ မသိဘဲ ဒေါ်စောရဲ့။ ကြိုပြောရောပေါ့"

"ဒေါ်စောကလည်း မေလေး ငါးတွေချည်း ဝယ်လာမယ်မထင်လို့ပါ။ ငါးလေးအိုးကပ်ကတော့ မမမြ ကြိုက်ပါတယ်။ သွန်းကသာ ဟင်းကြေးများတာ"

မေ့ တစ်ဖက်လှည့်ကာ ရဲယိုရှက်တွေလှီးရင်း မဲ့ပြုံးလေးပြုံးလိုက်မိသည်။

သိသားပဲ။



သူ ဟင်းကြေးများတယ်ဆိုတာ အန်တီမြကြာခြည်ပြောလို့ သိပြီးသွားပြီ။ ငါးဟင်းဆို ဘာငါးဟင်းမှ မကြိုက်ဘူး။ အရိုးကြောက်တယ်ဆိုတာ သိလို့ကို တမင်လုပ်တာ။ ဘယ့်နှယ်။ မနေ့တစ်နေ့ကမှ အလုပ်စဝင်တဲ့လူကို တစ်ယောက်တည်း ဈေးသွားရမယ်တဲ့။

ဒေါ်စောကျတော့ အသက်ကြီးပြီ ဟိုနား ဒီနား မနိုင်းသင့်ဘူးဆိုပြီး မေ့ကို လွှတ်သည်။ ချက်ပြုတ်လျှော်ဖွပ်တော့လည်း မေ့က ဝင်ပါရသေးသည်။

အန်တီ့ကိုပြုစုရတော့လည်း မေ့။

အိမ်ထဲသန့်ရှင်းရေးဆိုလည်း မေ့။

လွန်ကို လွန်လွန်းတယ်။

ဒါကြောင့် ပညာပြတာ။

"ကဲပါ . . . ငါးက ရေခဲသေတ္တာထဲ ထည့်ထားလို့လည်း မကောင်းပါဘူး။ ချက်လိုက်တာပေါ့။ ချက်ပြီးလို့ စားချင့်စဖွယ်ဖြစ်နေရင်တော့ ကိုသွန်း စားချင်လည်း စားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



မေ့ ပခုံးလေးတစ်ချက်တွန့်ပြီး ဟင်းချက်ဖို့ အစီအစဉ်စလိုက်တော့၏။

မနက်ခြောက်နာရီကတည်းက အိပ်ရာထ မနက်စာ မစားရသေးခင် ဈေးသွားချက်ပြုတ်၊ လျှော်ဖွပ်လိုက်ရတာ ဆယ်နာရီခွဲ ဆယ့်တစ်နာရီမှ ပြီးတော့သည်။ အားလုံးပြီးစီးတော့မှ ကိုယ်တော်က အပေါ်ထပ်က ဆင်းလာသည်။

ထမင်းစားခန်းထဲ သွန်းဆက်မိုး ဝင်လာတယ်ဆိုရင်ပဲ ဒေါ်စောမြက ထမင်းဝိုင်းပြင်ပေးပြီးပြီမို့ မေ့ကို ထားခဲ့ကာ အန်တီမြကိုခေါ်ရန် ထွက်သွားသည်။ မေ့သိတာပေါ့။

ဟင်းတွေမြင်ပြီး သွန်းဆက်မိုး အလိုမကျ ညည်းညူဆူပူမှာ မခံနိုင်လို့ ရှောင်ထွက်သွားတယ်ဆိုတာကို။

"ဘာဟင်းတွေလဲ"

"ကြိုက်တဲ့ပန်းကန်ထဲက ခပ် ငါးချည်းပဲ"

"ဘာ"

မျက်ခုံးနှစ်ဖက်က ဆတ်ခနဲကြုတ်ပြီး ဘာဟုအော်ကာ ခေါင်းမော့ကြည့်လာပုံကြောင့် မေ့လန့်ပြီး လိုလို





ဖြစ်သွားပေမယ့် အေးအေးဆေးဆေးပဲ ခေါင်းညိတ်ပြလိုက်၏။

"ငါးဟင်းလေ"

"ငါ ငါးဟင်းမစားဘူးကွ"

"ကျွန်တော်မှ မသိတာ"

"မသိရင်လည်း ဒေါ်စောကို မေးပါလား။ ပြီးတော့ ငါးအမျိုးမျိုးကိုပဲ ပုံစံပြောင်းပြီး ချက်ထားတယ်။ တခြား ဘာအသားမှမပါဘူး"

"မကြိုက်ရင်လည်း နောက်နေ့ မချက်တော့ပါဘူး"

ထိုစဉ် ဒေါ်စောက အန်တီမြရဲ့ဂှီးချဲကို တွန်းပြီး ထမင်းစားခန်းထဲ ရောက်လာ၏။

"ဟင်းနံ့လေးက မွှေးနေတာပဲ။ မေလေး ချက်ထားတာလား"

"ဟုတ်ကဲ့ . . . အန်တီ"

သွန်းဆက်မိုးက ဘာမှမပြော။ မှုန်ကုပ်ကုပ်ပုံစံနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေ့ကို လှမ်းကြည့်နေသည်။

"ဟယ် . . . ဒါ ငါးလေးအိုးကစ်ပါလား။ စားကောင်းမယ့်ပုံပဲ။ ဒါလည်း ငါးဟင်းတွေချည်းပဲ"

မေမေက သွန်းကိုလှည့်ကြည့်၏။ သူမကတော့ ခေါင်းလေးငုံ့လျက် ထမင်းစားပွဲခေါ်မှာ ခပ်ယို့ယို့ရပ်နေသည်။

"မေလေး"

"ပြောပါ"

"တခြားဟင်းစီစဉ်ပေး။ ကြက်ဥကြော်လိုက်"

"ဟုတ်ကဲ့"

မေ့ အောင့်သက်သက်နှင့်ပင် ရေခဲသေတ္တာထဲမှ ကြက်ဥပြေးယူကာ ကြော်ဖို့လုပ်ရသည်။

"ကြက်သွန်နဲ့ မွှေကြော်နော်"

"ဟုတ်ကဲ့"

ဒီအတိုင်း ဆီပူထဲဖောက်ထည့်ဖို့ ကြံနေသော မေ့မှာ ကြက်သွန်ဥတွေယူပြီး လှီးရပြန်သည်။ ကပျာကယာ



မွှေခေါက်ပြီး ကြက်ဥမွှေကြော်ကြော်လို့မှ မပြေးသေး . . .

"ဒီအတိုင်း ခြောက်ကပ်ကပ်ကြီး။ ကြာဆံရှိတယ်မှတ်လား။ ဟင်းခါးလေး မြန်မြန်လုပ်ပေး။ ပြီးရင် ဆီချက်နဲ့ခရမ်းချဉ်သီးသုပ်ရော"

ပါးစပ်ကချည်းပြောနေတာ မဟုတ်။ သူ့ကိုယ်တိုင် ခရမ်းချဉ်သီးတွေ၊ ကြာဆံထုပ်တွေသွားထယူပေးပြီး စားပွဲရှည်ပေါ်လာတင်ပေးသွားခြင်း ဖြစ်သည်။

မေ့တစ်ယောက်တည်း ပျာယာခတ်နေတာကို ဒေါ်စောမြက ကြောင်အမ်းအမ်းနှင့်ရပ်ကြည့်နေပြီးမှ သတိရသွားသလို ကြက်သွန်တွေ လာဝိုင်းလှီးပေးသည်။

အန်တီမြက မေ့ကိုတစ်လှည့် သူ့သားကိုတစ်လှည့် လိုက်ကြည့်နေရင်းမှ . . .

"နောက်ဆို ငါးမချက်နဲ့ သမီး။ သားက ငါး မကြိုက်ဘူး"

ဟုဝင်ပြော၏။ မေ့မျက်နှာငယ်လေးနှင့် ဟုတ်ကဲ့ လုပ်လိုက်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခံပေဦးဟဲ့ . . . မေ့ရေ။

ကိုယ့်ဒေါသနဲ့ကိုယ် ခုတော့ မျက်နှာငယ်နဲ့လိုက်လုပ်ပေးနေရပြီ မှတ်လား။

သင်းက ထမင်းစားပွဲပေါ် မေးထောက်ပြီး အခန့်သားပုံစံကြီးနှင့်။

ဒေါသက တလိမ့်လိမ့်တက်လာသည်။

တွေ့ဦးမယ် . . . ခင်ဗျားနဲ့ တစ်နေ့ တွေ့ဦးမယ်သွန်း။





## အခန်း ( ၈ )

နောက်တစ်နေ့မှာတော့ အန်တီမြ နေသိပ်မကောင်းတာမို့ ငါးရံ့ဆန်ပြုတ်လေးပြုတ်ပေးပြီး သူ့အတွက်တော့ မေ့စိတ်ကြိုက်ဟင်းတွေ စီမံလိုက်သည်။

သူ့အကြိုက် ဝက်နံရိုးဟင်းတစ်ခွက်ချက်ပြီး ကျန်တာတွေက ရှောက်သီးသုပ်၊ ပုစွန်နဲ့ မန်ကျည်းစိမ်းချက်၊ မျှစ်ချဉ်နဲ့ဝက်သား၊ ချဉ်ပေါင်ကြော်၊ သရက်ချဉ်သုပ်နဲ့ ပဲတီချဉ်တို့စရာတို့ကို တမင်စီစဉ်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သွန်းဆက်မိုးက ထမင်းဝိုင်းကိုကြည့်ပြီး ဘာမှ မပြော။ ရှောက်သီးသုပ်ကို စားလို့ကောင်းတယ်ဟု ချီးကျူးပြီး အများကြီးစားသွားကာ ကျန်တဲ့ဟင်းတွေကို ဘာလဲလို့တောင် မမေး။

မေ့ အကြံမအောင်တာမို့ ဒေါသတွေ တလိပ်လိပ် ထွက်နေစဉ် သူ ရောက်လာ၏။

"မေလေး"

"ရှာ"

မေလေးထူးပုံကြောင့် သူက မျက်မှောက်ကြုတ်သည်။

"နားထောင်ရတာ ဆိုးလိုက်တာ။ ရှင်လို့ မထူးတတ်ဘူးလား"

"ရှာလို့ထူးတာ အကျင့်ပါနေလို့ပါ"

သူက ဘာမှမပြောတော့ချေ။

"အပြင်သွားမလို့ မနေ့က နိုင်းဖို့ မေ့သွားတာ။ ငါ့ အကျီနဲ့ပုဆိုး လျှော်ပြီး မီးပူတိုက်ပေးစမ်းပါ"



"ဟုတ်ကဲ့"

သူ့စကားကို နားခါးလှသော်လည်း ကိုယ်က သူ နိုင်းတာလုပ်ရမည့်တာဝန်ရှိနေတာမို့ ဟုတ်ကဲ့ပါပဲ ပြောလိုက်ရ၏။ သိပ်တော့ မကျေနပ်။

"အခန်းထဲမှာ လိုက်ယူ"

"တစ်ခါတည်းတော့ ယူမလာဘူး"

"ဟော့ . . . ဘာပြောတယ်"

မေ့ဘာသာတစ်ယောက်တည်း နှုတ်က ရေရွတ်တာကို သူက ကြားသွားပြီး မိုးခြိမ်းသလိုကြီး ထအော်လိုက်တာမို့ မေ့ ဆတ်ခနဲလန့်တုန်သွားရပါသည်။

"ဘာမှမဟုတ်ပါဘူး"

အမယ်လေးနော် . . .

'အောက်ကျနောက်ကျနိုင်လိုက်တာ။

မအိမ့်ကြောင့်သာမဟုတ်ရင် သင်းကို ပက်ခနဲ ပြန်ပြောလိုက်ပြီးပြီ။ ခုတော့ ကိုယ့်အကြံနဲ့ကိုယ် မလှုးသာ မလွန့်သာ။

www.burmeseclassic.com

www.burmeseclassic.com



"လာလေ . . . ဘာလုပ်နေတာလဲ"

ယောကျ်ားလေးအခန်းထဲ ဝင်ရမှာမို့ ရှုံ့တွန့်တွန့်ဖြစ်နေပုံရသောသူမကို သွန်း လှည့်အော်ရင်း ရှေ့မှဝင်လာစဉ် စားပွဲပေါ်က ဟန်း(ဒ်)ဖုန်းလေးက အသံမြည်လာသည်။

"ဟဲလို . . . မြတ်လား။ အင်း . . . ကိုယ် နောက်နာရီဝက်ဆို ထွက်ခဲ့မယ်။ ဒါပဲနော်"

မေ့နှာခေါင်းလေး ရှုံ့လိုက်မိ၏။

ဒီလူရည်းစားနဲ့အပြင်မှာသွားချိန်းတွေ့မှာလား ဟုတွေးလိုက်မိတော့ ဘာမှန်းမသိဘဲ ဒေါသစိတ်က ဖြစ်လာပြန်သည်။

အစကတည်းက ရည်းစားရှိရင်လည်း မန္တလေးမလာပါနဲ့တော့လား။ ခုတော့ . . .

မအိမ့်ကို သိက္ခာကျအောင်လုပ်သွားတဲ့လူ။ ဒီတစ်ခါ သင်းအလှည့်ပဲ။

မေ့ အကျီအဖြူနှင့် ပုဆိုးကိုယူပြီး သူ့အခန်းထဲကလှည့်ထွက်လာခဲ့စဉ် သူ့ကို ဘယ်လိုစိတ်အနှောင့်အယှက်





ဖြစ်စေရမလဲ။ ဒုက္ခပေးရမလဲဆိုတာကို တွေးလာမိ၏။

ပုဆိုးက အသစ်မို့ မာတောင့်နေတာကြောင့် ရေလျှော်ခိုင်းလိုက်ခြင်းဖြစ်သည်။ အကျီနဲ့ပုဆိုးကို သပ်သပ်စီစက်ထဲထည့်ပြီး မေ့ ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားအကြံထုတ်နေမိ၏။

လျှော်ပြီး အခြောက်ခံပြီးသည်အထိ စဉ်းစားလို့မရသေး။ မီးပူပဲ ကျွမ်းအောင်လုပ်ရမလား။ မဖြစ်သေးဘူး။ ဒါဆို မေ့ပဲနှစ်ပြားမတန်အောင် အဆူအပြောခံရဦးမည်။

"ဟာ . . . ဟုတ်ပြီ"

မေ့အဝတ်တွေ မီးပူတိုက်ပြီး အခန်းထဲလှစ်ခနဲပြေးဝင်ကာ နဒီထည့်ပေးလိုက်သည့် အလှပြင်ပစ္စည်းတွေထဲက နှုတ်ခမ်းနီတစ်ဘူးကို ယူပြီး အမြန်ဆိုးချလိုက်သည်။

သိပ်ရဲတောက်မနေပေမယ့် နှုတ်ခမ်းနီရောင်ကဘယ်မှာပေပေ ထင်းခနဲ သိသာမယ့်အရောင်မျိုးပင်။ မေ့အကျီနဲ့ပုဆိုးကိုယူပြီး သူ့အခန်းရှေ့ရောက်တော့ တံခါးစေ့ထားတာမို့ တစ်ချက်နှစ်ချက်ခေါက်လိုက်ရ၏။ အခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ဘာသံမှမကြားရတာမို့ . . .

"သွန်း . . . ဒီမှာ ခင်ဗျားအင်္ကျီနဲ့ပုဆိုးရပြီ"

ခပ်ကျယ်ကျယ်လေးအော်ပြောလို့ မဆုံးခင် အခန်းတံခါးက ရုတ်တရက်ပွင့်ပြီး ခါးထောက်လျက် မားမားကြီးရပ်နေသည့်သူ့ကို တွေ့လိုက်ရ၏။

သူ့ကို သွန်းလို့ခေါ်လိုက်သည့်ကလေးမကို အံ့ဩနေမိတာကြောင့် သွန်း ဒေါသဖြစ်ဖို့ပင် သတိမရ။ တစ်အိမ်လုံးက အလုပ်သမားတွေက ကိုသွန်းပဲခေါ်တာ သူမနဲ့ကျမှပဲ။

"ပြီးရင် . . . ထားခဲ့"

"ယူထားလိုက်လေ"

မေ့က သူ့ရှေ့အတင်းထိုးပေးတော့ သူက လက်ထဲမှ မှတ်ဆိတ်ရိတ်သည့်ဂျုတ်ကို မြှောက်ပြကာ . . .

"ငါ လက်မအားဘူး။ အခန်းထဲဝင်ပြီး ဟိုပေါ်မှာ တင်ထားခဲ့" ဟုဆိုကာ အထဲလှည့်ဝင်သွားသည်။ မေ့လည်း သူ့နောက်ကျောပြင်ကို ရှုံ့မဲ့တွန့်တွကြည့်ပြီး အခန်းထဲလိုက်ဝင်ကာ ခုတင်ပေါ်မှာ တင်ထားပေးလိုက်ရသည်။



သွန်းကတော့ နံရံကပ်ဗီရိုမှန်ထဲကနေ မြင်နေရသည့် သူမရဲ့ရှုံ့မဲ့မဲ့ရုပ်ကိုကြည့်ပြီး သဘောတကျပြုံးလိုက်မိတော့၏။ ကြုံကြုံဖန်ဖန် ဒီနေ့မှ နှုတ်ခမ်းနီတွေဘာတွေဆိုးထားသော ပုံစံက မျက်စိထဲမှာ တကယ့်ကိုအထူးအဆန်း ရယ်ရှင်စဖွယ်လည်း ဖြစ်နေသည်။

မေ့ အောက်ထပ် ကပျာကယာပြန်ဆင်းပြေးလာပြီး ဈေးခြင်းတောင်းကြီးဆွဲကာ လှေကားထိပ်နားမှာ အဆင်သင့်စောင့်နေလိုက်သည်။

ခဏအကြာမှာတော့ အပေါ်ထပ်က ဆင်းလာတဲ့ သူ့ခြေသံတဒုန်းဒုန်းကို ကြားလိုက်ရတာကြောင့် စိတ်လှုပ်ရှားသလိုလိုတောင် ဖြစ်လာသေး၏။

ရုတ်တရက် မော့ကြည့်လိုက်တော့ မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွေးတွေ မရှိတော့ဘဲ သန့်စင်ရှင်းလင်းနေသည့် သူ့မျက်နှာက မထင်မှတ်လောက်အောင် ချောသန့်နေတာမို့ မေ့ အံ့ဩပြီးငေးခနဲဖြစ်သွားရသည်။ ရုပ်ကော်လာကတုံးအဖြူ၊ နီညိုရောင်ပုဆိုးနှင့် တောက်ပ သန့်

www.burmeseclassic.com

www.burmeseclassic.com



လက်နေသည့် သူ့ပုံစံက သွန်းဆက်မိုးမဟုတ်တဲ့ တခြားတစ်ယောက်လိုလို။

"ဘာလုပ်နေတာလဲ။ ဆွဲခြင်းကြီးနဲ့"

"ဟို . . . ဟို ဈေးသွားမလို့"

"ဘာ . . . ဒီအချိန်ကြီး"

"ည . . . ညနေစာ ဘာမှမဝယ်ရသေးလို့။ မနက်ဖြန်မနက်စောစောအတွက်လည်း ဘာမှမရှိတော့ဘူး။ ပြီးတော့ . . ."

"မင်းပြောတာလည်း ဘာမှမရှိဘူးဆိုတာချည်းပဲ။ မနက်က တစ်ခါတည်း ဝယ်မလာဘဲနဲ့"

သူကပြောပြောဆိုဆို ကားသော့နှင့်ဟန်းဖုန်းကိုကိုင်ကာ ထွက်သွားတာကြောင့် မေ့ဆွဲခြင်းကြီးတကားကားနဲ့ ပြေးလိုက်သွားရင်း . . .

"သွန်း . . . ကျွန်တော် ခင်ဗျားနဲ့ကားကြုံလိုက်ချင်လို့"

ဟု အရဲစွန့်ပြောလိုက်တော့ သူက အံ့တသြကြီး

•———ရွှေသော———•



လှည့်ကြည့်လာသည်။ ပြောလိုက်ပြီးမှ မေ့ ဘယ်လိုမျက်နှာထားရမှန်းပင် မသိတော့ချေ။

"ကားကြုံလိုက်မယ်။ ဘယ်ကိုလိုက်မှာလဲ"

"ဈေးကို ဈေးလမ်းထိပ်မှာ ချပေးခဲ့လေ"

မလိုက်နဲ့ဟုတော့မပြောပါ။ မခေါ်ချင်တာလည်းမဟုတ်ဘဲ စိတ်ရှုပ်သွားတဲ့ပုံစံနှင့်ပင် မျက်ခုံးပင့်လျက်ခေါင်းညိတ်ပြ၏။

"လိုက်ခဲ့လေ"

အကြံအစည်အောင်မြင်ခါနီးပြီမို့ မေ့ ထိတ်ခနဲဝမ်းသာသွားရင်း သူ့နောက်မှ မြောက်ကြွမြောက်ကြွလေးကပ်လိုက်လာခဲ့၏။

ကားရှေ့ခန်းတံခါးကိုဖွင့်ပြီး သူ ကားပေါ်တက်ထိုင်ပြီးတော့ မေ့လည်း ရှေ့ခန်းမှာစီးဖို့ တစ်ဖက်သို့ပတ်လျှောက်သွားလိုက်သည်။ ရင်ထဲမှာတော့ မီးရထားတွေအစင်းပေါင်း ရာထောင်ချီခုတ်မောင်းသွားသလို စိတ်လှုပ်ရှား ရင်ခုန်သံက ဝုန်းဒိုင်းကြဲနေ၏။

•———ရွှေသော———•

www.burmeseclassic.com

www.burmeseclassic.com



မေ့ကြိုတင်ကြံစည်ထားသည့်အတိုင်း ဆွဲခြင်းတစ်ဖက်ကို ကိုးရိုးကားရားပုံစံနှင့်ဆွဲကာ ကားပေါ်သို့တက်ရင်း သူ့ပခုံးစွန်းနှင့် မျက်နှာတိုက်မိသွားအောင် လုပ်ပစ်လိုက်သည်။

"အို . . . ဆောရီး"

"ဟ . . . ဟ"

သွန်း အလန့်တကြားအော်ရင်း သူမမျက်နှာနှင့်ပစ်တိုက်မိသွားသော ပခုံးကို ငုံ့ကြည့်တော့ ပန်းနုရောင်နှုတ်ခမ်းနီရာက အင်္ကျီအဖြူပေါ်မှာ ဖုံးမရ ဖိမရ အထင်းသား။

"ဟား . . . ကျွတ်။ သွားပြီကွာ။ မင်း ဘယ်လိုလုပ်ချလိုက်တာလဲ မေလေး . . . ဟင်"

"ဟို . . . မ . . . မတော်လို့ပါ"

"ဘာမတော်လို့လဲ။ ကားပေါ်တက်တာ ဝရုန်းသုန်းကားနဲ့ ဘယ်လိုဖြစ်တာလဲ။ အေးအေးဆေးဆေးစောင့်နေတာကို"

—ရှုမဝ—



သူ့မျက်နှာကြီး နီရဲစူပုပ်ပြီး အော်ဟစ်မာန်မဲသမျှ မေ့ခေါင်းလေးငုံ့ပြီး မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ကာ နားထောင်နေရသည်။

"ကျွန်တော် တောင်းပန်ပါတယ်။ ဟို ပြန်လျှော်ပေးရမလားဟင်။ ဆယ့်ငါးမိနစ် . . ."

"တစ်မိနစ်တောင် မစောင့်နိုင်ဘူးကွ"

မစောင့်နိုင်လည်း သွားပေါ့ဟု မေ့စိတ်ထဲက ကျိတ်ပြီး ရေရွတ်လိုက်၏။

ရည်းစားနဲ့သွားတွေ့ဖို့အရေး ဘယ်လိုနည်းနဲ့မှ နှောင့်နှေးကြန့်ကြာလို့ မရလောက်အောင် အဖြစ်သည်းအကဲပိုကာ ဆွေ့ဆွေ့ခုန် ဒေါသဖြစ်နေသည့် သူ့မျက်နှာစူပုပ်ပုပ်ကိုကြည့်ကာ မေ့အမြင်ကပ်နေရင်းကပဲ ရယ်ချင်နေမိတာမို့ ဆူပူနေသည့်ကြားထဲက မျက်နှာက အပိုးမသေစပ်ဖြဲဖြဲလေးဖြစ်နေရ၏။

"မင်း ငါ့ကို တမင်လုပ်တာတော့ မဟုတ်ပါဘူးနော်"

—ရှုမဝ—

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ။ ကျွန်တော်က ဘာလို့တမင်လုပ်ရမှာလဲ"

"နွတ်ခမ်းနီတွေ ဘာတွေ အရင်နေ့ကမဆိုးဘဲနဲ့ ဒီနေ့မှ . . ."

"ဟို . . . ဆိုးတဲ့အခါလည်း ဆိုးပါတယ်။ အခု နွတ်ခမ်းတွေခြောက်ပြီး ကွဲနေလို့အခါ"

"တော် . . . တော် . . . ဘာမှပလီစိချောက်ချက်တွေပြောမနေနဲ့။ သွား . . . ငါ့ကားနဲ့လည်း မလိုက်နဲ့"

ပြောပြောဆိုဆို သူက တစ်ရှူးဘောက်(စ်)ထဲမှ တစ်ရှူးတစ်စကို ဆွဲထုတ်ကာ အင်္ကျီစကို ပွတ်ဖျက်နေတာကြောင့် မေ့ ကြောင်ငေးကြည့်နေမိသည်။

နွတ်ခမ်းနီအရောင်ကနုပေမယ့် ဖိပွတ်ဖျက်တော့ နေရာက ပိုပြန့်ပြီး အကွက်က ပိုကြီးသွား၏။ အဖြူပေါ်မှာ ပန်းရောင်ကွက်ကြီးက ထင်းခနဲပင်။ သူက ဒေါသတကြီး တောက်တခေါက်ခေါက်လုပ်နေသည်။

"ဟော့ . . . မင်း ငါ့ကားပေါ်က မဆင်းသေးဘူး





လား။ သွား . . . မြန်မြန် . . . ငါ မင်းကို နားရင်းပိတ်မအုပ်မိခင် မြန်မြန်ဆင်းသွားစမ်း"

မျက်ထောက်နီကြီးနှင့်ကြည့်ကာ အသံကျယ်ကြီးနှင့် လှည့်အော်ပုံက တကယ်ပဲ ထရိုက်တော့မည့်ပုံမို့ မေ့လည်း ကြောင်ငေးနေရာမှ ကသုတ်ကရက် တံခါးဖွင့် ခုန်ဆင်းလိုက်ရ၏။

"တောက် . . . သွားပြီ။ စာနယ်ဇင်းမိတ်ဆက်ပွဲသွားဖို့လည်း နောက်ကျကုန်ပြီ။ မေလေး . . . မင်းကတော့ ကွာ . . . ဟင်း"

သူ့ရဲ့ကျိုတ်မနိုင်ခဲမရ ရေရွတ်ပုံကြောင့် အိမ်ထဲလှစ်ခနဲပြေးဝင်လာတဲ့ မေ့ မျက်လုံးပြူး၊ လျှာလေးတစ်လစ်ထုတ်ကာ အံ့သြသွားရသည်။

သူက မေ့ထင်သလို ရည်းစားနှင့်သွားချိန်းတွေ့မှာ မဟုတ်ဘဲ စာနယ်ဇင်းမိတ်ဆက်ပွဲတစ်ခုသွားမှာ ဖြစ်နေတာကြောင့် အင်္ကျီပေါ်က နွတ်ခမ်းနီအတွက် စိတ်တော့ မကောင်းချေ။

●——မြမေသာ——●

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ စိတ်ကသိကအောက်ဖြစ်သွားတာကို ကြည့်ပြီး မေ့ ပျော်နေမိပါသည်။

ဒါ . . . အစပဲရှိသေးတယ် သွန်း။

နောက်ထပ် လက်ချာအသစ်တွေက ဒီထက် ပို ကြမ်းမှာ။

ရှင် သတိနဲ့သာနေ။

•———ဣဃဿ——— —•



## အခန်း (၉)

"သားတော့ မသိဘူး။ အဲဒီ ဒေါက်တာမလေးကို မေမေတော့ သဘောကျတယ်သိလား။ အရမ်းကြီးမချော ပေမယ့် ထက်မြက်ပြီး နူးညံ့သိမ်မွေ့မဲ့ယဉ်ရုပ်လေး။ သားကို လည်း မျက်နှာသာပေးတယ်နော်"

ဒီနေ့ အန်တီမြနှင့် သွန်းဆက်မိုးတို့ အပြင်ဆေး ခန်းကိုသွားပြီး ပြန်အလာမှာ ဆေးခန်းမှာတွေ့ခဲ့ရသော ဆရာဝန်မလေးအကြောင်း ပြောလာခြင်းဖြစ်သည်။

•———ဣဃဿ———•

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် လိုက်ပို့တာမို့ မေ့ လိုက်မသွားတော့ချေ။ ထို့ကြောင့်သူတို့ပြောနေသည့် ဆရာဝန်မလေးဆိုတာကိုလည်း မမြင်ဖူး၊ မတွေ့ဘူးဖြစ်နေပေမယ့် အန်တီမြသဘောကျပြီဆို ခပ်ညှို့ညှို့ထဲက မဟုတ်မှန်း အကဲခတ်လို့ရလေသည်။

"မေမေကလည်း လိုရာအတင်းဆွဲတွေးနေတယ်။ သူက သားကိုမျက်နှာသာပေးတယ်ဆိုတာ သူကြိုက်တဲ့စာရေးဆရာမို့ ရိုးရိုးသားသားခင်မင်ပြီး ရင်းနှီးရောဝင်တာ။ တခြားဘာစိတ်နဲ့မှ မဟုတ်ဘူး"

သွန်း ရှပ်အင်္ကျီလက်ကြယ်သီးကို ဖြုတ်ကာ တံတောင်ဆစ်အထိဆွဲတင်ရင်း မေမေ့မျက်နှာကို မကြည့်ဘဲ ပြန်ပြောတော့ မေမေက ဟက်ခနဲရယ်လိုက်ပြီး . . .

"ဩော် . . . သားကလည်း မိန်းကလေးကတော့ ရိုးရိုးသားသားနဲ့ စတာပေါ့။ အဲဒါကို ကိုယ်ကပါ လိုက်ရိုးနေရင် ငတုံးလေးဖြစ်သွားမှာပဲ။ ဒီမယ် မိန်းကလေးဆိုတာ ဒီထက်ပိုပြီး လမ်းဖွင့်ပေးလို့လည်း မရဘူး။ ဟိုက ပညာတတ် ဥစ္စာ





ပေါ ရုပ်ချောလေး။ မင်းဘက်ကစပြီး မရိုးမသားလုပ်ရမှာ သိရဲ့လား။ အဲဒါမှ ပါလာမှာ"

မေမေ့စကားကြောင့် သူခေါင်းပဲညိတ်ရမလို ခေါင်းခါရမလို ဖြစ်သွားမိသည်။

"မဟုတ်သေးပါဘူး မေမေရာ။ မိန်းကလေး ချောချောလှလှမြင်သမျှ သားအတွက်ချည်းပဲ စဉ်းစားမနေပါနဲ့။ သားလက်ထပ်မယ့် လူကိုတွေ့ရင် မေမေ့ကို ပြောမှာပါ"

"အဲဒီပြောမယ့်အချိန်က ဘယ်တော့လဲ။ သေချာတာလဲ မဟုတ်ဘဲ မစောင့်နိုင်ပါဘူး"

မျက်စောင်းရွယ်ရင်း ကလေးအရုပ်ပူဆာသလို ပြောလိုက်သော အန်တီမြကို တံခါးဝမှ လှမ်းချောင်းကြည့်ပြီး မေ့ သနားသလိုလိုတောင် ဖြစ်သွားရသည်။ သွန်းဆက်မိုးက သူ့အမေရှေ့မှ ကလေးပေါက်စလို ရှက်ရိပ် မျက်နှာရဲရဲနှင့် တဟဲဟဲရယ်နေ၏။

"မေမေကလည်း မိန်းမယူရင် သားကို သူများက မျှဝေချစ်မှာ မေမေက ကြည်ဖြူနိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အိုး . . . ဘာလို့ မကြည်ဖြူရမှာလဲ။ ဒါသဘာဝပဲဟာ။ ပြီးတော့ မေမေ့ကို ပြုစုမယ့် ချွေးမအလိမ္မာလေးဆို ဘယ်လောက်ကောင်းမလဲ။ သားအတွက်လည်း ပါရမီဖြည့် မေမေ့အတွက်လည်း ကုသိုလ်ယူမယ့် ချွေးမလေးဆို မျက်စိအောက်က အပျောက်မခံ ချစ်ပစ်လိုက်မှာပဲ"

"မေမေ့ကိုပြုစုဖို့များ သား မိန်းမယူမှလား မေမေရယ်။ ခုလည်း ငှားပေးထားတာပဲဟာ"

သူ့စကားကြောင့် မေ့ရင်ထဲက စူးခနဲ့အောင့်မျက်နှာကျင်သွားမိလေသည်။

"ငှားထားတာနဲ့ ဘာဆိုင်လဲ သားရဲ့။ အဲဒါ အပိုင်ရတာမှ မဟုတ်တာ"

"မေမေက အပိုင်လိုချင်လို့လား"

ဘယ်လို အဓိပ္ပာယ်သက်ရောက်ကုန်မှန်း သတိမရဘဲ နှုတ်ကလွှတ်ခနဲ ပြောထွက်မိစဉ် အခန်းဝက ခန်းဆီးစလေးလှုပ်သွားတာ မြင်တော့ ရှက်စိတ်နှင့်အတူ ဒေါသရင်မှာ ဖြစ်တည်လာ၏။



သူ့ထိုင်ရာမှ ဝုန်းခနဲထရပ်တော့ မေမေကအလန့်တကြား မော့ကြည့်သည်။

"ဘယ်လဲ . . . သား"

"ခဏလေး မေမေ။ ပြန်လာခဲ့မယ်"

သူ့အခန်းထဲက ဒရောသောပါးထွက်လိုက်လာခဲ့မိ၏။ သူမက ထမင်းစားခန်းဝမှာ ရပ်နေသည်။

"မေလေး"

မေ့ ဘာမှမပြောဘဲ သူ့မျက်နှာကို ထုံပေပေမော့ကြည့်လိုက်၏။

"ခဏလာဦး"

"ဘာခိုင်းစရာရှိလို့လဲ"

"ဘာခိုင်းခိုင်း မခိုင်းခိုင်း။ ငါက အိမ်ရှင် မင်းက အလုပ်သမား ခေါ်ရင်လာ၊ ခိုင်းရင်လုပ် အပိုတွေပြန်မမေးနဲ့"

ခက်ထန်သော မျက်နှာထားနှင့် မောက်မာလှသော သူ့စကားကြောင့် မေ့ဒေါသဖြစ်စွာမော့ကြည့်ရင်း . . .

"ကျွန်တော် ခင်ဗျားအိမ်က အလုပ်သမားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မှန်တယ်၊ ဒါပေမဲ့ ဘာမှန်းညာမှန်းမသိဘဲ နိုင်းသမျှ လုပ်၊ စေသမျှသွားဖို့မလိုဘူး သွန်း။ သက်ဦးဆံပိုင် ပဒေသရာဇ် စနစ်မျိုး ကျင့်သုံးချင်တယ်ဆိုရင် အဲဒီခေတ်ကို မီရာယာဉ်နဲ့ ပြန်သွားလိုက်၊ ကျွန်တော်ကတော့ တရားနည်းလမ်းမကျ ရင် ဆောရီးပဲ"

သူမစကားအဆုံး သွန်း မျက်မှောင်ကြုတ်ရင်း ရှေ့သို့ ခြေနစ်လှမ်းထပ်တိုးလိုက်သည်။

"မင်းစကားပြောတာ ရင့်လှချည်လား"

"ခင်ဗျားက စ.ရိုင်းတာပါ။ ဘာအကြောင်းမှန်း မသိဘဲ ခင်ဗျားခေါ်တဲ့ဆီလိုက်ရအောင် ကျွန်တော့်အဆင့်က မနိမ့်သေးဘူးဆိုတာ သိစေချင်လို့ပြောတာ၊ ခင်ဗျားလို အရှင်သခင်ကို မရင့်ရဲပါဘူး"

"တော်စမ်း . . . မင်း အဲလို ပြောနေတာကိုက ငါ့ကို ထေ့ငေါ့နေမှန်း အသိသာကြီး။ မင်းက ဘယ်သူ့အားကိုးနဲ့ ငါ့ ကိုပြန်ခံပြောနေတာလဲ"

သူ့စကားကြောင့် ဒေါနှင့်မာန်နှင့် ကတ်ကတ်လန်





အောင် ရန်ပြန်တွေ့နေမိသော မေ့မှာ ကိုယ်ရောက်နေရတဲ့ အခြေအနေကို သတိရလျက် ပြန်ပြီး အရှိန်သပ်လိုက်ရ သည်။

သွန်းဆက်မိုးကတော့ သူမကို အခဲကျေပုံမရ။

ခါးထောက်ရင်း တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ကာ သူမမျက်နှာကို စားတော့ဝါးတော့မယ့်အတိုင်း စိုက်ကြည့်နေသည်။

"ကျွန်တော်ပြောတာ ရိုင်းသွားရင် တောင်းပန်ပါ တယ်"

"မလိုပါဘူး။ ငါက မင်းအရှိအသေတန်မှန်း အစော ကြီးကတည်းက သိပြီးသား။ တောင်းပန်တယ်ဆိုတဲ့ စကား ကို အောင့်သီးအောင့်သက်နဲ့ ပြောမယ့်အစား နောက်တစ်ခါ အနေအထိုင် ဒ.ပြောအဆိုဆင်ခြင်ပါ၊ ပြီးတော့ စပ်စုတတ် တဲ့ မင်းအကျင့်ကို ပြင်ထား"

"ကျွန်တော်က ဘာကိုစပ်စုနေလို့လဲ"

"ခုန မေမေ့အခန်းထဲမှာ ငါနဲ့မေမေ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာကို အခန်းဝကနေ ရပ်နားထောင်တာကိုပြောတာ"

သူ့စကားကြောင့် မေ့ အငိုက်မိ အရှိက်ထိတော့ မလို့ ဖြစ်သွားရာမှ ရုတ်ခြည်းအကြောင်းပြချက် လှလှတစ်ခု သတိရမိ၏။

"ခင်ဗျားတို့ သားအမိပြောနေတဲ့ စကားကို စိတ်ဝင်တစား စပ်စုရလောက်အောင် အချိန်မပိုဘူး။ အခုဟာက အန်တီကို ဆေးတိုက်ရမယ့် အချိန်မို့"

"ဆေးတိုက်ရမယ်ဆို မင်း အသံပေးပြီး ဝင်လာခဲ့လို့ရတယ်။ ငါလည်း မင်းကို ကိုက်မစားဘူး။ မေမေက လည်း အော်မထုတ်ဘူး။ အခန်းရှေ့မှာ မယောင်မလည် ရပ်ပြီး ပြောတဲ့စကားကို အမှတ်တမဲ့လိုလို နားထောင်နေတာကမှ အနှောင့်အယှက်ဖြစ်စေတာ။ မင်းက ခပ်ညံ့ညံ့ထဲက မဟုတ်ပါဘူး။ ဒါပေမဲ့ လိုသေးတယ်။ အဲဒီလောက်နဲ့ သွန်းဆိုတဲ့ကောင်နဲ့ ရင်ဆိုင်ဖို့ မစဉ်းစားနဲ့ဦး"

စကားအဆုံး သူက မေ့ ရှေ့မှရှာခနဲ လှည့်ထွက်သွားတော့ နေရာမှာ တောင့်တောင့်လေးရပ်ပြီး သတိလက်





လွှတ်ကျန်ခဲ့ရတော့၏။

"သွန်း . . . ခင်ဗျားကို မကျေနပ်ဘူး" လို့ ရင်ထဲမှာ အကျယ်ကြီး အော်မိပေမယ့် တကယ့်အခြေအနေက နှုတ်ဆိတ်ခေါင်းငုံ့လျက်သာ။

ဖြစ်ချင်တိုင်းဖြစ်မရတဲ့ ဒေါသက မျက်ရည်အဖြစ် အသွင်ပြောင်းလာတော့ မေ့ မငိုဘဲ ရှိုက်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

"ဟဲ့ . . . တောက် သေတော့မယ်။ နင်ကတော့ သေတော့မယ်နော်"

"ဝုန်း"

"ဒုန်း"

"ဂလွမ်း"

ထမင်းစားခန်းဆီမှ ပျံ့လွင့်လာသော အသံတွေကြောင့် သွန်းဖက်လက်စ စာအုပ်ဆီစိတ်မရောက်နိုင်တော့



ချေ။ ဘာတွေကြောင့် ဘယ်လို ဝုန်းဒိုင်းကြဲနေမှန်းမသိ တစ်အိမ်လုံး ဆူညံပူညံလိုက်နေ၏။

"ဟယ် . . . ပြေးတယ် . . . ပြေးတယ် . . ကြည့်စမ်း အစုတ်ပလုတ်ကောင်၊ အပေအတေကောင်၊ ရှပ်ကိုက ဆောင့်ကြွားကြွားနဲ့။ နှုတ်ခမ်းမွေးတကားကားနဲ့ လူကိုလာ မကြည့်နဲ့ ငရုတ်ကျည်ပွေ့စာမိသွားမယ် ဘာမှတ်နေလဲ"

သွန်း လက်တစ်ဖက်က ကိုယ့်မျက်နှာကိုယ်ပင် ယောင်ယမ်းစမ်းလိုက်မိ၏။ ရိတ်ထားတာ နည်းနည်းကြာပြီမို့ နှုတ်ခမ်းမွေးက ရေးတေးတေးတော့ ပြန်ထွက်နေပြီ။ အထဲက မယ်မင်းကြီးမက ဘာကို ကြိမ်းမောင်းနေမှန်းမသိ။ သွန်းရဲ့ နှုတ်ခမ်းမွေးကိုပါ အဆစ်ထည့်ခလုတ်တိုက်သွားသေးသည်။

ခေါင်းကို ဆိုဖာလက်တင်ပေါ် တုံးခနဲပြန်ချရင်း ပက်လက်လှန်လျက် ဒူးတစ်လုံးပေါ်တစ်လုံးချိတ်ကာ စာအုပ်ဆီအကြည့်ပြန်ပို့စဉ် အခန်းထဲက ဝုန်းဒိုင်းကြဲအသံတွေက ပိုဆူလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ကြိမ်းမောင်းရေရွတ်သံကလည်း နားနားကပ်ပြီး ကိုယ့်ကိုပဲလာအော်နေသလိုလိုမို့ သွန်းဒေါသဖြစ်စွာ ကုန်းထလိုက်မိ၏။

"ဟဲ့ . . . မပြေးနဲ့။ လာခဲ့ . . နင့်ကိုမှ ဒီနေ့လက်စတုံး မစီရင်ရရင် ငါဘာမှမလုပ်ဘူး။ လာခဲ့"

မေမေ့အခန်းကတော့ အသံလုံနေတာမို့ ကြားချင်မှကြားရမည်။ သွန်းတစ်ယောက် အပေါ်ထပ်ကိုယ့်အခန်းကဆင်းလာပြီး ဧည့်ခန်းမှာ ခဏပဲ စာအုပ်ထိုင်ဖတ်မိပါသည်။ ကြားရတဲ့အသံက ဘယ်လိုမှ နားခံသာဖွယ်မရှိ တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် တိုက်ပွဲကြီး ဆင်နွှဲနေသလားမှတ်ရသည်။

စလောင်းဖုံးပြုတ်ကျသံ၊ စားပွဲကို တစ်ခုခုနှင့် ထုနက်သံ၊ စင်ပေါ်က ဇွန်းခက်ရင်းတွေ အချင်းချင်း ထိခတ်မိတဲ့အသံတွေက အိမ်ပင်ပြိုတော့မလား မှတ်ရ၏။

"ဟော့ . . . ဘာတွေဖြစ်နေတာလဲ"

သွန်းအခန်းဝက လှမ်းအော်လိုက်ထဲတော့ ထမင်းစားခန်းဆီက အသံဗလံများ တိခနဲရပ်ဆိုင်းသွားတော့သည်။

●——ဂျွှယောက်——●



ထို့နောက်တွင် တီရှပ်အစိမ်းရောင် ပွပွဖားဖားကြီးနှင့် ဒူးလောက်အထိ လိပ်တင်ထားသော အပြာလွင့်လွင့်ဂျင်းပင်(န်)ကို ဝတ်ထားပြီး ဆံပင်တိုနန့်နန့် ကြက်တောင်စည်းစုစည်းထားကာ ရယ်ချင်စဖွယ် အချိုးမပြေသည့် သူမမျက်နှာကို မြင်လိုက်ရ၏။

သူမလက်ထဲမှာ သစ်သားငရုတ်ကျည်ပွေ့က တစ်ဖက် အရိုးရှည်တပ်စတီး(လ်)ဇွန်းခွက်ကြီးကို တစ်ဖက်နှင့် စားပွဲရှည်ပေါ်မှ သတ္တုပါတစ်ကောင်ကို အပြတ်နှိမ်နင်းပစ်တော့မည့်ဟန်နှင့် သွန်းကိုလှည့်ကြည့်ပြီ . . .

"ဒီမှာလေ ပိုးဟပ် . . . ပိုးဟပ်တစ်ကောင် ကျွန်တော်ဆေးမယ့် ပန်းကန်တွေကြားထဲ လာရှုပ်နေလို့ ဒါနဲ့ထုမလို့ ခြောက်လှန့်ထုတ်နေတာ သူက ထွက်မလာဘူး။ ေပ စင်ထဲမှာ ပတ်ပြေးနေတယ်လေ။ ဟင် . . . နင်ထွက်ခဲ့ . . . ထွက်ခဲ့။ ငါ့လက်က ပြေးမလွတ်ဘူးနော်"

သွန်းကိုလည်း တစ်ဖက်လှည့်ပြော ဘေစင်ထဲက ပန်းကန်ထပ်ထဲမှ ပိုးဟပ်ကိုလည်း အော်ဟစ်ခြိမ်းခြောက်

●——ဂျွှယောက်——●

www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ယောက်တည်း ပျာယာခတ်နေပုံက မျက်စိနောက်ဖွယ်။ သွန်း သက်ပြင်းတစ်ချက် ချလိုက်မိ၏။

တကယ်မလွယ်တဲ့ ကောင်မလေးပါလား။

သွန်း ထမင်းစားခန်းဝကနေ လှည့်ထွက်ရန်ဟန်ပြင်လိုက်စဉ်မှာပင်။

"ဟဲ့ . . . အံမယ် ဒါက ဘယ်ကိုထွက်ပြေးမလို့လဲ။ ဒီလို ထွက်ပြေးလို့ရမလား။ ကဲဟာ . . . ကဲဟာ"

"ဒုန်း"

"ဝွမ်း"

"ဒုန်း"

"ကဲ . . . ကဲ . . . သေစမ်း"

ဘယ်ကိုထွက်ပြေးမလို့လဲ ဆိုတဲ့စကားက သူ့ကျောပြင်ကြီးကို ကြည့်ပြီးပြောလိုက်ပေမယ့် ဘေစင်ထဲမှာ မျက်နှာငယ်နှင့်ရှိနေသည့် ပိုးဟပ်ကလေးကိုတော့ မေ့ တကယ်မထုပါ။

တခြားနေရာကို လွဲပြီးရိုက်ပုတ်ထုနက်နေခြင်းဖြစ်



သည်။

သွန်းဆက်မိုးက မျက်မှောင်ကြီးကြုတ်ပြီး ဒီဘက်ပြန်လှည့်လာ၏။

"ဟော့ . . . မင်းဘယ်လိုဖြစ်နေလဲ။ ပိုးဟပ်တစ်ကောင်ကို လူကြားမကောင်း သူကြားမကောင်း အော်ဟစ်ထုနက်နေရလား . . . တော်တော့"

"ဟို . . . အဲ . . . အဲဒါက ရောဂါရ"

"ရချင်တာရပါစေ။ မလုပ်နဲ့ . . . မသတ်နဲ့တော့ ပန်းကန်ဆေးစရာရှိတာဆေး"

"သူက အစားသောက်တွေပေါ် နူတ်ခမ်းမွေး တကားကားနဲ့ လျှောက်တတ်တာ ရွံစရာ"

"ဟော့ . . . တော်ပြီ။ ငါက မသတ်နဲ့ဆိုမသတ်နဲ့ ဒီ နူတ်ခမ်းမွေးပဲထည့်ထည့် ပြောမနေနဲ့။ အဲဒါ နူတ်ခမ်းမွေးလို့ မင်းဘယ်သူပြောလဲ"

သူ့စကားကြောင့် မေ့ရယ်ချင်လိုက်တာမှ ဖပ်ဖပ်မော၊ မနည်းအူနိပ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ။ ဒီဟာနှုတ်ခမ်းမွေး မဟုတ်ဘူးလား။ ဒါဆိုဘာလဲ ဦးမုဒ်လား၊ မျက်ခုံးမွေးလား မသိဘူး။ ဖြစ်ချင်ရာဖြစ် လုချင်တယ်။ နို့မို့ဆို"

"ဟော့ . . . မင်းပြောလို့မရဘူးလား။ ငါက မသတ်နဲ့ဆို မသတ်နဲ့ပေါ့။ တော်တော်အရစ်ရှည်တယ် ထားလိုက်အဲဒါ။ ငါ့ကို ကော်ဖီဖျော်ပေး။ သကြားနဲ့ နို့ဆီမထည့်နဲ့နော် သံပုရာနည်းနည်းညှစ်"

"ဟုတ်"

မေ့ ရုပုပ်ပုပ်လေးနှင့်ခေါင်းညိတ်လိုက်ပြီး လက်ထဲက ဖွန်းခွက်ကြီးပေါ်ဝ ရေတက်ကျည်ပွေ့ခတွေကို မချချင်ချချင်နှင့်ချလိုက်ရပါသည်။ သူထွက်သွားတော့ မေ့ ခါးလေးကုန်းဒိုက်ကိုနှိပ်ပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်မိတော့၏။ ရယ်လို့မှမဝသေး။

"မင်း ဘာလုပ်နေတာလဲ။ ကော်ဖီဖျော်နိုင်းထားတယ်လေ"

ဟူသော သူ့အသံကြီး ထမင်းစားခန်းဝမှာ ပြန်





ပေါ်လာတာမို့ ရယ်ချင်စိတ်ပျောက်ကာလန့်ဖျပ်ပြီး ရေခဲသေတ္တာထဲမှ သံပရာသီးကို ကပျာကယာခြေယူရပါသည်။

သူဖျော်နိုင်းသော ဘလက်(ခ်)ကော်ဖီက မေ့အကြိုက်ထဲမှာပါသည်။ အရမ်းအိပ်ချင်နေတာ၊ စိတ်မကြည်တာမျိုးဆို ကော်ဖီခါးခါးလေးနှပ်ဖျော်၊ ပြီးရင် သံပုရာရန့်လေးသင်းအောင် အချဉ်ဓာတ်သိပ်မများစေဘဲ အခွံကလေးပါးပါးစိတ်ပြီး ထည့်သောက်ရတာမျိုးဖြစ်၏။

နဂိုစိတ်နဲ့ဆို နောက်ထပ်ဖျော်ပေးပါဦးလို့ တောင်းဆိုရလောက်အောင် လက်စွမ်းပြလိုက်မှာဖြစ်ပေမယ့် စေတနာလည်းမပါ၊ အရှုံ့တိုက်ပညာပြလိုခြင်းသာ စိတ်မှာကြီးစိုးမင်းမူနေတာမို့ ကော်ဖီကို ခါးတူးနေအောင်ဖျော်ပြီး သံပုရာရည်ကို အများကြီးညှစ်ထည့်ချလိုက်သည်။

ဖွန်းသေးသေးလေးနဲ့ နည်းနည်းမြည်းကြည့်ရုံနဲ့တင် ချဉ်တူးခါးသက်နေတဲ့အရသာကြီးက အော်ဂလီဆန်ဖွယ်။ အိပ်ငိုက်နေတဲ့လူသွားတိုက်လျှင် အိပ်ချင်ပြေရုံတင်မက ဟိုဘက်လွန်ထွက်ပြီး ဂဏန်းမျက်စိလို အပြင်တော.င်



www.burmeseclassic.com

www.burmeseclassic.com



ပြူးထွက်သွားနိုင်သေး၏။

အမှန်တော့ သံပုရာခွံက ပူရှိန်းရှိန်းအမွှေးရနံ့လေး နည်းနည်းပါဝင်ရုံပဲဖြစ်ရမှာ ခုတော့။

သူက မကောင်းဘူး ဘာညာပြောလျှင်လည်း မသိလို့ပါ၊ မလုပ်တတ်လို့ပါ။ နောက်ဒီလို မဖြစ်စေရပါဘူး။ ဘာညာပြောဆို တောင်းပန်လိုက်ရုံပင်။

ကဲ . . . မေ့ အကြံမပိုင်ဘူးလား။

BURMESE CLASSIC .com

ဘလက်(ခ်)ကော်ဖီကို စတီး(လ်)မက်ခွက်ထဲကနေ ကော်ဖီခွက် အဖြူရောင်လှလှလေးထဲ ပြောင်းထည့် အောက်က ကြွေပန်းကန်ဖြူဖြူဝိုင်းဝိုင်းလေးပေါ်တင်ကာ သပ်သပ်ရပ်ရပ် လှလှပပလေးပြင်ဆင်ပြီး ယူလာခဲ့၏။

သူက ဧည့်ခန်းထဲမှာ မရှိတော့။

"ဟွန်း . . . ကိုကြီးကျယ်ကို သူ့အခန်းထဲထိလိုက်ပို့ရဦးမယ်"

မေ့ မကျေမနပ်လေး ရေရွတ်ပြီးလှည့်ထွက်မည်ပြုစဉ် . . .

●——ဈေးသော——●



"မင်းဘာပြောတာလဲ၊ ငါ ဒီမှာ မမြင်ဘူးလား"

"ဟင်"

ဆိုဖာရှည်ပေါ်မှ ဝုန်းခနဲထထိုင်လိုက်သော သွန်းဆက်မိုးကိုမြင်တော့ မေ့ အံ့ဩပြီး လန့်သွားရသည်။

"ရှေ့မကြည့် နောက်မကြည့်ပြောဖို့ဘဲ လူတစ်ယောက်လုံးဒီမှာ လှဲနေတာမမြင်ဘူး"

မေ့ ကိုယ့်အပြစ်နဲ့ကိုယ် ငြိမ်နေလိုက်ရသည်။ ဧည့်ခန်းဝက လှမ်းကြည့်တော့ လှဲနေသည့် သွန်းကို မမြင်ရ။ မရှိဘူးထင်ပြီး ပြောချင်ရာပြောတော့ မေ့ပဲ အဆူခံရ၏။

"ကော်ဖီရပြီ"

မေ့ သူ့ရှေ့မှာ အသာချပြီး လှည့်ထွက်ဖို့ ပြင်တော့ သူက မေ့ လက်ကို ဖျတ်ခနဲဆွဲထား၏။

"ဘာလဲ"

"နေဦး။ ဘာလိုလဲ ဆိုတာသိရင် ထပ်ခိုင်းရဦးမှာ။ မင်းဒီမှာနေဦး။ ငါမြည်းကြည့်ဦးမယ်"

မေ့ လက်ကို ဆောင့်ရုန်းပြီး မျက်စောင်းရွယ်လိုက်

●——ဈေးသော——●

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ သူက ထထိုင်ပြီး ကော်ဖီခွက်ကို ကောက်ပြီးနမ်းကြည့်၏။

"အနံ့ကတော့ မွှေးနေတာပဲ"

သွန်းကော်ဖီကို တစ်ငုံသောက်လိုက်၏။ ချဉ်စုပ်စုပ်ခါးတူးတူး အရသာကြီးက လည်ချောင်းထဲကို ဘယ်လိုမှ ကျမသွားဘဲ။

"ဝေါ့ . . . အမယ်လေး . . . ထွီ"

"ဟာ . . . ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

သူ့ ထွေးအန်ထုတ်ပစ်လိုက်တဲ့ ကော်ဖီတွေက မေ့ တစ်ကိုယ်လုံး ပေကျံသွား၏။ သူက ရှုံ့မဲ့ပြီး ထမင်းစားခန်းထဲက ဘေစင်ဆီဝင်ပြေးသည်။

မေ့ ကိုယ့် ကိုယ်ပေါ်ကို သူထွေးပစ်ခဲ့သော ရွံစရာ ကော်ဖီရည်တွေကို ငုံ့ကြည့်ပြီး နှာခေါင်းရှုံ့ကာ ထမင်းစားခန်းထဲဝင်လိုက်လာခဲ့တော့ သူက ဘေစင်မှာ တအော့အော့နှင့် ဥသြဆွဲလို့ကောင်းတုန်းပင်။

"ဝေါ့ . . . အော့"

•——ရွှေယအော——•



မေ့မှာလည်း ဒီအတိုင်းရပ်ကြည့် မနေနိုင်တော့ဘဲ သူ့ကျောကို ပြေးထုပေးရတော့၏။

"ဝေါ့ . . . ရေ . . . ရေ"

"အဲဒီမှာလေ"

"သောက်ရေပေး"

မေ့ ထမင်းစား. စားပွဲပေါ်က ရေသန့်ဘူးကို ပြေးယူကာ ဖန်ခွက်ထဲငှဲ့ထည့်ပြီး သူ့ကို ပေးလိုက်တော့ သူက အန်ပြီး· သောက်ရေနှင့် ပလုပ်ကျင်း၏။ မျက်နှာကလည်း တွန့်မဲ့ရှုံ့တွနေတော့သည်။

ပြီးတော့ ထမင်းစား. စားပွဲပေါ်က နံ့တစ်လုံးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ချလိုက်ကာ မေ့ ကို ဒေါသတကြီးစိုက်ကြည့်နေလေသည်။

"ပဲအေးဘူး ယူပေး"

မေ့ ရေခဲသေတ္တာထဲက ကုတ်တစ်ဘူးကို အပြေးကလေးသွားယူ ပေးရပြန်၏။

တောက် . . . သေလိုက်တော့ မေ့သည်းညှာ။

•——ရွှေယအော——•

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒုက္ခပေးသမျှက နေရောင်အောက်မှာ မှုန်သွားရထားသလို ကိုယ့်ဘက်ချည်းရောင်ပြန်ဟပ်တာ ဘယ်နကြိမ်ရှိပြီလဲ။ ဘယ်လောက် အပင်ပန်းခံပြီး ဒုက္ခပေးပေး ကိုယ်ချည်းပဲ ပြန်ခံနေရတာ။

"ထိုင် . . . မင်း အဲဒီမှာ ထိုင်ဦး"

မေ့ သူ့ရှေ့မှာ ခေါင်းလေးငုံ့ပြီး ကျုံ့ကျုံ့လေးဝင်ထိုင်လိုက်ရ၏။ သူက ကုတ်ဘူးကို ထောက်ခနဲ ဖွင့်ဖောက်ပြီး သောက်နေရင်းမှ မေ့ကို မျက်လုံးစွေကြည့်နေသည်။

"မေလေး"

"ဗျာ"

"ရှင်လို့ထူး"

"ရှင်"

မေ့ရဲ့ ထူးသံက ပျင်းတွဲတွဲ ညောင်နာနာဖြစ်နေ၏။

"မင်းကို ငါကြည့်နေတာကြာပြီ"

မေ့ ကော်ဖီတွေ အကွက်လိုက်စွတ်စိုပေကျံနေသော ခန္ဓာကိုယ်ကို တစ်ချက်ပြန်ငုံ့ကြည့်လိုက်မိ၏။

•——ရွှေဒေသာ——•

BURMESE CLASSIC .com



"ဘာငုံ့ကြည့်တာလဲ။ မင်းကို ငါကြည့်နေတယ်ဆိုတာ မင်းရုပ်ကိုကြည့်နေတာ မဟုတ်ဘူးကွ။ မင်းရဲ့ အရိပ်အကဲ အချိုးအချိတ်ကို ကြည့်နေတာ။ ဘာလဲကွာ မေမေ့ကိုဆိုရင် မင်းပုံစံက တစ်မျိုး ငါ့ရှေ့ရောက်ရင် ပုံစံကတစ်မျိုး"

"ထင် . . . ထင်လို့ပါ။ အတူတူပါပဲ"

"ဘာအတူတူပါပဲလဲ။ မေမေ့ကို စေတနာထားသလောက် ငါ့ကျတော့ တစ်နည်းမဟုတ် တစ်နည်းဒုက္ခပေးနေတာ။ မင်းချက်ပြုတ်ပေးသမျှကလည်း ငါသွေးတိုးရင် တိုး၊ မတိုးရင်ဝမ်းလျှော တစ်ခုမဟုတ်တစ်ခု ဥပဒ်ဖြစ်အောင် လုပ်နေသလိုပဲ။ အချဉ်ဆို အချဉ်တွေချည်းပဲ တန်းစီချက်တယ်။ အခါးဆိုလည်း ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီး၊ ခွေးတောက်ရွက်ကအစ ကြုံကြုံဖန်ဖန်တွေ စီစဉ်ထားယ်၊ ဟင်းအပြောက်ဆိုလည်း အခြောက်တွေချည်း မျိုချလို့မရအောင်၊ အစိုဆိုလည်း ပန်းကန်ထဲ လှေလှော်လို့ရအောင် လုပ်ထားတယ်။ အဲဒါ ဘာသဘောလဲ"

"ကောင်း . . . ကောင်းမလားလို့ပါ"

•——ရွှေဒေသာ——•

www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ကောင်းမလားလို့ ဟုတ်လား။ မင်းမှာ လျှာမပါဘူးလား။ မင်းပဲ အရင်မြည်းစမ်းစားကြည့်ပေါ့။ ကောင်းလား မကောင်းဘူးလားဆိုတာ။ အစပိုင်းတော့ တိုက်ဆိုင်တာလို့ပဲ ငါထင်တယ်။ အရင်က ဒေါ်စော ဈေးသွားတယ်။ အခုမင်းရောက်လာတော့ မင်းစီမံခန့်ခွဲတယ်။ ကိုယ်တိုင်ဝယ်တယ်၊ ချက်တယ်၊ ဘာတစ်ခုမှ အဆင်မပြေဘူး။ တွဲမစားသင့်တဲ့ဟာတွေ ချက်လိုချက်။ မင်းက ငါ့ကို လုပ်ကြံနေတာလား။ ဟင်း . . . ဘာအပြိုးနဲ့ ငါ့ကိုကြံစည်နေတာလဲ ပြောစမ်းပါ။ ငါသာ ရှေ့နောက်မစဉ်းစားဘဲ မင်းချက်သမျှ အကုန်လျှောက်စားရင် သေတာကြာပြီကွ"

မျက်နှာချင်းဆိုင်ပြီး လုပ်ထားသမျှ အပြစ်တွေစုကာ လက်ညှိုးငေါက်ငေါက်ထိုးဆူနေသော သူ့ကို မေ့ တကယ့်တကယ် ပြန်ပြောဖို့နေနေသာ မော်လို့တောင် မကြည့်ရဲတော့ချေ။

"မဖြစ်တော့ဘူး။ ဒီနေ့ကစပြီး မင်းကိုငါပုံစံပေးမှရတော့မယ်။ ဈေးသွားရင် ဒီနေ့ ဘာဝယ်မယ်၊ ဘာချက်မယ်

ရွှေအသ



ဆိုတာ ဒေါ်စောနဲ့တိုင်ပင်သွား။ ဟင်းချက်ရင် သူစီစဉ်ညွှန်ကြားတဲ့အတိုင်း မင်းချက်ရမယ်။ မေမေ့ကို အစပ်အဟပ်တည့်အောင်စီစဉ်ပေးသလို ငါ့ကိုလည်း အဲ့အတိုင်း ချက်ကျွေး။ ပြီးတော့ မင်းစကားပြောတာပြောင်း။ နံပါတ်တစ် ငါ့ကို သွန်းလို့မခေါ်နဲ့။ နံပါတ်နှစ် ငါ့ကို ခံမပြောနဲ့။ နံပါတ်သုံး ငါနိုင်းရင် မြန်မြန်နဲ့ တိတိကျကျလုပ် . . . ကြားလား"

"ကြားပါတယ် ကိုသွန်း"

"မင်း . . . ငါ့ထက်ငယ်တယ်။ ငါ့နာမည်မခေါ်နဲ့။ အစ်ကိုလို့ခေါ်"

မေ့ နှာခေါင်းရှုံ့လိုက်မိ၏။

ဟင်း . . . အစ်ကိုဆိုတော့လည်း အစ်ကိုပေါ့။

"မေမေ့ ကိစ္စတွေပြီးရင် မင်းဘာလုပ်လဲ"

"ဘာမှမလုပ် . . . အဲ . . . ဟိုဟာ အိပ်တယ်"

"မနက်ဖြန်ကစပြီး ညစာစားပြီးတာနဲ့ တီဗွီမကြည့်ရဘူး။ ငါ့စာမူတွေ proof ဖတ်ပေးရမယ် ကြားလား။ ဒီအိမ်မှာ မင်းကိုခေါ်ကတည်းက အထွေထွေသဘောနဲ့ခေါ်တာနော်။

ရွှေအသ

www.burmeseclassic.com

www.burmeseclassic.com



ညတိုင်း ငါ့စာမူတွေ တစ်နာရီတိတိဖတ်ပေးရမယ် ပြီးမှ အိပ်"

မေ့ အောက်သက်သက်နှင့်ပင် ခေါင်းညိတ်ရပြန်၏။

"ဒါပဲ . . . သွားတော့ . . . အဲ . . . မှားလို့ နေခဲ့ . . . ငါ သွားမယ်"

သူက မျက်နှာထားတင်းတင်းနှင့်ပင် ထမင်းစားခန်းထဲမှ ထွက်သွား၏။

မေ့ နှုတ်ခမ်းလေးကိုက်၊ မျက်စောင်းရွယ်ပြီး သူ့နောက်ကျောမှာ လက်သီးလေးရွယ်ကာ ကျန်ရစ်ခဲ့ရ၏။

ဟွန်း . . . မုန်းစရာကောင်းတဲ့ လူကြီး။

ခင်ဗျားကို ဒုက္ခပေးချင်လို့ သည်းခံနေတာ မသိဘဲ နဲ့လာအော်နေတယ်၊ ရယ်စရာကောင်းလိုက်တာ။

—ရှုမဝ—



## အခန်း ( ၁၁ )

သူ့စကားအဆုံး မေမေက သဘောကျလွန်းသောကြောင့် မျက်စိမပွင့်အောင် တဟင်းဟင်း ရယ်မောနေလေတော့၏။

သူလည်း နဂိုကတည်းက ရယ်ချင်နေတာမို့ မေမေနှင့်အတူ ရောရယ်မိတော့သည်။

မေမေက နံ့သာဖြူစိပ်ပုတီးလေးကို လက်မှာပတ်ရင်း . . .

—ရှုမဝ—

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကလေးမလေးက ချစ်စရာလေးပါ သားရဲ့။ မေမေ့ကိုလည်း စေတနာပါပါနဲ့ စိတ်ရှည်လက်ရှည် ပြုစုလုပ်ကိုင်ပေးတယ်။ သနားလည်းသနားတယ်၊ တစ်ခါတလေ သူ့ပုံလေးက အိမ်မှာ အလိုလိုက်ခံထားရတဲ့ ကလေးဆိုးလိုပဲ။ ရုပ်လေးက သန့်သန့်ပြန့်ပြန့် ချောချောလှလှလေးဆိုတော့ မေမေတို့ Family doctor ကတောင် သူ့ကို သမီးလေးလား၊ တူမလေးလားနဲ့ ဒီရောက်တာ နှစ်လသုံးလရှိပြီနော်။ သူ့အိမ်သူ့မိသားစုနဲ့ အဆက်အသွယ်လုပ်တာလည်း မတွေ့ရဘူး။ မိဘမဲ့ တစ်ကောင်ကြွက်လေးဆိုရင်တော့ မွေးစားထားလိုက်ချင်တယ်"

"ဟာ . . . မဟုတ်တာ မေမေရယ်။ ဒီအရွယ်ကြီးကျမှ"

"ဘာဖြစ်လဲသားရဲ့၊ သားထက် ငါးနှစ်လောက်တောင်ငယ်တာ ညီမလေးပေါ့။ သားကိုလည်း ရှိသေသားပဲ"

မေမေ့စကားကြောင့် သွန်းနှာခေါင်းရှုံ့ ခေါင်းခါလိုက်မိ၏။

•——ရွှေယသော——•



သင်းလား ကိုယ့်ကို ရှိသေလေးစားမှာ။

မျက်နှာထိမျက်နှာထားနဲ့ အတင်းပြုံးပြီ မာန်မဲမြိမ်းခြောက်နေတာတောင် သိပ်ဂရုစိုက်ချင်တာမဟုတ်။

ဘယ်သူ့မှ ခွင့်မပြုခင် စခေါ်ပုံကိုက သွန်းတဲ့။

ကိုယ့်အမေတောင် ဒီလိုခေါ်တာ မဟုတ်ဘဲ၊ သူ့မလို မလောက်လေးမလောက်စားက သွန်းကို တန်းတူလိုက်ပေါင်းချင်သေးတာလည်း အံ့လောက်ပါရဲ့။

"အရင်နေ့တွေက မေမေ မအိပ်မချင်း ဒီမှာတီဗွီကြည့်ရင်း စကားတွေ ဖောင်ဖွဲ့နေတာ အခုဘယ်ရောက်နေပါ့လိမ့်"

"ဘယ်မှမရောက်ဘူး။ သားအခန်းထဲမှာ"

"ဟဲ့ . . . ဘယ်လို"

"ဩော် . . . သားစာမူတွေ စစ်ခိုင်းထားတာပါ"

မေမေရဲ့ တအံ့တဩ မျက်စိုးပင့်လိုက်ဟန်ကြောင့် သွန်းမျက်နှာနွေးခနဲ ဖြစ်သွားရသည်။ အရင်က ဘယ်အိမ်ဖော် အလုပ်သမားမှ အခန်းထဲပေးမဝင်ခဲ့ဘူးသော သားက

•——ရွှေယသော——•

www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးမကျမှ အထဲဝင်အပြင်ထွက် အခွင့်ပေးသလားဆို ပြီး အံ့ဩသွားပုံကြီးက အဓိပ္ပာယ်ကောက်ချင်တိုင်းကောက် ရလျှင် မနေတတ်အောင်ရှက်ချင်စရာပါ။

"ဒါကြောင့်ကိုး . . . သနားပါတယ် သားရယ်။ တစ်နေ့လုံး သူ့မှာ နားချိန်ရယ်လို့ သိပ်ရှိတာမဟုတ်ဘူး။ အလုပ်အားလည်း မေမေ့အခန်းထဲလာပြီး ခြေ့တို့၊ ဆီးရို တိုင်းလိုက် နင်းနှိပ်ပေးလိုက်နဲ့လုပ်နေတာ"

မေမေကတော့ ချီးကျူးပေမပေါ့။ မေမေ့ကိုကျ ဂရုတစိုက်ပြုစုပေးတာကိုး။

သွန်းကို အချိုးမပြေဆက်ဆံတာတွေကျ မေမေမှ မသိဘဲ။

"သူက အစုလောက်ဖိထားတာတောင် တန်ကာ မကျဘူး မေမေရဲ့၊ သားကိုဆို ပြန်ပြန်ပြောတာ။ အဲဒါတွေ အမြင်ကပ်လို့ အလုပ်မရှိအလုပ်ရှာခိုင်းထားတာ။ ဖြစ်နိုင်ရင် လက်ပိုက်စမ်း၊ နားရွက်ဆွဲပြီး ထိုင်ထလုပ်စမ်းဆိုပြီးတော့ တောင် ခိုင်းပစ်ချင်တာ။ ကလေး မဟုတ်တော့လို့"



"အိုး . . . သားရယ်"

မေမေက ဘုမသိ ဘမသိနှင့် ကရုဏာသက်သလို ညည်းညူနေသေး၏။

"သား သွားတော့မယ်နော်။ ဟိုကောင်မလေးကို စာမှုဖတ်ခိုင်းထားတာ ပြီးခါနီးပြီထင်တယ်"

"အေး . . . အေး . . . သိပ်မဆူနဲ့နော် သား။ မေလေးကို မေမေက အားကိုးနေရတာ"

သူရယ်ရင်း ခေါင်းညိတ်ပြခဲ့သည်။

အခန်းပြင်ရောက်သည်နှင့် ထိုကောင်မလေးရဲ့ မိုက်ကန်းကန်းမျက်နှာပေးကို မြင်ယောင်ပြီး ပုခုံးတွန့်လိုက်မိ၏။ မပြောချင်လို့ ကြည့်နေတာဆိုတဲ့ ဒီဇိုင်းမျိုးဖမ်းပြီး နေ လည်းနေတတ်ပါရဲ့။

"ဝါး . . . အိပ်ချင်လိုက်တာ"

အခန်းဝမှာ သူ့အရိပ်လှစ်ခနဲပေါ်လာသည်နှင့် မေ့ နှုတ်ခမ်းရှေ့မှာ လက်ဝါးလေးအုပ်ကာပြီး သမ်းဝေပြလိုက်၏။ သူကမသိကျိုးကျွံပြုထားသည့်ဟန်နှင့် အခန်းထဲဝင်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



စာရေးစားပွဲမှာ ဝင်ထိုင်ကာ laptop ကို ဖွင့်သည်။ မေ့နာခေါင်းလေးရှုံ့ပြီး စာရွက်တွေကို စိတ်မပါလက်မပါ လျှောက်လှန်နေမိသည်။

တစ်နာရီလို့ပြောထားပြီး တစ်အုပ်ကို တစ်ထိုင်တည်းအပြီး ဖတ်ပေးရမည်လို့ စည်းကမ်းက ပြောင်းသွားပြန်တာကို မကျေနပ်ပေမယ့် ဘာမှလည်း မတတ်နိုင်ရာ မကျေမနပ်နှင့်ပင် ငြိမ်သက်နာခံနေရပါသည်။ မေ့ အဖြစ်က တဆိတ်ဆိုးရွားလွန်းလှ၏။

"ဝါး . . . အား"

တဝါးဝါး အသံပေးနေသော ကောင်မလေးကို သွန်း လှည့်မကြည့်ဘဲ ရယ်ချင်ပက်ကျိနှင့်ပင် ကွန်ပျူတာဂိမ်းထိုင်ကစားနေမိသည်။

နာရီကိုကြည့်တော့ ညကိုးနာရီကျော်ရုံလေးရှိသေးသည်။ ယခင်နေ့တွေက ဒီအချိန် သူမ မအိပ်သေးပါ။ ရုပ်သံလိုင်းပေါင်းစုံက ဇာတ်ကားပေါင်းစုံကို မနားတမ်း၊ မမောတမ်း ထိုင်ထိုင်ကြည့်နေတာ မသိရင်ခက်ဦးမယ်။ စုမှ





အိပ်ချင်သလိုပုံ တမင်လာလုပ်ပြနေတာ။

"ဝါး . . . ကိုးနာရီတောင်ထိုးတော့မယ်"

မေ့ အသံကိုတမင်မြှင့်ပြီးသမ်းကား ကိုယ့်ဘာသာပြောသလိုနှင့် သူ့ကိုသတိပေးလိုက်၏။

တကယ် မအိပ်ချင်သေးပေမယ့် သူ့အခန်းထဲမှာ သူနှင့်နှစ်ယောက်တည်း ရှိနေရသည့်အဖြစ်ကို စိတ်ကျဉ်းကျပ်နေမိသည်။

အခန်းက စာအုပ်တွေ စားပွဲကုလားထိုင်တွေနှင့် အခန်းကျယ်ကြီးဖြစ်ပြီး ခန်းစီးပြာတွေကာထားသည်။ ဟိုဘက်မှာရှိသည့် သူ့ရဲ့အဖြူရောင်မွေ့ရာနှင့် ခုတင်ကို တစ်စွန်းတစ်စ မြင်နေရတာ စိတ်ထဲမလုံမလဲဖြစ်ချင်စရာ။

သူ့အခန်းက အဝတ်တွေ တိုးလိုးတွဲလောင်းရှုပ်ပွမနေပေမယ့် စာရွက်တွေ စာအုပ်တွေကတော့ စားပွဲအနှံ့ပွစိကျဲနေသည်။

ဘာမှန်းမသိသည့် ပန်းချီကားတွေလည်း နံရံမှာချိတ်ထားတာလည်း အများကြီးပင်။ မေ့ အခန်းထဲ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဇေ့ကြည့်ပြီး နှာခေါင်းလေးရှုံ့မိသည်။

"ဝါး . . . အချိန်တောင်မပေါ့တော့ဘူး"

သည်တစ်ခါ သူမရဲ့ ညည်းသံအဆုံးမှာ သွန်းဆတ်ခနဲ လှည့်ကြည့်လိုက်၏။

"ဟော့ . . . မင်းဘယ်လိုဖြစ်နေတာလဲ။ စိတ်ဝင်တစားနဲ့ မြန်မြန်ပြီးအောင်စစ်စမ်း။ အရင်ညတွေက ဒီအချိန်အိပ်တာလည်း မဟုတ်ဘဲနဲ့။ ငါဆို ညတစ်နာရီခွဲ နှစ်နာရီမှ အိပ်တာ"

"ခင်ဗျားက မနက်ရှစ်နာရီခွဲ ကိုးနာရီမှ ထရတာလေ။ ကျွန်တော်က မနက်စောစောထ ဈေးသွားရ၊ ချက်ရပြုတ်ရနဲ့"

"မင်းငါ့ကို ပြန်မပြောနဲ့လို့ ဘယ်နခါပြောရမလဲ"

သူပိတ်အော်လိုက်တော့ မေ့ နှုတ်ခမ်းလေးရှူပြီး ခေါင်းငုံ့သွားရပြန်သည်။

"အိပ်ချင်နေပြီ။ ကိုးနာရီခွဲတော့မယ်"

"ညောင်းရင် ဟိုဒရင်းဘက်ပေါ်မှာ သက်သောင့်





သက်သာသွားဖတ်။ မပြီးမချင်း မအိပ်နဲ့။ စာမျက်နှာလေး ရှစ်ဆယ်ကျော်ကို ဖတ်လို့မပြီးတော့ဘူး"

မေ့ တကာယ်လည်း ခါးတွေညောင်း၊ ဇက်ကြောတွေတက်နေတာမို့ ဘာမှစောဒကမတက်တော့ဘဲ။ သူထိုင်နေရာ နောက်နားမှာ ချထားသည့် ဒရင်းဘက်ဆီသို့ စာမူလေးကိုင်ပြီး အပြေးသွားလိုက်သည်။

"အားပါး . . . အခုမှ ဇိမ်ကျတော့တယ်"

ဒရင်းဘက်ပေါ်မှာ ဇိမ်နဲ့ စာအုပ်လေးရင်ဘတ်ပေါ်တင်ပြီး အိပ်လိုက်ရရင် ဒီလူကြီး မေ့ကို ထများကန်ပစ်လိုက်မလား။ ဟိုတစ်ခါ ကြိမ်းမောင်းသလို နားရင်းပဲအုပ်လိုက်လေမလား။ တကာယ်ကို မတွေးရဲ့စရာပါ။

မေ့ သူ့ပခုံးကနေရှေ့ကို ကျော်ကြည့်လိုက်တော့ သူက စာရေးနေတာမဟုတ် ကွန်ပျူတာဂိမ်းကစားနေခြင်းဖြစ်သည်။

သူ့ ကစားနေတာကို ကြည့်ပြီး မေ့ အိမ်ကိုတောင် လွမ်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာမတီးရတာ၊ ခုလိုမကာစားရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။ ပြီးတော့ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြ၊ ပြင်ဦးလွင်သွားလည်ကြ မလုပ်ရတော့တာ။

တွေးရင်း မေမေနဲ့ မမအိမ့်ကိုပါ သတိရလွမ်းဆွတ်လာမိလေသည်။

ခုချိန်ထိ မေ့ကို အဆက်အသွယ်လည်းမလုပ်၊ စိတ်ချလက်ချပစ်ထားရက်သော သူတို့စိတ်တွေကိုလည်း အံ့ဩမိ၏။ မေ့ကသာ နဒီ့ဆီတစ်ပတ်တစ်ခါလောက် ဖုန်းဆိုးဆက်ပြီး မန္တလေးက အခြေအနေကို လှမ်းလှမ်းမေးရတာ။

အင်း . . . ကျောင်းကိစ္စဘာညာအကြောင်းပြပြီး တစ်ရက်လောက်တော့ နဒီတို့အိမ်သွားဦးမှ။

ဘာဘနဲ့တွေ့ပြီး ဘာလုပ်နေလဲ၊ ဘယ်မှာလဲ စစ်လားမေးလားလုပ်မှာလည်း စိုးရိမ်ရသေးသည်။

မလွယ်ပါလား။

မေ့ ရောက်နေတာ နှစ်လသုံးလဲတောင်ရှိတော့မည်။ ခုထိ သွန်းဆက်မိုးကို ဘယ်လိုကြံစည်ရမှန်းမသိသေး



ဘဲ၊ သူ့ဩဇာအမိန့်အာဏာအောက်မှာသာ ယောင်ချာချာဖြစ်လျက်ရှိနေရတာကိုလည်း မကျေမနပ်နှင့် အံ့ဩရလေသည်။

တွေးရင်း၊ တွေးရင်း အမြင်ကပ်စွာအရွဲ့တိုက်ပစ်လိုသောစိတ်က မေ့ ရင်ထဲ ပြန်ဝင်လာတာမို့ စာအုပ်ကို ရင်ဘတ်ပေါ်တင်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

ရုတ်တရက်တော့ သူလည်း လှည့်မကြည့်တာမို့ မေ့ စာမဖတ်ဘဲ မျက်လုံးကြီးစုံမှိတ်ထားတာကို မသိသေး။ မေ့ စိတ်ထဲက ကျိတ်ပြုံးရင်း လက်ကို တင်းတင်းပိုက်ရင်း ဒရင်းဘက်ပေါ်မှာ ခပ်စောင်းစောင်းလေးကွေးနေမိ၏။

"ဟာ . . . ကျွတ်၊ level 3 ကျော်မှ ရှုံးပြန်ပြီကွာ"

သွန်း စိတ်မရှည်စွာ အော်ပစ်ရင်း ငြိမ်ချက်သားကောင်းနေသည့် သူမကို လှည့်ကြည့်လိုက်မိတော့ အလိုလို မျက်မှောင်ကြုတ်မိရက်သားဖြစ်သွားရ၏။

ဝေါ်မလေးက သူ့ဒရင်းဘက်ပေါ်မှာ ခပ်ကွေးကွေး ဇိမ်နဲ့မှေးနေပါရော့လား။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းအိပ်ချင်နေလို့ ဘယ်လိုမှ မထိန်းနိုင်ဘဲ အိပ်ပျော်သွားခြင်းများလားဆိုပြီး ကရုဏာသက်သလို ဖြစ်သွားပေမယ့် ညက်နီညက်နက်တွေများလွန်းသော သူမရဲ့ အကျင့်ဆိုးဆိုးကို ပြန်သတိရမိတာကြောင့် သွန်း မဲ့ပြုံး တစ်ချက် ပြုံးရင်းထိုင်ရာမှ ထလိုက်သည်။

ထို့နောက် သူမအိပ်နေရာဆီ လျှောက်လာခဲ့ပြီး ဒရင်းဘက်အနီး ခါးကိုင်းလျက် ဒူးပေါ်လက်ထောက်ကာ သူမမျက်နှာကို သေသေချာချာကြည့်လိုက်၏။

ခပ်တင်းတင်းဖိပိတ်ထားပေမယ့် ပန်းနုရောင် မျက်လွှာပါးပါးလေအောက်က မျက်လုံးလေး လှုပ်နေတာ၊ မျက်တောင်ရှည်ရှည်ကော့ကော့တွေ မငြိမ်သက်တာက သိသိသာသာမြင်နေရတာမို့ တကယ်မအိပ်ဘဲ အိပ်ချင်ယောင် ဆောင်နေတယ်ဆိုတာ သူအတတ်သိလိုက်သည်။

"ဟိတ် . . . ထစမ်း စာမပြီးဘဲ အိပ်ပျော်နေတာလား"

သူ ခါးထောက်ငုံ့ကြည့်ရင်း ခေါ်ပေမယ့် သူမက





တုတ်တုတ်မျှမလှုပ်။

"အံမယ် . . . တကယ်အိပ်မောကျနေတဲ့ အထာပေါ့။ မင်းလည်တယ်ဆိုတာ ငါအိပ်နေသလောက်ပဲရှိတယ် ကလေးမရဲ့"

သွန်း ဒရင်းဘက်ဘေးမှာ ဒူးတစ်ဖက်ထောက်ထိုင်ချလိုက်ပြီး ကပိုကရို ဆံပင်တိုလေးတွေကြားထဲက ဖွေးစင်နေအောင် လှသော မျက်နှာဝိုင်းဝိုင်းလေးကို စူးစိုက်ကြည့်ရင်း သူမကို မထိတထိ စ,နောက်ချင်စိတ်က အလိုလိုပေါ်လာသည်။

"မေလေး"

ခပ်တိုးတိုးခေါ်သံနဲ့အတူ သွန်း သူမမျက်နှာနားငုံ့ကိုင်းတိုးကပ်သွားပေမယ့် သူမက ဟန်ဆောင်ကောင်းစွာငြိမ်သက်နေဆဲပင်။

"မေလေး"

တိုးဖွသောခေါ်သံနှင့်အတူ ပါးပြင်ကိုလာရောက်ရိုက်ခတ်တဲ့ ထွက်သက်လေနွေးနွေးကြောင့် မေ့တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ကြက်သီးဖုလေးတွေပင် ဖြာခနဲ ထသွားရ၏။

မေလေး ကမန်းကတန်း မျက်လုံးကြီးပြူးကြည့်လိုက်တော့ သူ့မျက်နှာက မေလေးမျက်နှာနဲ့ နီးနီးကပ်ကပ်လေးမှာ။

"အား"

မေလေးစာအုပ်နဲ့ မျက်နှာကို ဆွဲယူကာပြီး အားခနဲ အော်ပစ်လိုက်မိသည်။

အော်သံကြောင့် သွန်း လန့်ဖျပ်ပြီး နောက်ဆုတ်လိုက်မိတဲ့အထိ သူမက မျက်နှာကို စာအုပ်နဲ့ကာထားဆဲပင်။

"ဟိတ် ... ဘာလို့ ထအော်တာလဲ။ ငါက မင်းအိပ်ပျော်နေတယ်ထင်လို့"

ရှက်ကိုးရှက်ကန်းနှင့် ပြောမိပြောရာပြောလိုက်တာ နှုတ်က ဘာတွေထွက်လို့ထွက်ကုန်မှန်းပင် မသိတော့ချေ။

"ခင်ဗျားက ကျွန်တော် အိပ်ပျော်နေတယ် ထင်





တော့ ဘာလုပ်မလိုလဲ"

"ဘာလုပ်ရမှာလဲ။ မင်းကို နှိုးပြီး မင်းအခန်းထဲ ပြန်နိုင်းမှာပေါ့ကွ။ လူကိုများ ဘာများမှတ်နေလဲ မသိဘူး"

"ဘာမှလည်း မမှတ်ပါဘူး"

"မမှတ်လည်းပြီးတာပဲ သွားတော့"

အလကား ... ငပျင်းမလေး။

သူကများ လူကိုပြန်အော်လား၊ ဟစ်လား၊ မယုံသကာနဲ့၊ ဒီကလည်း အိပ်ချင်ယောင်ဆောင်နေမှန်းသိလို့ တမင်ကပ်ခေါ်မိတာ၊ ဘာများ စိတ်ကူးနေလဲ မသိဘူး။

"လူကြီးကိုက လစ်ရင်လစ်သလို"

"ဟိတ် ... မင်းဘာပြောတာလဲ"

"ဘာမှမပြောပါဘူး။ လစ်တာနဲ့ အိပ်ပျော်သွားတတ်တဲ့ ကိုယ့်ကိုယ်ကို အပြစ်တင်နေတာပါ"

"တောက် ... မင်းတော့ကွာ"

နည်းနည်းလေးမှ မျက်နှာသာပေး ခေါ်ပြောဆက်ဆံလို့မကောင်းတဲ့ ဂျစ်ကပ်ကပ် စွာကျယ်ကျယ် ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးကို သွန်း အမြင်ကပ်သလို အသည်းယားနေမိ၏။

သိသိချည်းနဲ့ ကိုယ်ပဲ အပြောခံ ခံနေရတာလည်း မကျေနပ်မိ၊ နောက်ထပ် ဘယ်လို ဖိနှိပ်ရမလဲဆိုတာ ထပ်ပြီး စဉ်းစားရဦးမယ်။

ဒါမှ သင်း အပိုးကျိုးမှာ။ လူလည်မ။





## အခန်း ( ၁၂ )

မေ့ မျက်လုံးလေးချာချာလည် ဝိုင်းသွားတာကို ကြည့်ပြီးသူက အားရကျေနပ်သော အပြုံးကြီးနှင့် လက်ပိုက်ကာ မိန့်မိန့်ကြီးပြုံးလေသည်။

မေ့ အထုပ်အပိုးတွေ ပြင်ဆင်နေသော ဒေါ်စောနားမှာ မျောက်ငပိကိုင်မိသလို ခုန်ဆွခုန်ဆွ ရှုစိစိ ဖြစ်နေရသလို သူကတော့ ဝမ်းသာပီတိဖြစ်ဟန်နှင့်။

"အေးအေးဆေးဆေးသာနေ ဒေါ်စော၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆံမတင်းနဲ့။ ဒီမှာ မေလေးတစ်ယောက်လုံး ရှိနေတာပဲ မဟုတ်ဘူးလား"

"ဟုတ်ပါဘူး။ အဲ . . . ဟုတ်တာပေါ့"

သတိလက်လွတ်ခေါင်းခါလိုက်ပြီးမှ မေ့ ကပျာကယာ ခေါင်းညိတ်ကာ အလိုက်အထိုက်လေး ပြောလိုက်ရ၏။ စိတ်ထဲမှာ နည်းနည်းမှ မကျေနပ်။

ဒီနေ့ပဲ မေ့ စွင့်တောင်းပြီး မန္တလေးခဏပြန်မလို့။ သူ့ဆီမှာတော့ အဝေးသင်စာမေးပွဲဖြေဖို့ ဘာညာအကြောင်းပြမှာဖြစ်ပေမယ့် တကယ်တော့ အိမ်ကိုလွမ်းလို့ ပြန်မှာဖြစ်သည်။ မေ့ ပြောပင်မပြောရသေး ဒေါ်စောက သူ့အစ်ကိုကြီးဆုံးသောကြောင့် တောကိုပြန်ဖို့ ဖြစ်လာသည်။

ဟိုက စွင့်တောင်းတာ ဆယ်ရက် ဒီထက်ပိုရရင်နှစ်ပတ်တဲ့။

ဒါကို သွန်းဆက်မိုးက သဘောတွေ စွတ်ကောင်းပြီး တစ်လလောက် နေချင်နေလေ။ ဒီမှာ မေလေး ရှိတယ်၊ ဘာညာနဲ့ လုပ်နေတာ။ ဘယ်လောက်ဒေါသဖြစ်ဖို့





ကောင်းလဲ။

"ဒေါ်စောလည်း တစ်နှစ်နေလို့ တစ်ခါပြန်ရတာမှ မဟုတ်တာ။ ကိုယ့်နယ်ကိုယ်ပြန်ရတုန်း ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး ဆွေတွေမျိုးတွေနဲ့ နေဦးပေါ့။ ဒီတော့ တစ်လလောက်သာနေ"

သူက ဒီလို လောကွက်ချော်တော့ ဒေါ်စောမြကလည်း မေ့ကို နည်းနည်းမှမငဲ့ဘဲ ဝမ်းသာအားရနှင့် . . .

"ဟင် . . . တကယ်လား ကိုသွန်း . . . တကယ်နော်။ အမယ်လေး . . . ဒေါ်စော ဝမ်းသာလိုက်တာ သားရယ်၊ ရွာမှာလေ တစ်လလောက် လျှောက်လည်မှ အမျိုးစုံမှာ၊ ကိုသွန်းကို မပြောရဲလို့သာ နှစ်ပတ်လို့ပြောရတာ၊ နေချင်တာက တစ်လလောက်ကိုနေချင်တာ၊ ကျေးဇူးတင်လိုက်တာကွယ်"

ဘုရား . . . ဘုရား။ စိတ်ရှိလက်ရှိနေဆို ခြောက်လ တစ်နှစ်များ ပြန်နေမလားမသိ။

မေ့တစ်ယောက်တည်း အိမ်မှုကိစ္စအဝဝနဲ့ အန်တို



www.burmeseclassic.com

www.burmeseclassic.com



ဝေယျဝစ္စကိစ္စတွေကြား ဗျာများရမည့်အဖြစ်ကိုတော့ ဘယ်သူမှထည့်မတွက်ကြဘဲ သဘောကောင်းသူက ကောင်း၊ ကျေးဇူးတင်သူကတင်နှင့် အပေးအယူတွေတည့် နေလိုက်ကြတော။

ဒေါ်စောက ပြည်နားက ဖိုးကုန်းဇာတိဖြစ်တာမို့ သိပ်မနီးလှသော်လည်း ခရီးဝေးကြီးတော့ မဟုတ်ပါ။

တစ်လကြီးတောင် ဆိုတာကတော့ များလွန်းလှသည့် ခွင့်ရက်ရှည်ကြီးဖြစ်နေပြီ။

"ဒေါ်စော"

"ဟော . . . ဘာလဲ သမီး"

"ဖိုးကုန်းက ဘာနဲ့သွားရတာလဲ"

"ဘာနဲ့သွားသွားရတယ်လေ။ ဒီခေတ်ထဲ ဒေါ်စောကတော့ စရိတ်သက်သာအောင် ရထားနဲ့ပဲပြန်မယ်။ ရွာပြန်ရမယ်ဆိုတော့ ပျော်လိုက်တာ။ ဒီနေ့ပဲသွားမယ်၊ မကြာဘူး တစ်လပဲ"

"တစ်လက မကြာဘဲနေမလား ဒေါ်စောကလည်း"

●———ရှေ့ဆော———●



"တစ်ခါတလေ ပြန်ရတာမို့ပါအေ။ ကိုသွန်း မေးကြည့် ဒေါ်စောမပြန်ရတာ နှစ်ချီနေပြီ။ ဟိုတစ်နှစ်က တူမတစ်ယောက် အိမ်ထောင်ပြုလို့ မင်္ဂလာဆောင်ဆိုပြီး ဖုန်းလှမ်းဆက်တာနဲ့ တစ်ခါလား ပြန်ရတယ်၊ သုံးလေးရက်ပါ။ အဲဒီကတည်းက မရောက်လိုက်တာ။ အခုဆို အဲ့ဒီတူမ ကလေးနှစ်ယောက်ရနေပြီ။ အကြီးကောင်တောင် ရှေ့နှစ် ကျောင်းထားတော့မယ်ထင်ပ"

ဒေါ်စောစကားအဆုံး မေ့ မျက်နှာလေးစူပုပ်ပုပ်နှင့် သွန်းဆက်မိုးဘက် လှည့်ကြည့်တော့ သူက မျက်ခုံးပင့်လျက် ဘယ်နှယ့်ရှိစဆိုတဲ့ ပုံစံလုပ်ပြလေ၏။

"နေတာတော့ နေပေါ့ ဒေါ်စောရယ်။ အကြာကြီး တော့မနေပါနဲ့။ ဒီမှာ ကျွန်တော်တစ်ယောက်တည်း အလုပ်တွေရှုပ်နေမှာ။ လူတစ်ယောက်လျော့ရင် ဘယ်လောက်ကသီတယ်မှတ်လဲ"

ဒေါ်စောမြက မေ့ စကားတွေကို နားထဲဝင်ပုံမပေါ်ပါ။ သူ့ရဲလက်ဆွဲအိတ်ကြီးထဲသို့ ရှိစုမဲ့စု အဝတ်တွေစုပြုံထိုး

●———ရှေ့ဆော———●

www.burmeseclassic.com

www.burmeseclassic.com



သိပ်ထည့်ကာ ပြည်တော်ပြန်ခရီးအတွက် ပြင်ဆင်နေလေသည်။

"နော် . . . ဒေါ်စော"

"အေး . . . ဟေ . . . ဘာပြောလိုက်တာလဲ"

မေ့ စိတ်ပျက်ပျက်နှင့် ဒေါ်စောမြ ဘေးကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ် တင်ပျဉ်ခွေထိုင်ချလိုက်ပြီး . . .

"မြန်မြန်ပြန်လာခဲ့လို့ပြောတာ။ စောနိုင်သမျှ စောစောပြန်ခဲ့နော် ဒေါ်စော"

"အေးပါအေ . . . သွားတောင်မသွားရသေးဘူး။ ပြန်ခဲ့ခိုင်းတာကအရင်ပဲ"

မေ့ ဘာမှဆက်ပြောချင်စိတ် မရှိတော့တာမို့ မပြောတော့။

ဒီအချိန်မှာ ဒေါ်စောမြကလည်း အထုပ်ကြီး ဟာပြင်ပြင်နှင့် ခရီးနှင်မည့်အရေးမှာ သိကြားမင်းကြီး ဆင်းတားတောင်ရမည့်ကိန်းမရှိ။ ဖွတ်အတင်းကို စိတ်အားတက်ကြွထက်သန်နေတော့၏။



သည်ကြားထဲ မီးလောင်ရာလေပင့်၊ ရေမျှားရာ မိုးရွာပေးနေသူက သွန်းဆက်မိုး။

ဒေါ်စောမြတောပြန်မှာကို သူက လေလေးတချွန်ချွန်နှင့် အူမြူးပြနေသည်။

မေ့ ဒေါသဖြစ်လိုက်တာ အူထဲ တကျွတ်ကျွတ်မြည်မတတ်၊ အရိုးထဲက တဖျစ်ဖျစ်မြည်လာမတတ်ပင်။

"ကျွန်တော်က ကျောင်းတတ်ဖို့ရှိသေးတယ်။ ဒေါ်စောရဲ့ အဲဒါ"

"အဲဒါ . . . ကိုသွန်းကိုပြောပေါ့ကွယ်။ ဒေါ်စောကတော့သွားမယ့်ကိစ္စ သွားရမှာပဲ။ ဟိုမှာနာရေးကိစ္စကလည်းရှိတော့ အမျိုးစုံမှာကွဲ့။ ပြီးတော့ အခုဆုံးတာ အဒေါ်အစ်ကိုအကြီးဆုံး အမျိုးထဲမှာ သူက . . ."

ဒေါ်စောမြ၏ ဘာညာစကားတွေကို မေ့ ဆုံးအောင် နားမထောင်တော့ဘဲ ထိုနေရာမှ ထလာခဲ့သည်။

သွန်းက ညှော်ခန်းထဲမှာ သီချင်းလေးတအေးအေးလုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့လူ . . . ခင်ဗျား ဒေါ်စောကို မပြောတော့ဘူးလား"

မေ့ရဲ့ ရင့်ကျောကျော မေးပုံကြောင့် သူက မျက်မှောင်ကြုတ်လျက်လှမ်းကြည့်သည်။

နှုတ်ခမ်းတွေကတော့ မေ့ ကို လှောင်ပြောင်ထေ့ငေါ့လိုသော အပြုံးတွေနှင့်ပင်။

"ဘာလဲကွ။ ငါက ဘာကိုပြောရမှာလဲ"

"သူ ပြန်မယ့်ကိစ္စလေ။ တစ်လကြီးတောင်ပဲ။ သူ မရှိရင် ကျွန်တော်တစ်ယောက်တည်း ဘယ်လိုလုပ်မလဲ"

"ဒီအိမ်မှာက မီးဖိုချောင်ကိစ္စပဲ မယ်မယ်ရရရှိတာ။ မေမေကလည်း အရှိန်ပြည့်လုပ်ပေးနေရတာမှ မဟုတ်တာ။ တစ်ယောက်တည်းရှိလည်း ရတာပဲ၊ တော်ပြီပေါ့။ တစ်ယောက်ဆို"

သူစကားကြောင့် မေ့ကိုပဲ တမင်း ညှဉ်းဆဲနိပ်စက်ပြီး နိုင်းချင်တယ်ဆိုတာ မေ့ တဖြည်းဖြည်း နားလည်လာမိ၏။

•———ျမညသော———•



ဒေါသဖြစ်လိုက်ရတာ။ သူ့ကို ချက်ချင်းအမှုန့်ကြိတ်ပစ်ချင်တဲ့အထိပင်။

"မသိဘူး။ ကျွန်တော်ကတော့ နိုင်သလောက်လုပ်မှာပဲ။ နှစ်ယောက်စာအလုပ်တွေတော့ အကုန်ထောင့်စေ့အောင်သိမ်းကျုံးလုပ်ပေးပါ့မယ်လို့ အာမ.မခံနိုင်ဘူး"

"ရတယ်လေ။ လျှော့လို့ရတဲ့အလုပ်တွေ လျှော့လိုက်ပေါ့"

"အဲဒါဆိုရင်တော့ ထမင်းမချက် ဈေးမသွားဘဲနေမှရမယ်"

"ရမလား။ အဲဒါ အဓိကပဲ။ ထမင်းမချက်တော့ ဘာနဲ့ သွားစားမှာလဲ"

"အပြင်က ဝယ်စားပေါ့။ အန်တီတစ်ယောက်စာပဲ ချက်မယ်"

"ကပ်သီးကပ်သပ်မလုပ်နဲ့ ခွေးမ။ မင်းရော ထမင်းမစားဘူးလား။ မရဘူး။ ငါ့အတွက် ထမင်းမချက်ရင် မင်းအလုပ်ပြုတ်သွားမယ်"

•———ျမညသော———•

www.burmeseclassic.com

www.burmeseclassic.com



မေ့ မျက်စောင်းရှယ်ပြီးမှ သူ့ရဲ့ခပ်တည်တည် အကြည့်ကြောင့်မထိုးဘဲ တစ်ဖက်လှည့်နေလိုက်သည်။

"ကောင်းပြီလေ။ ထမင်းချက်ရမယ်ဆိုရင် ခင်ဗျား အခန်းသန့်ရှင်းရေးနဲ့ အဝတ်လျှော်တာ မလုပ်ဘူး။ အပြင်က ဌားလျှော်ပေါ့။ အိပ်ရာခင်း ခေါင်းအုံးစွပ်လဲတာ လျှော်တာ မလုပ်ဘူး။ အန်တီ့အခန်းပဲ လုပ်မယ်"

သွန်း မျက်မှောင်ကြုတ်လိုက်မိ၏။

မထိမဲ့မြင်နှင့် ပေကပ်ကပ်မျက်နှာပေးမျိုး၊ လုပ်လည်း လုပ်တတ်သော ကောင်မလေးကို ဘောလုံးကန်သလို လိုမ့်ကန်ပစ်ရမလား၊ Golf ရိုက်သလို ဝေးနိုင်သမျှ ဝေးအောင်ရိုက်ထုတ်ပစ်ရမလား၊ စိတ်ထဲမှ အမြင်ကပ်စွာ တွေးမိသွားရသည်အထိ သွန်းရင်ထဲ ကျလိကျလိ ဖြစ်လာသည်။

အဲဒီကောင်မလေးဟာ ဘယ်ရွေးရေစက်ကြောင့် မှန်းမသိ သွန်းနှင့် ရှောင်လို့မလွတ်၊ တည့်လည်းမတည့်ကြဘဲ မကင်းနိုင်ကြချေ။

—ရွှေသော—



တစ်ခါတလေ ချစ်စနိုး စချင်နောက်ချင်စရာ ကောင်းပေမယ့် အမြဲလို ထုချင်နှက်ချင်စရာကောင်း လောက်အောင် သင်းက စွာလန်ကျဲနေတတ်တာမို့ သူ ကြည့်မရသည့်ကြားကပင် မထိတထိပြောချင်မိပြန်သည်။

"မင်းက မေမေ့အခန်းပဲ ရှင်းမယ်၊ မေမေ့အိပ်ရာပဲ သန့်သန့်ပြန့်ပြန့်ထားပေးမယ် ဒီလိုလား"

"ဟုတ်တယ်လေ။ ကျွန်တော့်မှာ တာဝန်တွေများ တော့"

"မင်း နေရထိုင်ရ အိပ်ရမယ့်နေရာ ညစ်ပတ်ရင် မင်းဘယ်လိုနေမလဲ။ ကိုယ်ချင်းမစာတတ်ဘူးလား။ ရတယ် လေ ငါ့အခန်း ငါ့အိပ်ရာ သန့်သန့်ရှင်းရှင်းဖြစ်အောင် မလုပ် ပေးရင် ငါကလည်း တခြားသန့်ရှင်းတဲ့နေရာလိုက်အိပ်ရမှာ ပဲ။ အခန်းပြောင်းတာပေါ့။ ဒါမှမဟုတ် မင်းလည်း ငါ့ကိုကိုယ် ချင်းစာတတ်သွားအောင် မသန့်ရှင်းမသပ်ရပ်တဲ့ ငါ့အခန်း ထဲလာအိပ်ကြည့်ပေါ့"

သူ့စကားကြောင့် မေ့မျက်နှာလေး တွတ်တွတ်ရဲ

—ရွှေသော—

www.burmeseclassic.com

www.burmeseclassic.com



နီ သွားတော့၏။

"ခင်ဗျား . . . ခင်ဗျား . . . လူကြီးဖြစ်ပြီး မိုက်ရိုင်းလှချည်လား။ ဘာကိစ္စ ကျွန်တော်က လာအိပ်ရမှာလဲ စကားကို ဆင်ခြင်ပြော"

သူမရဲ့ ဒွေ့ဒွေ့ခုန် ရှက်ရွံ့ဒေါသဖြစ်နေပုံလေးကို ကြည့်ပြီး သွန်းရယ်ချင်သွားသည်။

"မင်းလည်း မလောက်လေး မလောက်စားနဲ့ မမိုက်ရိုင်းနဲ့။ အလုပ်ကို သေချာလုပ်ကြားလား"

မေ့နဖူးကို လက်ညှိုးနှင့် ထောက်ကာ ထောက်ကာ ပြောပြီး ဩဇာပေးသွားသော သူ့ကိုကြည့်ကာ ဘာပြန်ပြောရမှန်းမသိ။ သူက ထွက်သွားတာမို့ ပြောချိန်လည်းမရ။

သူ့ရဲ့ မချိုးမချန့်အပြုံးနဲ့ သရော်မော်ကား လှောင်ပြောင်ရိပ်စွက်သော မျက်နှာကို မြင်ယောင်ရင်း မေ့ ဒေါသတွေနှင့်အတူ စိတ်လှုပ်ရှားခြင်းတွေပါ ပေါ့ပိုက်လျက် ကျန်ခဲ့ရပြန်၏။





## အခန်း ( ၁၃ )

မေ့ ကြိုတင်တွက်ဆထားခဲ့သည့်အတိုင်းပင် သွန်းဆက်မိုးက ဒေါ်ခေတမြကို ခွင့်ပေးထားသောရက်အတွင်း မေ့ကို ကောင်းကောင်းကြီးပညာပေးလေတော့၏။

အစစအရာရာ တစ်အိမ်လုံးက ကိစ္စဝိစ္စမှန်သမျှ မေ့ မပါတဲ့ နေရာမရှိ။ အားလုံး နေရာမလပ်အောင် နိုင်းလည်းနိုင်းတတ်လွန်းသည်။

အားလုံးပြီးစီးလို့ နားနေလျှင်တောင် ညွှန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



က ခန်းဆီးလိုက်ကာတွေ ပြောင်းတပ်နိုင်းရတာနှင့် ပြတင်းမှန်ကြည့်ဆေး ပွတ်နိုင်းရတာနှင့် တစ်ခုမဟုတ်တစ်ခု ရှာကြံပြီးနိုင်း၏။

သူပါ ဝင်ကူလုပ်နေတာမို့ မေ့မှာ ဘယ်မှလည်း ရှောင်ထွက်သွားလို့မရ၊ မသိဟန်ဆောင်နေလို့လည်း မဖြစ်နှင့် ဒုက္ခတွေချာများနေချိန်မှာပင်။

"ကိုသွန်း . . . ကိုသွန်း . . . ညွှန့်သည်တဲ့"

ဟူသော ဖြူစောင့် ဦးလေးကြီးအသံကြောင့် မေ့ခန်းဆီးစတွေ တပ်ထားတာ ပုံစံကျ. မကျခါးထောက်ရပ်ကြည့်ကာ ဩဇာပေးနေသော သွန်းဆက်မိုးမှာ ညွှန့်သည်ဆိုတဲ့ဆီ အာရုံရောက်သွားလေတော့၏။

မေ့လည်း လွတ်လပ်ပြီဟု သဘောထားကာ သူ့အိမ်ရှေ့တံခါးထွက်တုန်း နောက်ခန်းထဲ လှည့်ဝင်ပြေးလာခဲ့၏။

"လာသာလာရတယ်။ စုက ကိုသွန်းရှိမှရှိပါ့မလားလို့။ အရင်ကဆိုနယ်ခရီးထွက်ရင် လနဲ့ချီပြီးကြာတတ်တာ





ဆို"

"ဟုတ်ကဲ့ . . . ဒီနှစ်ပိုင်းထဲ ဘယ်မှ ဝေးဝေးလံလံ ခရီးမသွားဖြစ်ဘူးခင်ဗျ။ မေမေကလည်း ကျန်းမာရေးမကောင်းတော့လေ"

ထူးထူးခြားခြား သူ့ဆီလာတဲ့ ညွှန့်သည်က မိန်းကလေးတစ်ယောက်ဖြစ်နေပြီး သူ့အသံက မေ့ကို ပြောသလိုမဟုတ်ဘဲ အရမ်းကြီး ချိုသာညက်ညောနေတာမို့ မေ့ပခုံးလေးတွန့်ရင်း ညွှန့်ခန်းအဝ ခန်းဆီးနောက်ကွယ်ကနေ အသာလေး ချောင်းကြည့်လိုက်မိသည်။

အား . . . ပါး . . . ပါး။

သူ့ညွှန့်သည်က ဆံပင်ရှည်တစ်ထွေးကြီးနှင့် ငေးယူရလောက်အောင် လှပချောမောသည့် အမျိုးသမီးတစ်ယောက်ပါလား။

ဘာပိတ်သားမှန်းမသိ၊ လီမွော်ရောင် အပွင့်နုပ်နုပ် အထက်အောက်ဆင်တူ၊ ဝတ်စုံက ပျော့အိထူထဲပြီး ခန္ဓာကိုယ်နှင့်ကွက်တိမို့ လှတစ်မျက်နှာတွင်မက ယဉ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးပါ ကျက်သရေဝေဖြာတင့်တယ်ပုံက တော်ရုံလူ ကြွေလောက်ပါသည်။ ဒါကြောင့် သင်းအသံက အထူးချို သာနေတာကိုး။

"တကူးတက မစုရယ် ဖုန်းဆက်လိုက်ရောပေါ့။ ကျွန်တော် အပြင်မှာလာတွေ့လို့ရတဲ့ဟာ"

"ကိုသွန်းကို အားနာလို့။ ပြီးတော့ စုကတွေ့ချင်တဲ့ လူဆိုတော့ အိမ်တိုင်ရာရောက်လာရတာပေါ့"

ရုပ်တင်လှတာမဟုတ် အသံကလည်း နားဝင်ချို အောင် သာယာကြည်မွေ့ဖွယ် ပြောတတ်လွန်းလှပါပေ သည်။ ပြောပုံဆိုပုံတွေအရ သာမန်မိတ်ဆွေတော့ မဟုတ် နိုင် သမီးရည်းစားလား။

ဒါမှမဟုတ် ခင်မင်ရင်းနှီးရာမှတစ်ဆင့် ပိုလာသည့် အခြေအနေမှာလား။

မေ့လည်း ရည်းစား မထားဘူးတော့ မသိ။

တစ်ယောက်နဲ့ တစ်ယောက် ပြေပြေလည်လည် ခေါ်ကြပြောကြပြီဆိုလျှင် ချစ်ခင်ကြည်ဖြူကြလို့သာ ဟု



တစ်ထစ်ချစွဲမှတ် ယုံကြည်ထားသူဖြစ်ရာ သူတို့နှစ်ယောက် ကို မရိုးမသားမိတ်ဆွေဟု ထင်မိလေသည်။

"ဒါနဲ့ အစု ဘာတွေရေးနေလဲ"

"ကျွန်တော် ရေးနေကျ အတိုင်းပါပဲ။ သိပ်အဆန်း အပြားလိုင်းတော့ ခွဲမထွက်သေးပါဘူး။ ဒါနဲ့ပဲ အကျိုးပေး တယ်လို့ထင်တယ်လေ"

"စုလာတာ မမြတ်သိရင် ကောင်းပါ့မလားဟင် ကိုသွန်း"

ထိုအမျိုးသမီးရဲ့ စကားကြောင့် မေ့ ခေါင်းလေးငုံ့ ထောင်ရင်းစဉ်းစားလိုက်မိသည်။

စုဆိုတဲ့ သူမအပြင် မမြတ်ဆိုတဲ့ တခြားတစ် ယောက်က ဘယ်က ပါလာပြန်တာလဲ။

ကေန္တ မမြတ်ဆိုတာလည်း သွန်းဆက်မိုးရဲ့ ရည်း စားပင် ဖြစ်ရမည်ဟု ကောက်ချက်ချလိုက်မိပြန်သည်။

"သူသိတာမှ မဟုတ်တာ၊ ဘာဖြစ်လဲ မစုရယ်"

ကြည့်စမ်း။ သေချာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလူ ရည်းစားရှိရက်နဲ့ စုဆိုတဲ့ ဒီအမျိုးသမီးကို ထပ်ပြီးကြံနေတာ။

ဒီမိန်းမကလည်း ယောကျ်ားရှားလို့။

သူများရည်းစားကိုမှ ရှုပ်ရှုပ်ယှက်ယှက်လာ ပတ်သက်နေသည်။ ကိုယ့်ရုပ်လေးလှရဲ့သားနဲ့။

"မမြတ်စိတ်ထဲမှာ စုက ကိုသွန်းကို လုယူသွားလိမ့်မယ်ရှည်းထင်နေတာ။ အင်းလေ . . . ကိုသွန်းက သူ့အတွက် တန်ဖိုး မဖြတ်နိုင်တဲ့ လူပဲ။ သူများလက် ဘယ်အပါခံနိုင်ပါ့မလဲ။ စုကတော့ သူ့ကိုအားကျနေရုံပဲ တတ်နိုင်ပါတယ်"

ဟယ် . . . အရှက်မရှိလာ မြှူဆွယ်နေတာပါလား။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မစုရယ်။ သူနဲ့ ကျွန်တော်လည်း ကံရှိသလောက်ပဲ လက်တွဲလို့ရမှာပါ။ တစ်နေ့ ကျွန်တော် မစုဆီရောက်မလာနိုင်ဘူးလို့ ဘယ်သူ အတတ်ပြောရဲမှာလဲ"

"ဟုတ်တာပေါ့ . . . ဟုတ်တာပေါ့။ စုလည်း အဲ့မျှော်လင့်ချက်နဲ့ပဲ အသက်ရှင်မှာပဲ။ ဟင်း . . . ဟင်း"

●———မြသန်းသော———●



စရောက်ခါစက လှလွန်းလို့ အားကျအထင်ကြီးမိတဲ့ စိတ်ပင် ဘယ်ရောက်သွားသည်မသိ။

အရှက်မရှိပြောထွက် ပြောရဲနေကြသည့် သူတို့နှစ်ယောက်ရဲ့ ပါးစပ်တွေကို အုံ့လည်းအုံ့ချြ ရွံလည်းရွံသွားမိသည်။

သွန်းဆက်မိုး . . . သွန်းဆက်မိုး ခင်ဗျားက ငါးစိမ်းမြင်တာနဲ့ ငါးကင်ပစ်၊ ချောင်းကိုပစ်ပြီး၊ မြစ်ကိုရှာနေတဲ့ လူစားပဲ။

နောက်ဆုံးတော့လည်း ခင်ဗျားက ရေသာများ ငါးမတွေ့ဖြစ်မှာဘဲ။

ခင်ဗျားလိုလူနဲ့ ကျွန်တော့်အစ်မလွဲတာ ကံကောင်းလို့ပဲ။

ကျွန်တော်ကတော့ ငါးမရရင် ရေချိုးပြန်ရမှာပဲ။

ခင်ဗျားကို ကောင်းကောင်းပညာပြပြီးရင် မန္တလေးကို ပြန်မယ်။

"ဟိတ်"

●———မြသန်းသော———●

www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

"ဒီမှာ ဘာလာချောင်းနေတာလဲ။ ညည်းသည့် ရောက်နေတာမမြင်ဘူးလား။ အအေးလေး ဘာလေးလုပ်ပါ လား"

အံမယ် . . . အံမယ် . . . ဒါ မွှန်လာတဲ့ ရုပ်ပေါ့။

လူကိုများ အော်လား၊ ငေါက်လား သဟောက် သဟမ်းနဲ့။

တွေ့ကြသေးတာပေါ့ဗျာ။

"ညနေစောင်းနေပြီ အအေးတိုက်ရမှာလား"

"လျှာမရှည်နဲ့ ငါမေးပြီးပြီ။ ထမင်းမစားတော့ဘူး တဲ့ အအေးပဲသောက်မယ်တဲ့ လိမ္မော်သီးရှိတယ်မှတ်လား။ အဲဒါ မြန်မြန်ဖျော်ယူခဲ့"

ပြောပြီး ချာခနဲလှည့်ထွက်သွားသော သူ့ကျောပြင် ကိုကြည့်ပြီး မေ့မျက်စောင်းတစ်ချက် အားပါးတရထိုးချ လိုက်သည်။

ဒီလောက် ပျာနေပုံမျိုး တစ်ခါမှကြုံဖူးပေါင်။



ဟိုကို စေတနာတွေပို သဒ္ဓါတွေ ရှိပြီး မေ့ကိုကျ တော့ လာအော်နေလိုက်တာ။

တွေ့ဦးမယ် . . . ခင်ဗျားနဲ့ကျွန်တော်နဲ့။

မေ့လိမ္မော်သီးကို အခွံနွှာကာ အမျှင်တွေ သေချာ ဖယ်။ စက်ထဲထည့်ဖျော်ပြီး သူတစ်ခါတလေ သောက်တတ် သည့် ထောင့်ပုလင်းထဲကအရည်တွေပါ သုံးချိုးတစ်ချိုး လောက်ရောကာ ရေခဲတုံးနည်းနည်းလေး ထည့်လိုက်သည်။

ထို့နောက် ညည်းသည်အတွက်ရော သူ့အတွက်ပါ စေတနာပိုပြီး တစ်ခွက်ပိုဖျော်ပြီး ယူလာပေးလိုက်၏။ စုဆို တဲ့ အမျိုးသမီးရဲ့မျက်လုံးတွေက မေ့ဆီမှာ စူးစိုက်နေသည်၊

"သူကလေးက ဘယ်သူလဲ ကိုသွန်း"

"အိမ်က house-maid ပါ"

"ဪ"

ဒါမျိုးကြုံရမယ်မှန်းသိခဲ့ပေမယ့် တကယ်တမ်း ကြားလိုက်ရတော့ မေ့ ဘယ်လိုမှ မခံစားနိုင်။

မေ့မျက်နှာရဲရဲနှင့် ညည်းခန်းထဲမှ လှည့်ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"သောက်ပါဦး မစု"

"ဟုတ်ကဲ့ . . . ကျေးဇူးနော် ကိုသွန်း"

မေနွတ်ခမ်းလေး ဖိကိုက်ပြီး မဲ့ပြုံးပြုံးရင်း ပြန်လှည့်ကြည့်တော့ သူမ လီမွှော်ရည်ဖန်ခွက်ကို ယူသောက်နေတာ မြင်လိုက်ရ၏။

ဖန်ခွက်ရှည်မျောမျောလေးထဲက လီမွှော်ရည်တွေ တစ်ဝက်လောက်လျော့သွားတာမြင်တော့ မေ့ရင်ထဲ အသူးပင် ကျေနပ်ပျော်ရွှင်သွားမိလေသည်။

ဘာရယ်ကြောင့်မသိ ထိုအမျိုးသမီးကို မေ မုန်းသွားမိပါသည်။

သူတို့နှစ်ယောက်ရဲ့ စကားပြောသံ၊ ရယ်သံတွေကို ကြားနေရတာ မေ့အတွက် ပူလောင်နေသလိုပင်။

"စု ပြန်တော့မယ် ကိုသွန်း။ ခေါင်းထဲ ရီတီတီနဲ့၊ အခုတလော သွေးပေါင်ကျနေတာပဲဖြစ်မယ်"

မစုစကားကြောင့် သွန်းမျက်မှောင်ကြုတ်လိုက်မိ၏။

ခင်ဗျားကို ကျွန်တော် မချစ်ဘူး 

"နေမကောင်းဘူးလား။ ဖြစ်ပါ့မလား မစု။ ကျွန်တော် လိုက်ပို့ရမလား"

"ရတယ် ကိုသွန်း . . . ရတယ်။ ဒရိုင်ဘာပါတယ်"

"ဩော်"

ဟုက ထိုင်ရာမှ ခပ်ယိုင်ယိုင်ထရပ်သည်။ လာတုန်းက အကောင်း၊ အခုမှ တကယ်ခေါင်းကိုက် ခေါင်းမူးနေပုံနှင့် နားထင်ကိုလက်နှင့်ဖိကာ လဲကျတော့မလို ဖြစ်သွားတာက တကယ်လား တမင်ဟန်ဆောင်တာလား ဝေခွဲရခက်နေ၏။

"ရလား မစု"

"ရပါတယ်"

ရပါတယ်ဆိုပေမယ့် ယိုင်ချင်နေသောသူမကို သူ ဝင်တွဲပြီး ကားဆီသို့ ပို့ပေးလိုက်ရသည်။

သွန်းကားတံခါးဖွင့်ပေးတော့ သူမက ပြုံးလဲ့ရီဝေစွာ ပြန်ကြည့်ရင်း . . .

"ကျေးဇူးပဲ ကိုသွန်း" ဟု ပြန်ပြောပြီး အေ့ခနဲ လေ

www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်တာမို့ ဘာလဲဆိုတာ သူ ချက်ချင်းသဘော ပေါက်သွားသည်။

ဧည့်ခန်းထဲပြန်ဝင်လာတော့ စုသောက်သွားသည့် အအေးဖန်ခွက်နှင့် သူ့အတွက် အအေးတစ်ခွက်က မသိမ်းရသေးဘဲ ဆက်တီပေါ်မှာ ဒီအတိုင်းရှိနေသေးတာတွေ့လိုက်ရ၏။

"မေလေး"

"ရှာ . . . အဲ . . . ရှင်"

"ရှာတွေ ရှင်တွေ အသာထား။ မင်း အခု ဘာလုပ်နေတာလဲ"

"အန်တီ့ကို ထမင်းကျွေးမလို့"

"အေး . . . ပြီးရင် ဟောဟိုက အအေးဖန်းယူပြီး ငါ့အခန်းထဲလာပို့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

သူအပေါ်ထပ်သို့ ချက်ချင်းတက်လာခဲ့သည်။ အခန်းထဲရောက်တော့ သက်ပြင်းမောတစ်ချက်





ချရင်း သူမလုပ်ရပ်တွေကို နားမလည်နိုင်တာကြောင့် အပြင်းအထန် စဉ်းစား အဖြေရှာနေမိ၏။

သူ့ကို မကြည်လို့ တမင်လုပ်တဲ့ကိစ္စတွေကို သူ နားလည်လို့ရပေမယ့် မဆီမဆိုင် စုကို ဒုက္ခပေးတာကျတော့ စဉ်းစားရကျပ်သွားစေသည်။

စုနှင့်ပတ်သက်ပြီး ဒီကလေးမ ကိုယ့်ကို သဝန်ကြောင်တာလား။

အဲလိုဖြစ်နေရင် ကောင်းရဲ့။

တမင်တကာကို ပြဿနာရှာချင်နေတဲ့ ဗီဇရှိနေတာဆို ဘယ်လိုမှ ကိုင်တွယ်ဆုံးမလို့ မဖြစ်နိုင်တော့မှန်း လက်ခံရတော့မည်။

ဒီလိုလုပ်တတ်တာကိုက မွေးသန္ဓေဆို သေမှ ပျောက်မှာလား။

"ဟူး"

လေပူတစ်ချက် မှုတ်ထုတ်ရင်း ခုတင်ပေါ် ကန့်လန့်ဖြတ်လှဲနေရာမှ မျက်နှာမှာဆွဲထားသည့် မီးဆိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ငေးနေမိစဉ် အခန်းဝမှာ သူမအရိပ်ပေါ်လာ၏။

သွန်းထထိုင်လိုက်ပြီး သူမကို လှမ်းကြည့်တော့ မသိမသာ ပျက်ယွင်းနေတဲ့မျက်နှာကို တမင်တင်းချီထားတဲ့ ဟန်ကို အထင်းသားတွေ့လိုက်ရလေသည်။

"ထမင်းစားလို့ရပါပြီ"

နာရီကိုကြည့်တော့ ညခြောက်နာရီခွဲပြီးပြီ။

"မစားသေးဘူး။ ဒါနဲ့ မင်း မေမေ့ကို ဆေးတိုက်ပြီး ပြီလား"

"ဟုတ်ကဲ့ . . . တိုက်ခဲ့ပြီးပါပြီ"

"မင်း . . . အဲဒီမှာထိုင်ဦး"

သွန်း ညွှန်ပြသည့်နေရာမှာ သူမက အေးအေး ဆေးဆေးပင် ဝင်ထိုင်၏။

သူမမျက်လုံးတွေကတော့ သွန်းကို ကြည့်မနေဘဲ အခန်းကြမ်းပြင်ကော်ဇောကိုသာ အဓိပ္ပာယ်မဲ့ ငေးစိုက် ကြည့်နေလေသည်။

"ငါမေးတာ အမှန်အတိုင်းဖြေ။ လိမ္မော်ရည်ထဲမှာ





ဘာထည့်ထားလဲ။ မသိဘူးလို့ မပြောနဲ့"

"မသိဘူး။ ဘာမှန်းတကယ်မသိတာ။ ဒါပေမဲ့ အဲဒီ အထဲက အရည်တွေတော့ ထည့်လိုက်တယ်"

"ဟ . . . မင်းလုပ်တာလွယ်လှချည်လား။ မင်း ကြောင့် တစ်ခုခုဖြစ်သွားမှာ လုံးဝမစိုးရိမ်ဘူးလား"

သူမ ဘာမှမဖြေဘဲ ငြိမ်နေတော့ သွန်း ပိုပြီးဒေါသ ထွက်သွားသည်။

မနည်းတည်ငြိမ်အောင် ချုပ်ထိန်းထားရတဲ့စိတ် ကို သူပဲ လွှပ်ရှားအောင်လုပ်ပြီး သူ့ကြောင့်ပဲ ပြန်ပြီးလျှော့ချ ခွင့်လွှတ်ပစ်လိုက်ရတာလည်း အကြိမ်မနည်းတော့။

"အခု မင်းလုပ်လိုက်တာ ဘာရည်ရွယ်ချက်နဲ့လဲ ငါမသိဘူး။ ဒါပေမဲ့ မင်းပစ်တဲ့မြားက ငါ့ကိုပဲထိတယ်။ အခု လောက်ဆို စုမြတ်နိုးခင်ဆိုတဲ့မိန်းမက သူသောက်မယ့် အအေးထဲ ငါ အရက်ထည့်ပါတယ်ဆိုပြီး ကောင်းကောင်း အထင်သေးနေပြီ။ အဲဒါ မင်းစဉ်းစားမိရဲ့လား"

မေ့ပြန်ပြောချင်လိုက်တာ အူတွေ အသည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပင် ယားကျိကျိဖြစ်ရသည်။

သစ္စာမရှိတဲ့ ခင်ဗျားနဲ့ အရှက်မရှိတဲ့ အဲဒီမိန်းမကို မုန်းလို့ တမင်လုပ်တာလို့ ပြောချင်ပေမယ့် . . .

"ဒီမှာ . . . မင်း အဲလိုကျောက်ရုပ်လုပ်မနေနဲ့။ ငါ အခုထပ်မေးတာကို ဖြေဦး။ ရှင်းရှင်းပဲမေးမယ်။ တည့်တည့် ဖြေ။ မင်း ငါ့ကိုကြိုက်နေလား"

"ဘာ"

မေ့တစ်ကိုယ်လုံး ဆတ်ခနဲတုန်ကာ ထိုင်ရာမှ ထ ရပ်လိုက်မိ၏။

သည်လိုတော့လည်း မဖုရားက နာတတ်လိုက် တာ ဆတ်ဆတ်ခါလို့ပါလား။

သွန်း သူမရှေ့မှာ သွားရပ်ရင်း ပခုံးနှစ်ဖက်ကိုကိုင် ကာ . . .

"စိတ်အေးအေးထားပြီး ပြန်ထိုင်ဦး။ ငါ မေးတာပဲ ဖြေ။ မင်းကို စွပ်စွဲနေတာ မဟုတ်ဘူး။ ငါ သိချင်လို့မေးတာ"

"အခုကိစ္စနဲ့ဆိုင်လို့လား"



"ဆိုင်တာပေါ့။ ဒီလိုရှုးကြောင်ကြောင်အလုပ်မျိုး မင်း လုပ်တယ်ဆိုတာ စုမြတ်နိုးခင်ကို ငါနဲ့ပတ်သက်ပြီး ချေ ဝင်နေလို့ ဖြစ်မှာပေါ့။ အဲဒါကလွဲပြီး တခြားဘာအကြောင်းမှ မရှိဘူး"

"အဟက် . . . ဟား . . . ရယ်ရတယ်နော်။ ခင်ဗျား က ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတာပဲ။ ဒီမှာ ခင်ဗျားလို သစ္စာမရှိတဲ့လူကို ကျွန်တော်က ကြိုက်ရမယ် ဟုတ်လား။ ဝေးသေးတယ်။ ခုနမိန်းမက ခင်ဗျားမှာ မြတ်ဆိုတဲ့ ရည်းစား ရှိမှန်းသိသိကြီးနဲ့ လိုက်ပြီးမြူဆွယ်နေလို့ တမင် ဒုက္ခပေး လိုက်တာ သိပြီလား"

သွန်း ဟားခနဲပင်အော်ပစ်လိုက်မိတော့၏။ သူမ ပခုံးနှစ်ဖက်ကို ဆောင့်ခနဲလွှတ်ခါပြီး ဆံပင်တွေထဲ လက် ထိုးဖွကာ ခုံတစ်လုံးမှာ ဝင်ထိုင်ချလိုက်မိ၏။

"နေပါဦး . . . ငါ့ရုပ်က အဲလိုရုပ်မျိုး တကယ်ပဲ ထွက်နေတယ် ဟုတ်လား . . . ဟမ်"

"ခင်ဗျားကိုယ်ခင်ဗျား သိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း . . . ဦးနှောက်မရှိဘဲ ထင်ရာတွေ လျှောက်ပြောမနေနဲ့။ မပြတ်ဆိုတာ လက်ရှိ ငါ့စာအုပ်တွေ ထုတ်ပေးနေတဲ့ ထုတ်ဝေသူကွ။ သူ့မှာယောက်ျားရှိတယ်။ ညနေကလာတဲ့ စုမြတ်နိုးခင်ဆိုတာလည်း ထုတ်ဝေသူ တစ်ယောက်ပဲ"

"ဟင် . . . ဒါဆို ခင်ဗျားရည်းစားတွေ မဟုတ်ဘူးလား။ ဟို . . . စုဆိုတာ ခင်ဗျားကို တခြားတစ်ယောက်ဆီက လုမယ် ဘာမယ်ဆိုတာ အဲ . . . အဲဒါ ဘာတွေလဲ"

"တော် . . . မင်း ငါ့ကို ဘာမှမမေးနဲ့။ ရှုးကြောင်ကြောင်နဲ့ မဟုတ်တာတွေတွေးပြီး မဟုတ်တာတွေ လျှောက်လုပ်တယ်"

မေ့ ချက်ချင်းခေါင်းငုံ့ကျသွားရသည်။

"ကျွန်တော် မှားသွားတယ်။ တောင်းပန်ပါတယ်"

"အဲလိုတောင်းပန်ရုံနဲ့ ရမလား။ မင်းအပြစ်ကို မင်း သိရင်"

"ပြောပါ . . . ကျွန်တော် ဘာလုပ်ပေးရမလဲ"

●——ဈေးအသေ——●



"တူညီသောတုံ့ပြန်မှုဆိုတာပဲ ငါကလိုချင်တာ။ ငါ့ကို တစ်ချက်ရိုက်ရင် ငါကလည်း တစ်ချက်ပြန်ရိုက်ရမှ။ အဲ့ဖန်ခွက်ထဲက အအေးတွေ မင်း အကုန်သောက်ရမယ်။ ဒါမှ စု ခံစားရတာတွေ မင်း ကိုယ်ချင်းစာတတ်မှာ"

မေ့မျက်လုံးလေး ပြူးသွားသည်။

သူများကို ဒုက္ခပေးတုန်းက ခပ်ပြုံးပြုံး ကျေနပ်အားရခဲ့သော မေ့ဟာ အခုတော့ လိမ္မော်ရည်ဖန်ခွက်ကို အဆိပ်ရှိသတ္တဝါလို မထိရဲ မတို့ရဲ။

"သောက်လေ . . . မသောက်ရင် မင်း ဒီတစ်ညလုံး စာမူတွေ စစ်ရမယ်"

"သောက်ရင်ရော"

"သောက်ရင်တော့ ထုံးစံအတိုင်း တစ်အုပ်ပဲပေါ့"

မေ့ ဘာမှဆက်မမေးတော့ဘဲ လိမ္မော်ရည်ဖန်ခွက်ကိုယူကာ တစ်ရှိန်ထိုးမော့သောက်ချလိုက်သည်။

ချိုပြီးပူရှသောအရသာက လည်ချောင်းထဲ စီးဝင်သွားသည်။

●——ဈေးအသေ——●

www.burmeseclassic.com

www.burmeseclassic.com



သိပ်ဆိုးဆိုးရွားရွားကြီးမဟုတ်လို့ တော်သေးသည်။

"ရော့ . . . ဒီစာအုပ်ကိုစစ်။ ငါ ထမင်းသွားစားဦး မယ်"

သူမကို စာအုပ်တစ်အုပ်ပေးပြီး သွန်း အောက်ထပ်ထမင်းစားခန်းသို့ ဆင်းလာခဲ့လိုက်၏။

ထမင်းစားနေရင်း သူမ ပြောတာတွေပြန်ကြားယောင်ကာ သူ ဟက်ဟက်ပက်ပက်ရယ်ချလိုက်မိသည်။

သစ္စာမရှိတဲ့လူဆိုတဲ့ အသံက သူ့နားထဲမှာ ပဲ့တင်ထပ်နေတော့၏။

ဒီလောက် သူ့အပေါ် အဆိုးမြင်အထင်သေးလွန်းတဲ့ ကောင်မလေးကို တစ်ခုခု တုံ့ပြန်ဖို့တော့ လိုအပ်နေပြီဟု လည်း တွေးလိုက်မိသည်။

စဉ်းစားလိုက်၊ တွေးငေးနေလိုက်နှင့် ထမင်းစားတာ အတော်လေးကြာသွားသည်။

ထမင်းစားပြီး မေမေ့အခန်းတံခါးလေးဟနေတာ တွေ့လို့ ဝင်ကြည့်တော့ ဆေးသောက်ထားသောကြောင့်





ထင်သည်။ မေမေက တရှူးရှူးအိပ်မောကျနေပြီ ဖြစ်၏။

သူ မေမေ့အခန်းမီးကို ပိတ်ပေးလိုက်ပြီး စားပွဲပေါ်က မီးအုပ်ဆောင်း ပြာလဲ့လဲ့ကလေးကိုဖွင့်ကာ အပြင်သို့ ပြန်ထွက်လာခဲ့သည်။

သွန်း အပေါ်ထပ်က အခန်းထဲပြန်ရောက်တော့ သူမက စားပွဲပေါ် ခေါင်းတင်လျက် ငြိမ်သက်နေ၏။

"မေလေး . . . ဟိတ် . . . ထ‌စမ်း"

သူမက အင်း . . . အဲနှင့် မျက်လုံးလေးပွတ်ပြီး ထလာသည်။ မျက်မှောင်ကြုတ်လိုက် မျက်စုံးပင့်လိုက်နှင့် သူ့ကို မမြင်ဖူးသလို သေချာကပ်ကြည့်လာပုံကြောင့် ဒီကောင်မလေး ဘယ်လိုဖြစ်နေပြီဆိုတာ သိပြီး သွန်းရယ်ချင်သွားရ၏။

"အင်း . . . ကျွန်တော် အိပ်ချင်နေပြီ"

"အစောကြီးရှိသေးတယ်ကွ"

"မသိဘူးဗျာ။ မျက်လုံးတွေ မဖွင့်ချင်တော့ဘူး။ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သူမက ထိုင်ရာမှ ထရပ်သည်။

"ဝုန်း"

"အား"

သူ့ကိုယ်သူ မထိန်းနိုင်ဘဲ စားပွဲပေါ်လက်ထောက်လျက် ခေါင်းကိုလက်နှင့်အုပ်ကာ ပြန်လဲကျတော့ သွန်းလက်ပိုက်ကြည့်နေလို့မရဘဲ ဝင်ထိန်းလိုက်ရတော့၏။

"ဟော့ . . . မင်းရရဲ့လား"

"မူးတယ်"

သူမက တိုးဖျော့ဖျော့ကလေး ရေရွတ်ပြီး သူ့ရင်ခွင်ထဲ ခေါင်းမှီကျလာသည်။ နူးညံ့သော ဆံနွယ်စလေးတွေက သူ့ပါးပြင်၊ မေးဖျားဆီ ခပ်ဖွဖွရိုက်ပုတ်တို့ထိသွားသည်။

သွန်း ရင်ခုန်သံတွေ မြန်လာ၏။ ယိုင်နွဲ့မှီတွယ်လာသော ကိုယ်လုံးအိအိလေးကို ထွေးဖက်ထားလျက် လှုပ်ရှားနေမိတဲ့စိတ်ကို အတတ်နိုင်ဆုံး ချုပ်ထိန်းရင်း သူမရဲ့မေးဖျားလေးကို ပင့်မော့ကာ . . .



"မလေး . . . ဟော့ . . . မလေး"

"အင်း . . . ဟင် . . . ဘာလဲ . . . အိပ်ချင်တယ်"

မျက်လုံးမဖွင့်ဘဲ သူ့ခါးကိုဖက်တွယ်လျက် မသဲမကွဲရေရွတ်ပုံက တကယ့်ရင်ဖိုချင်စရာပါ။

"ဟုတ်ပြီလေ။ အိပ်မယ်ဆို မင်းအခန်းအထိ ရောက်အောင် ပြန်ပို့ရမှာပေါ့။ ငါ လိုက်ပို့မယ်။ မျက်လုံးဖွင့် လျှောက်"

"မရဘူး . . . အရမ်းမူးတယ်။ ရင်တွေပူလိုက်တာ"

သူမ ဟန်ဆောင်နေခြင်းမဟုတ်ဘဲ ဘယ်လိုမှ မဟန်နိုင်ဘဲ အမူးလွန်သွားပြီမှန်း သိလိုက်တော့ စိတ်လိုက်မာန်ပါခိုင်းမိတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ နောင်တနှင့်အပြစ်တင်ချင်မိတော့၏။

"ဒုက္ခပဲ"

သောက်တာက သူ၊ တကယ်မူးတော့ ကိုယ်ပါ။ စိတ်က လွတ်ချင်နေသည်။

ဒီကောင်မလေးလှလှလေးရဲ့ ခန္ဓာကိုယ်ကို အကြာ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ထိန်းပွေ့ဖက်တွယ်ထားရလောက်အောင် ကိုယ်က အာသဝေါကုန်ခန်းနေသည့် ရဟန္တာလည်း မဟုတ်။

အရုထပြီး စွာကျယ်ကျယ် ရန်တွေ့ပြန်ပြောပါဦး လားဟု ပြောပြီး ကြမ်းပြင်ပေါ်ကို လွှင့်ပစ်ချလိုက်ချင်သည်။

ဒါပေမဲ့ သနားစရာမျက်နှာလေးက ရင်ခုန်မြတ်နိုး ချင်စဖွယ် အမူးလွန်အိပ်ပျော်နေပုံကလေးကို ကြည့်ပြီး သွန်း မလုပ်ရက်တော့ချေ။

"ဟင်း"

သက်ပြင်းတစ်ချက်ချပြီး သူမကိုယ်လေးကို သူ့ ခုတင်ပေါ် အသာအယာသွားတင်ထားလိုက်တော့ သူမက ကလေးပေါက်စလေးလို အဲ့ခနဲ လူးလွန့်လူးရှားပြီး ငြိမ် သက်စွာ အိပ်စက်သွားသည်။

မီးရောင်အောက်မှာ သူ့အရှိန်နဲ့သူ နီရင့်ရောင် သမ်းနေသည့် မျက်နှာဖူးဖူးလေးက တော်ရုံစိတ်နဲ့ဆို ငုံ့နမ်း ပစ်ချင်စရာ။

သွန်းခုတင်ဘေးမှာ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်



သည်။ အလိုလို ပြုံးကျယ်ဖိတ်လာသည့် ကရုဏာစိတ်က ဘယ်အရပ်ဒေသက မြစ်ဖျားခံခဲ့သည်မသိ။ သူမမျက်နှာပေါ် က ဆံစလေးတွေကို လက်နှင့်သပ်တင်မိတော့မလို ဖြစ်ပြီး မှ သက်ပြင်းရှိုက်လျက် လက်နှစ်ဖက်ကို ပူးဆုပ်ပြီး မေး ထောက်ကာ မမှိတ်မသုန်စိုက်ကြည့်ငြိမ်သက်နေလိုက်၏။

ဒီအချိန်မှာ သူမကို အခန်းထဲသွားပို့ထားလိုက်တာ အသင့်တော်ဆုံးဟု သွန်းထင်သည်။

ဒါပေမဲ့ သူ့မျက်စိအောက်က ဖျောက်ကွယ်သွား တော့မည့် လွတ်လပ်လစ်ဟာသွားသော ခံစားမှုကိုလည်း မလိုချင်ပြန်။

ကဲ . . . ဒီအတိုင်းပဲ ထိုင်ကြည့်နေတာ ကောင်း မလား။ မင်း ဘာလုပ်မလဲ သွန်း။

အနိုင်လိုချင်နေတဲ့ ကောင်မလေးကို ဒူးထောက် အရှုံးပေးမလား။

အရင်လိုပဲ ပရိယာယ်တွေ သုံးပြီး အနိုင်ယူမလား။ သွန်းအတွေးနှင့်အတူ ခပ်လွန့်လွန့် ပြုံးမိသွားရင်း သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com



နဖူးပြင်လေးကို မြတ်နိုးစွာ နမ်းရှိုက်လိုက်မိသည်။

ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို သေချာပိုင်နိုင်စွာချကာ သူ ထိုင်ရာမှ ထလိုက်၏။

"စိတ်တော့မကောင်းဘူး ကောင်မလေးရေ။ ဒါ ဒီအခွင့်အရေးတစ်ခုတော့ သုံးမှ ဖြစ်တော့မယ်"

သွန်းလိုက်ကာစကို ဆွဲကာလိုက်ပြီး သူမဘေးမှ လှည့်ထွက်လာခဲ့၏။

ထိုညက ကော်ဖီခါးခါးတစ်ခွက်၏ အကူအညီနှင့် သွန်းစာရေးစားပွဲမှာ ငုတ်တုတ်မိုးလင်းသွားရသည်။

သူမကို လှည့်မကြည့်မိအောင် စာအုပ်တစ်အုပ်ကို ဖတ်ရင်း သူ့အတွေးက ပြီးဆုံးခါနီးပြီဖြစ်သော ကစားပွဲတစ်ခုဆီ ရောက်နေမိလေသည်။

ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေ သူ ခံစားလိုက်ရတဲ့ အချစ်တစ်ခုကတော့ အမြတ်ပဲဖြစ်မှာပါ။





## အခန်း ( ၁၄ )

ခပ်သဲ့သဲ့ကြားနေရသောအသံတစ်ခုကြောင့် မေ့ အိပ်ရာမှ နိုးထလာခဲ့သည်။ အသံက ကွန်ပျူတာကီးဘုတ်ခလုတ်တွေကို တို့ထိဖိနှိပ်နေသော တဂျောက်ဂျောက်မြည်သံဖြစ်ပြီး အဆက်မပြတ်ပေါ်ထွက်နေတာ အတော်ကြာပြီထင်၏။

ယခင်နေ့တွေက မေ့ အိပ်ရာနိုးတိုင်း ပဲပြုတ်ဆိုတဲ့ အသံမျိုး ဒါမှမဟုတ် စားပွဲတင်နာရီသေးသေးလေးက နှိုး



www.burmeseclassic.com

www.burmeseclassic.com



စက်မြည်သံမျိုးနှင့် နီးလော့ရှိခဲ့တာမို့ ကွန်ပျူတာစာရိုက်သံက အထူးအဆန်းလိုဖြစ်နေသည်။

မျက်လုံးမဖွင့်ရသေးခင် သစ်တော်သီးနံ့လို ခပ်သင်းသင်းရနံ့တစ်ခုက အခန်းထဲ လှိုင်နေတာမို့ မေ့ အလန့်တကြား မျက်စိဖွင့်ကြည့်တော့ အိပ်မက်မဟုတ်။ တကယ်ကို သူ့အခန်းထဲမှာ မေ့ ရောက်နေတာကို တွေ့လိုက်ရလေ၏။

"ဟား . . . ညက . . . ငါ"

မေ့ဆံပင်တွေထဲ လက်ထိုးဖွ၊ မျက်နှာကို လက်နှင့် ဖိပွတ်ပစ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်သည်။ မနေ့က အဖြစ်အပျက်တွေအားလုံး ပြန်လည်ချိတ်ဆက်စဉ်းစားလို့ရသည့်တိုင် အိပ်ပျော်သွားခဲ့ပြီး သူ့ခုတင်ပေါ် ဘယ်လိုရောက်ရသလဲဆိုတာတော့ မှတ်ဉာဏ်ထဲမှာ ဖော်လို့မရအောင် ပျောက်နေ၏။

ဘုရား . . . ဘုရား။

ငါ ဘာဖြစ်သွားသေးလဲ။

ရွှေဥဒေါင်း



အဲဒီအတွေးက မေ့ကို မျက်စိပြာသွားစေသည်။

မှုးခနဲ မိုက်ခနဲ လဲကျလုမတတ် စိတ်လှုပ်ရှားသွားစေလေသည်။

ခုတင်ပေါ်က အသာလျှောဆင်းပြီး ခန်းဆီးလိုက်ကာစကို အသာဆွဲဖယ်လိုက်တော့ မေ့ကို ကျောခိုင်းလျက် Laptop နှင့် စာရေးနေသော သွန်းဆက်မိုး၏ ကျောပြင်ကို မြင်လိုက်ရ၏။

မေ့နားထင်နားရင်းတွေပင်ပူထူလာကာ ထိုအခန်းထဲမှ ဖျတ်ခနဲပျောက်ပြီး မန္တလေးက မေမေတို့ရှေ့သာ ဘွားခနဲ ရောက်သွားချင်လှတော့သည်။

ရှက်လွန်းလို့ သေမည်ဆို သေလောက်ရဲ့။

ဘာဖြစ်မှန်း ညာဖြစ်မှန်း မသိရခင် ဝမ်းနည်းတာရော အံ့သြတာရော ပေါင်းပြီး ငိုပစ်ချင်စိတ်ကလည်း ရင်ထဲမှာ တနုံ့နုံ့။

သူလှည့်ကြည့်မလာခင် မေ့အခန်းထဲကို လစ်ပြေးချင်လှပြီ။ ထို့ကြောင့် ခြေဖျားလေးထောက်၊ ခါးလေးကိုင်းပြီး

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



အခန်းဆီသို့ တစ်လှမ်းချင်းအကွက် . . .

"နိုးပြီလား"

ဟူသော သူ့အသံကြောင့် မေ့ပခုံးလေး ကျုံ့ခနဲဖြစ်သွားရ၏။

သူက မေ့ကိုလာကြည့်လာတော့ လက်ပိုက်ထားရမလို၊ နောက်ပစ်ထားရမလို မနေတတ် မထိုင်တတ်ဖြစ်လျက် ခေါင်းငုံ့ရင်း ဆံပင်တွေပဲ ဆွဲဖွနေမိသည်။

"breakfast ငါ ပြင်ထားတယ်။ အဆင်ပြေလား မပြေလားတော့ မသိဘူး။ ကော်ဖီဖျော်ပြီး ပေါင်မုန့်မီးကင်လိုက်တာပဲ။ မေမေ့ကိုလည်း ဆေးတိုက်ပြီးပြီ။ မင်း နေမကောင်းဘူးလို့ ပြောထားတယ်။ ဒီနေ့ ဘာမှသွားမလုပ်ပေးနဲ့တော့။ ငါ့တာဝန်ပဲထားလိုက်"

သူ့အသံက ယခင်နေ့တွေလိုမဟုတ်ဘဲ တစ်မျိုးညင်သာနူးညံ့နေတာကိုက မေ့ကို မနေတတ် မထိုင်တတ်ဖြစ်စေ၏။

"ခေါင်းကိုက်နေသေးလား"

●——ရွှေအသာ——●



ဂရုတစိုက်မေးလာတဲ့ သူ့ကို မဝံ့မရဲမော့ကြည့်လိုက်စဉ် ဘာမှန်းမသိသည့် အရိပ်အယောင်တစ်မျိုးက သူ့မျက်ဝန်းမှာ ယှက်ဖြာစိုစွတ်ကာ ရီဝေညှို့ငင်လျက် ရှိသည်ကို မြင်ရလျှင် မေ့ရင်ထဲ တလှပ်လှပ်ဖြစ်သွားရလေသည်။

ဒါ ရင်ခုန်တာလား။ စိတ်လှုပ်ရှားတာလား။

မေ ရှပ်အင်္ကျီအဖျားကို ကျစ်ကျစ်ပါအောင် ဆုပ်ဆွဲရင်း သိချင်နေသည်။ အကြောင်းအရာကို ဘယ်ကစပြီး မေးရမှန်းမသိ ဖြစ်နေရ၏။

"ခေါင်းနည်းနည်းတော့ ကိုက်မှာပေါ့။ ညက အရှိန်နဲ့လေ။ ကော်ဖီနဲ့ဆေးသောက်ပြီး အိပ်လိုက်တော့။ ဒီနေ့ ထမင်းမချက်နဲ့။ အပြင်က ဝယ်ခဲ့မယ်"

မေ့ ခေါင်းလည်းမညိတ် ခေါင်းလည်း မခါဘဲ သူ့မျက်နှာကို ပြူးကြောင်ကြောင်ကြည့်ကာ ပေကပ်ကပ်ဆက်လုပ်နေဆဲမို့ သွန်းက မျက်မှောင်ကြုတ်သည်။

"မင်း ငါ့ကို တစ်ခုခုပြောချင်နေပုံရတယ်။ ဘာပြောမလို့လဲ"

●——ရွှေအသာ——●

www.burmeseclassic.com

www.burmeseclassic.com



မေ့ ဘယ်ကစပြီး ဘယ်လိုပြောထွက်ပါ့မလဲ။

တစ်ညလုံး သူ့အခန်းထဲမှာ မေ့ မူးမူးမေ့မေ့ အိပ်ပျော်ခဲ့ရတဲ့အဖြစ်က ပြန်တွေးကြည့်ဖို့ တွေးဝံ့စရာတောင် မရှိ။

"ဟို . . . ည . . . ညက ကျွန်တော် ဘာဖြစ်သေးလဲဟင်"

စိုးရွံ့တုန်လှုပ်ဟန်နှင့် ကတုန်ကယင်လေး မေးလိုက်သော သူမကို ကြည့်ပြီး သွန်း စိတ်မကောင်းဖြစ်ရပေမယ့် မခိုးမခန့်အပြုံးတစ်ခုပြုံးရင်း . . .

"ညက . . . ညက . . . မင်း ငါ့အခန်းထဲမှာ အိပ်ပျော်သွားတယ်လေ"

"ပြီး . . . ပြီးတော့ရော"

"ပြီးတော့ ဘာဖြစ်ရမှာလဲ။ ငါလည်း အိပ်ပျော်သွားတော့ ဘာဖြစ်မှန်းဘယ်သိမှာလဲ"

"ဟင် . . . ခင်ဗျားလည်း အိပ်တယ် ဟုတ်လား"

"ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်လို့လဲ။ ငါ့အခန်း





ထဲ ငါအိပ်တာပဲ။ ဘယ်သူ့ဂရုစိုက်ရမှာလဲ"

"ဟာ . . . ရမလား။ ကျွန်တော်က . . ."

သွန်းရယ်ချင်စိတ်ကို မနည်းချုပ်ထိန်းရင်း သူမမျက်နှာကို ခပ်တည်တည် စိုက်ကြည့်ကာ . . .

"မင်းဘာသာ ငါ့အခန်းထဲလာအိပ်ပျော်တဲ့ကိစ္စ ငါနဲ့ ဘာဆိုင်လဲ။ ငါက မင်းအခန်းထဲလိုက်အိပ်တာမှ မဟုတ်တာ"

ဟု ပြောလိုက်တော့ သူမမျက်နှာလေးက နီရဲနေရာမှ ညိုမည်းသွားရှာသည်။

မျက်ဝန်းအိမ်မှာပင် မျက်ရည်ကြည်တချို့ စို့စွတ်ဝိုင်းဖွဲ့လာတာကို တွေ့ရလေသည်။

"ငါက မင်းကို ပြန်နိုင်းသေးတယ်။ မင်းက အိပ်ချင်တယ်ဆိုပြီး ငါ့ရင်ခွင်ထဲ အတင်းတိုးလာတာ အမိရဲ့ ခင်ဗျားခန္ဓာကိုယ်ကို ပွေ့ပြီး လှေကားအထစ်သုံးဆယ်ကျော်ကြီးကနေ အောက်ထပ်ဆင်းရအောင်လည်း ငါက စူပါမင်းလည်း မဟုတ်၊ စပိုက်ဒါမင်း(န်)လည်းမဟုတ်။ ဒီတော့ ငါ့အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ"

"တော် . . . တော်တော့။ ခင်ဗျား လူယုတ်မာ။ လူကြီးလူကောင်းလိုလိုဘာလိုလိုနဲ့ အခွင့်အရေးသမားကြီး။ ခင်ဗျားကို အရမ်းမုန်းတယ်"

ပြောပြီး အခန်းထဲကပြေးထွက်သွားတာလည်း မဟုတ်၊ မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့အုပ်ပြီး ကလေးစိတ်ကောက်သလို ကြမ်းပြင်ပေါ်မှာ ခြေဆင်းကာ အော်ငိုနေသော သူမကိုကြည့်ပြီး သွန်း ကျိတ်ရယ်လိုက်မိ၏။

"လူယုတ်မာကြီး . . . ခင်ဗျားကို မကျေနပ်ဘူး။ သက်ဆိုင်ရာကိုတိုင်ပြီး ဖမ်းခိုင်းမယ်။ သူများ သားသမီးကို အနိုင်ကျင့်စော်ကားတဲ့လူ . . . အီး . . . ဟီး . . . ဟီး . . . မေမေရေ့ . . . မေ့ကို ကယ်ပါဦး . . . မေ့ သေချင်တယ်။ သေသွားချင်တယ် . . . ဟီး . . . ဟီး"

ကြမ်းပြင်ကို ခြေထောက်နှင့်ဆောင့်ကာ ဆောင့်ကာ ငိုနေသော သူမပုံစံက ကလေးတစ်ယောက် ဂျီကျ စိတ်ကောက်နေတဲ့အတိုင်းပင်။



သွန်းထိုင်ရာမှထကာ တံခါးသွားပိတ်တော့ သူမက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မော့ကြည့်သည်။

"ဘာ . . . ဘာလုပ်မလို့လဲ။ တံခါးဖွင့်ပေး . . . အီး ဟီး . . . သွန်းဆက်မိုး ခင်ဗျားကို သတ်ချင်တယ်"

"ဟိတ် . . . ဘယ်လိုဖြစ်နေတာလဲ၊ အသံပြဲနဲ့ အော်မနေနဲ့။ မေမေကြားမှာစိုးလို့ တံခါးပိတ်လိုက်တာ။ မင်း မရှက်ဘူးလား။ အတင်းစွတ်အော်တော့တာပဲ"

"ဘာ၊ ဘာကိုရှက်ရမှာလဲ။ သူများသားသမီးကို ဖျက်ဆီးတဲ့ ခင်ဗျားလိုလူက ရှက်ရမှာ . . . ဟင်း . . . တိုင်မယ်။ အမျိုးသမီးရေးရာကိုတိုင်ပြီး ရှင့်ကို တစ်သက်လုံး ထောင်ကျအောင်လုပ်ပစ်မယ်"

"အံ့ . . . မာ ဘာကိစ္စ ငါက ထောင်ကျရမှာလဲ။ မင်းကို ငါက ဘာလုပ်လို့လဲ"

သူမရှေ့မှာ မားမားရပ်ပြီး ခါးထောက်ကာ အော်ပစ်လိုက်တော့ သူမက မျက်ရည်အရွှဲသား နှပ်တွေ ပေကျံနေရင်းမှ မော့ကြည့်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမလဲ။ မနေ့ညက ခင်ဗျား ကျွန်တော့်ကို . . . အ . . . ဝူး . . . ဝူး"

"ဟိတ် . . . တော်စမ်း"

အော်လည်းအော် သွန်း သူမနှုတ်ခမ်းထူထူလေးကို လက်နှင့်ဖိပိတ်ပစ်လိုက်တာကြောင့် စကားတစ်ဝက်တစ်ပျက်မှာတင် ဝူးဝူးဝါးဝါးနှင့် ရပ်သွားရပေမယ့် မျက်လုံးလေးတွေကတော့ မီးထတောက်မတတ် စူးရဲခက်ထန်နေလေသည်။ တကယ်မလွယ်တဲ့ ကောင်မလေး။

စွာလန်ကျဲနေတဲ့ အဲဒီနှုတ်လမ်းလေးတွေကို ကြည့်ပြီး သွန်း အံကြိတ်လိုက်မိ၏။

"မေမေ ကြားမယ်။ မအော်နဲ့"

သူ လက်ကို အသာအယာဖယ်ပေးပြီး သတိပေးသလို ခပ်တိုးတိုးပြောလိုက်တော့ သူမက အသက်ကို ခပ်ပြင်းပြင်းရှူပြီး ကြမ်းပေါ်လက်ထောက်လျက် သွန်းကို မော့ကြည့်နေသည်။

"အော်မှာပဲ။ ခင်ဗျားကို မုန်းတယ်"



သွန်း သူမရှေ့မှာ တင်ပျဉ်ခွေထိုင်ချလိုက်တော့သည်။ သူမ ပါးပြင်ပေါ်က မျက်ရည်စတွေကို ခပ်ဖွဖွ တို့သုတ်ပေးရင်း . . .

"ငါကတော့ မင်းကို ချစ်တယ်"

ဟုပြောစဉ် သူမက ဆတ်ခနဲမျက်နှာလွှဲသွားသည်။ ဆံပင်တွေက သူမမျက်နှာတစ်ခြမ်းကို ဖုံးအုပ်သွား၏။ သွန်း ထိုဆံစတွေကို ဆွဲယူဖယ်ရှားပြီး သူမ မေးစေ့လုံးလုံးလေးကို ဆွဲကာ ဒီဘက်လှည့်နိုင်းတော့ လက်ကို ပုတ်ထုတ်ပြီး ပေကပ်ခေါင်းမာစွာ တစ်ဖက်သို့လှည့်နေလေသည်။

"မေလေး"

"မခေါ်နဲ့ . . . ခင်ဗျားက ကျွန်တော့်ရန်သူ"

"မဟုတ်ဘူး။ မင်းက ငါ့ချစ်သူ"

"သေလိုက်ပါလား။ ခင်ဗျားလို လူယုတ်မာကို"

"ပြောပြန်ပြီလား ဒီလူယုတ်မာဆိုတာကို။ ငါ မင်းကို ဘယ်တုန်းကမှ မယုတ်မာခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သွန်းစကားအဆုံး သူမ မျက်ဝန်းလေးတွေက လက်ခနဲဖြစ်သွားပြီး ဝမ်းသာအားရ မော့ကြည့်လာ၏။

"ဒါ . . . ဒါဆို ညက ဘာမှမဖြစ်ခဲ့ဘူးပေါ့နော်"

ချက်ချင်းကြီး အချိုးပြောင်းသွားသော သူမကို ကြည့်ပြီး သွန်း အမြင်ကပ်သွားမိ၏။

တမင်တကာ ညစ်ကျယ်ကျယ်လုပ်ချင်စိတ်က ဝင်လာတာမို့ မျက်မှောင်ကြုတ်ရင်း . . .

"အဲဒါတော့ ငါလည်း အတိအကျမသိဘူး။ ဒါကြောင့် ဘာမှမဖြစ်ခဲ့ဘူးလို့ အာမ မခံနိုင်ဘူး"

မေ့ တင်းထားသည့်စိတ်မာတ်တွေ ဝုန်းခနဲ ပြိုလဲကျသွားတော့၏။

မျက်ရည်တွေက ပါးပေါ် တလိမ့်လိမ့်စီးဆင်းနေဆဲ။

သွန်းဆက်မိုး . . . ခင်ဗျားကို သိပ်မုန်းတယ်။

ရွှေပေသာ



## အခန်း ( ၁၅ )

တကယ်ဆို ဒီအိမ်ကြီးကနေ မေ့ ထွက်သွားချင်ပါပြီ။ အချိန်တွေကို နာရီလက်တံနောက်ပြန်လှည့်ပြီး ပြန်ဆုတ်လို့ရရင် ဒီကိုမရောက်ခင် မန္တလေးမှာနေခဲ့တဲ့အချိန်တွေကို မေ့ ပြန်ရောက်သွားချင်မိသည်။

သွန်းဆက်မိုးရဲ့ ကိုယ်ကျင့်သိက္ခာကို ယုံစားပြီး မိုက်မှားခဲ့ရတဲ့ မေ့အဖြစ်က သေပစ်လိုက်လျှင်တောင် သံသရာကြွေးက ဆုံးမှာမဟုတ်တော့။

ရွှေပေသာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောမြလည်း ပြန်ရောက်နေပြီမို့ မေ့ မန္တလေး ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

တစ်လကျော်ကျော်အချိန်အတွင်း သူနဲ့ထိပ်တိုက် မဆုံဖြစ်အောင် ရှောင်နေရတာ မေ့အတွက် ပင်ပန်းလွန်းလှ၏။

တစ်အိမ်တည်းအတူနေတာမို့ မတွေ့ချင် မြင် လျက်သား။

အရင်ကလို မေ့အပေါ် ဖိနှိပ်ချုပ်ချယ်တာတွေ၊ စေ ခိုင်းတာတွေ မရှိတော့သော်လည်း နူးညံ့နွေးထွေးရိပ် သမ်း သည့် သူ့အကြည့်တွေ စကားတွေကိုပင် မေ့ ခါးသက်ရှုံ့မုန်း စွာ ခံနိုင်ရည်မဲ့ရလေသည်။

"မေလေးရေ . . . မမြခေါ်နေတယ်"

"လာပြီ ဒေါ်စော"

မေ့အခန်းထဲမှာ တွေဝေငေးငိုင်နေဆဲ ဒေါ်စောမြ ရောက်လာတာမို့ အခန်းထဲက ထွက်လိုက်လာခဲ့၏။ ခု တလော ညှိုးငယ်နွမ်းလျနေသည့် မေ့အရိပ်အကဲကို





အန်တီမြလည်း မြင်မှာပါ။

မထူးတော့ပြီမို့ ဒီနေ့ပဲ မေ့ အလုပ်ထွက်မည့် အကြောင်း ဖွင့်ပြောလိုက်တော့မည်။

လေးငါးလအတူနေခဲ့ဖူးတဲ့ သံယောဇဉ်တော့ မေ့ မှာ ရှိပါသည်။ အန်တီမြကိုလည်း မေမေ့ကိုယ်စား ချစ်ခင် လေးစားခဲ့ရသည်။

ဒါပေမဲ့ သွေးဆက်မိုးကြောင့် မေ့ မနက်ဖြန်တွေ က အိပ်မက်ဆိုးတွေနဲ့ နာကျင်ပင်ပန်းစေခဲ့ပြီ။

"ဟော . . . မေလေးတောင်ရောက်လာပြီ။ မစော ရေ သားကို ခေါ်ပြီးပြီလား"

"ဟုတ်ကဲ့ . . . မမြ။ ခေါ်ထားပါတယ်။ ခုပဲ လာခဲ့ မယ်လို့ပြောလိုက်တယ်"

ပြောပြီး ဒေါ်စောမြက ပြန်ထွက်သွားသည်။

သူ့ကိုလည်း ခေါ်ထားတယ်ဆိုတော့ ဘာများပါ လိမ့်ဆိုတဲ့အတွေးနဲ့ မေ့ရင်ထိတ်စွာ ဝင်ထိုင်လိုက်သည်။

အန်တီမြက ခုတင်ပေါ်မှာ လဲလျောင်းရင်း မေ့



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးကို ဖွဖွဆုပ်ကာ ပြုံးကြည့်နေပြီးမှ . . .

"မေလေးကို အန်တီ တစ်ခုမေးချင်တယ်။ မှန်မှန်ဖြေနော်"

ဟုဆိုလိုက်သောကြောင့် မေ့ အံ့သြရင်ဖိုသွားရ၏။

"မေးပါ . . . အန်တီ"

"သမီးကို စတွေ့ကတည်းက အန်တီ တစ်ခုသတိထားမိတယ်။ သမီးရဲ့အသွေးအမွေးအဆင်းအင်္ဂါက မျိုးရိုးဇာတိ ခပ်ညံ့ညံ့ထဲက မဟုတ်ဘူးဆိုတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ အန်တီပြောတာ တစ်ခုကိုတော့ သမီးဘက်က အလေးအနက်ထားပြီး စဉ်းစားပေးစေချင်တယ်။ အန်တီ သမီးကို တစ်သက်လုံးအတွက် အပိုင်လိုချင်တယ်။ အန်တီ သမီးကို မွေးစားမယ်"

အန်တီမြစကားကြောင့် မေ့ပါးစပ် အဟောင်းသား မျက်လုံးလေးဝိုင်းသွားရသည်။

"အဲ . . . အဲဒါ . . . ဒီလိုရှိပါတယ် အန်တီ"

"ဟော . . . သားလည်း လာပြီကိုး။ လာ . . . ဝင်ခဲ့



သား"

သူဝင်လာတာ သိလိုက်ရတော့ မေ့ခေါင်းလေး ငိုင့်သွားရသည်။

သူက မေ့ဘေးမှာပင် ခပ်အေးအေးဝင်ထိုင်လေသည်။

"ဘာပြောစရာရှိလို့လဲ မေမေ"

"ရှိတာပေါ့ သားရယ်။ ဒီကိစ္စကို စိတ်ကူးခဲ့တာကြာပြီ။ ဒါပေမဲ့ မေလေး ဒီကိုရောက်တာလည်း အချိန်ကသိပ်မကြာသေးတော့ ချက်ချင်းဖွင့်ပြောလိုက်ရင် တစ်မျိုးထင်မှာစိုးလို့။ မေမေ သူ့ကို မွေးစားချင်လို့"

"ဗျာ"

သူက အလွန်အမင်းအံ့သြသွားဟန်နှင့် မေ့ကိုလှည့်ကြည့်သည်။

ဘာကြောင့်မှန်းမသိ မေ့ရင်ထဲ နာကျင်ဝမ်းနည်းလာမိလေသည်။

အန်တီမြက မေ့ကို သမီးလေးလိုချစ်ခင်ကြည်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



လို့ မွေးစားမယ်တဲ့။

ဒီလူယုတ်မာကို မေ့က အစ်ကိုလို့ သတ်မှတ်လိုက်ရမှာလား။ မဖြစ်နိုင်လိုက်တာ။

"သားက ဘယ်လိုသဘောရလဲဟင်။ မေလေးကိုရော ညီမလေးတစ်ယောက်လို လက်ခံနိုင်မလား။ တကယ်လို့ မေလေးသာ သဘောတူရင် သူ့အုပ်ထိန်းသူတွေဆီက နေ စာချုပ်စာတမ်းနဲ့ တရားဝင်တောင်းပြီး အမွေစား အမွေခံ သမီးအဖြစ် မွေးစားချင်တယ်"

"မေမေ့သဘောကို သား ကန့်ကွက်စရာမရှိပါဘူး။ သူကရော"

"ကျွန်တော် စဉ်းစားဦးမယ် အန်တီ"

မေ့စကားဆုံး သွန်းဆက်မိုးက လှည့်ကြည့်လာသည်။

"တော်တော် တရားကျဖို့ကောင်းတယ်။ မွေးစားခံရမယ့်လူကများ စဉ်းစားဦးမယ် ဘာမယ်နဲ့"

"ဒါကတော့ ကျွန်တော့်မှာလည်း ကိုယ်ရေး





ကိုယ်တာကိစ္စဆိုတာ ရှိတာပဲ"

"ဟုတ်သားပဲ သားရဲ့။ မေလေးမှာလည်း မိသားစု အရေးကိစ္စရှိဦးမှာပေါ့။ ဒါ လွယ်လွယ်နဲ့ဆုံးဖြတ်ရမယ့် အလုပ်မှ မဟုတ်တာ။ သမီးလည်း စိတ်အေးအေးထား စဉ်းစားနော်။ အန်တီကတော့ မေလေးကို ဒီကထွက်သွားမှာ စိုးရိမ်နေမိပြီ။ ဒါကြောင့် သမီးလေးလို တစ်သက်လုံး အနားမှာ ရှိစေချင်တာ။ အဲဒါဆို သမီးအစ်ကိုကိုလည်း အတင်းမိန်းမ ယူခိုင်းစရာမလိုတော့ဘူးလေ"

အန်တီမြက မေ့ကိုပြောရင်း သူ့ဘက်သို့ပါ လှည့်မေးငေ့ါပြပြီး ပြောလိုက်တာကြောင့် မေ့ မသိမသာ မဲ့လိုက်မိ၏။

"သား . . . မိန်းမယူတော့မယ်ဆိုရင်ရော သူ့ကို မွေးစားမှာပဲလား မေမေ"

သွန်းဆက်မိုးစကားကြောင့် မေ့ ဆတ်ခနဲခေါင်းထောင်သွားရသည်။ အန်တီမြက တအံ့တဩဖြစ်သွားဟန်နှင့် သားဖြစ်သူကို ပြုံးကြည့်နေပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . . သားရယ် မေမေက မေလေးကို တကယ် လည်း သံယောဇဥ်ဖြစ်မိလို့ မွေးစားမှာ။ သား မိန်းမယူတာနဲ့ ဘာဆိုင်လို့လဲ"

"မသိဘူးလေ၊ အရင်က မေမေက သမီးချွေးမ တစ်ယောက်လိုချင်ခဲ့တာမှတ်လား။ အဲဒီတော့ . . ."

"ကဲ . . . တော်ပါ သားရယ်။ ဟုတ်တာလည်း မဟုတ်ဘဲနဲ့။ သမီးအနေခက်အောင် လျှောက်မပြောပါနဲ့။ မင်းအိမ်ထောင်ပြုတော့ရော မင်း ယူတဲ့မိန်းမက မေမေ့ကို မိဘလိုသဘောထားပြီး ကြည်ကြည်ဖြူဖြူပြုစုပါ့မလားလို့။ မေလေးကမှ မေမေ့ကို တကယ့်စေတနာမေတ္တာနဲ့ ပြုစုပေး ရှာတာ"

"အဲ့အတွက် ဘာမှမပူနဲ့ မေမေ။ သားယူတဲ့မိန်းမ ကလည်း အဲလိုပဲဖြစ်နေရမှာ"

အနောင့်အသွားမလွတ်သော သူ့ရဲ့ ဘာလိုလို စကားကြောင့် အန်တီမြရှေ့မှာ မေ့ ဘယ်လိုနေရမှန်းမသိ၊ မျက်နှာတစ်ပြင်လုံး ရှိန်းမြပူနွေးနေမိလေသည်။



"အဲလိုဆိုလည်း ကောင်းပါရဲ့ သားရယ်။ ကဲ . . . သမီးလည်း လုပ်စရာရှိတာသွားလုပ်တော့"

သို့နှင့်ပင် ရင်ထဲမှာကြံစည်စိတ်ကူးထားသမျှ မေ့ ဘာမှပြောခွင့်မသာခဲ့တော့။

"မေလေး"

နောက်မှလိုက်ပါလာရင်း ခေါ်လိုက်သံကြောင့် မေ့ လှည့်မကြည့်သော်လည်း ခြေလှမ်းကို ရပ်ပစ်လိုက်သည်။

"ငါ မင်းနဲ့ဆွေးနွေးစရာရှိတယ်"

"ကျွန်တော်ကတော့ ခင်ဗျားကို ဘာမှပြောစရာ စကားမရှိဘူး"

မေ့စကားအဆုံး သူက မေ့ရှေ့မှာပိတ်ရပ်ရင်း နံရံ ကို လက်နှစ်ဖက်နှင့်ထောက်ချလိုက်တာမို့ မေ့ခန္ဓာကိုယ် လေးက နံရံမှာကပ်ပြီး သူ့ရင်ခွင်ထဲ အလိုလိုရောက်သွား ရ၏။

"ငါ မင်းကိုချစ်တယ်။ မင်းနဲ့လက်ထပ်ဖို့ မေမေ့ကို ဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာ"

သူမျက်ဝန်းအစုံက မေးကျဉ်းသွားပြီး မေ့ကို စိုက်ကြည့်နေသည်။

"မဖြစ်နိုင်တာ ဘာရှိလဲ"

"ခင်ဗျားကို ကျွန်တော် မချစ်ဘူး"

"ငါကတော့ မင်းကိုချစ်မိသွားပြီ။ လွန်ခဲ့တဲ့ တစ်လကျော်လောက်ကတည်းက အဲဒီညမှာပဲ . . ."

"တော်စမ်းပါ။ မဟုတ်တာတွေ လာမပြောနဲ့။ ခင်ဗျားလိုလူက ချစ်တယ်ဆိုတာလည်း မယုံဘူး။ ဒီအိမ်မှာလည်း ကျွန်တော် မနေတော့ဘူး"

မေ့စကားအဆုံး သူက ဟက်ခနဲရယ်ချရင်း . . .

"မင်းယုံအောင် ငါ ဘယ်လိုသက်သေပြရမှာလဲ။ ဒီအိမ်ကနေ ထွက်သွားဖို့တော့ မစဉ်းစားနဲ့နော်။ ဘယ်နေရာရောက်ရောက် မင်းက ငါ့ရဲ့ . . ."

"မပြောနဲ့"

"ပြောမှာပဲ။ မင်းကို ငါ သိပ်ချစ်တယ်။ အဲဒါ မင်း





ယုံရမယ်"

"ခင်ဗျား ရူးနေလား"

"မင်းနဲ့အနေနီးလို့ ရူးသွားတာဖြစ်မယ်"

မေ့နှုတ်ခမ်းလေးကို ခပ်နာနာဖိကိုက်ရင်း မျက်နှာလွှဲပစ်လိုက်သည်။

တဖြည်းဖြည်း ငုံ့ကိုင်းလာတဲ့ သူ့မျက်နှာအောက်မှာ အသက်တောင်ပြင်းပြင်းမရှူရဲတဲ့အဖြစ်နဲ့ မှိန်းကျပ်နေမိ၏။

အလကားလူကြီး။

အငြိုးအတေးနဲ့ အနိုင်ကျင့်ပြီးမှ ချစ်တယ်ဆိုတာယုံရမှာလား။

မသိဘူး။ အဲဒါတွေ နားမလည်ချင်ဘူး။ ကျွန်တော်သိတာ ခင်ဗျားကို ကျွန်တော် မုန်းတယ်ဆိုတာပဲ။

ဘယ်တုန်းကမှ မေ့ကို မျက်နှာသာမပေးခဲ့တဲ့ လူကြီးက မေ့ကို ချစ်တယ်တဲ့။

ပါးစပ်တွေ့ရာ လျှောက်ပြောနေတာများ ယုံချင်



www.burmeseclassic.com

www.burmeseclassic.com



စရာလား။

"မေလေး . . . မင်း ဘာတွေစဉ်းစားနေတာလဲ။ မင်း အခု စဉ်းစားရမှာက ငါ့ကိုလက်ထပ်ဖို့ပဲ။ မင်းကို မွေးစားဖို့ကိစ္စ ငါ သဘောမတူဘူး။ မင်းကို ညီမ မတော်နိုင်ဘူး။ မင်းက ငါ့မိန်းမဖြစ်ရမှာ"

သူ့စကားတွေက မေ့နားထဲကို ပူထူသွားအောင် ဖြတ်စီးသွား၏။

မေ့မျက်လုံး စုံမှိတ်ရင်း ခေါင်းကို တအားခါပစ်လိုက်သည်။

"မဟုတ်ဘူး"

သူက မေ့မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ထဲ ထည့်ရင်း နဖူးချင်းထိကာ . . .

"သိပ်ချစ်တယ်"

ဟု တိုးတိုးဆိုစဉ် မေ့မျက်ဝန်းမှ မျက်ရည်စတို့ တလိမ့်လိမ့်ကြွေဆင်းသွားတော့၏။

မချစ်ဘူး . . . မုန်းတယ့်။

ရွှေယေသာ



## အခန်း ( ၁၆ )

"သားရေ . . . ကိုသွန်း ဆရာဝန်ခေါ်မှဖြစ်မယ် ထင်တယ်"

ဒေါ်ခေစာမြစကားကြောင့် သွန်း စာအုပ်ကိုပစ်ချပြီး အထိတ်တလန့်ထရပ်လိုက်သည်။

"မေမေ ဘာဖြစ်လို့လဲ ဒေါ်ခေစာ"

"မမြ မဟုတ်ဘူး ကိုသွန်း။ မေလေး ဖျားနေပြီ ထင်တယ်"

ရွှေယေသာ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လိုက်ကြည့်ဦးမယ်"

စိုးရိမ်စိတ်နှင့်အတူ သွန်း ခြေလှမ်းတွေက သွက်နေသည်။ သူမအခန်းထဲကို အလျင်စလိုဝင်ပြီးမှ ဒေါ်စောရှိနေတာကြောင့် မျက်နှာပူသွားရ၏။

သူမက အိပ်ပျော်နေတာလား၊ မှိန်းနေတာလား မသိ မျက်လုံးမှိတ်လျက် အိပ်ရာပေါ်မှာ ငြိမ်သက်နေသည်။

သွန်းလက်က သူမနဖူးပေါ် ဖျတ်ခနဲရောက်သွား၏။

"ကိုယ်နည်းနည်းပူတယ်၊ ဘာဆေးတိုက်ထားလဲ"

"ဘာဆေးမှ မတိုက်ရသေးဘူး။ သူ အိပ်ရာမထသေးလို့ဝင်ကြည့်မှ သိတာ။ ခုန အန်သေးတယ်၊ ညက ကန်စွန်းဥပြုတ်တွေစားထားတာ အစာမကြေဖြစ်တယ် ထင်ပါရဲ့။ အအေးမိတာလည်းပါမှာ။ ညက ခြံထဲမှာ ဆင်းထိုင်နေတာ အကြာကြီးပဲ"

ကလေးလည်းမဟုတ်တော့ဘဲ အနေအစား မဆင်ခြင်သော ကောင်မလေးကို သွန်း သနားလည်း သနား၊ အမြင်ကပ်စွာနဲ့ပဲ ချစ်မြတ်နိုးမိပါရဲ့။



"ချွေးနည်းနည်းထွက်လာသလိုပဲ။ အဝတ်လဲပေးထားလိုက် ဒေါ်စော။ အန်ထားတယ်ဆိုရင် ဆေးမတိုက်နဲ့ဦး။ ရင်ထဲမှာ အစာရှိသေးရင် ဆေးနဲ့ထပ်အန်နေလိမ့်မယ်။ ကျွန်တော် ဒေါက်တာမျိုးဝင်းဆီ ဖုန်းဆက်လိုက်ဦးမယ်"

"စိတ်ချ . . . ဒေါ်လေး ဘာဆေးမှရမ်းသမ်းမတိုက်ထားဘူး"

သူမမျက်နှာလေးကို တစ်ချက်ကြည့်ပြီး သွန်းအခန်းထဲမှ ထွက်လာခဲ့၏။

ထို့နောက် ဒေါက်တာမျိုးဝင်းဆီ ဖုန်းဆက်ကာ သူမကိုလာကြည့်ပေးဖို့ ပင့်ရပြန်သည်။

ဒေါက်တာမျိုးဝင်းဆေးခန်းက သိပ်မဝေးလှတာမို့ ဆယ့်ငါးမိနစ်လောက်နှင့် ရောက်လာနိုင်သော်လည်း ကားပျက်နေသည်ဆိုသောကြောင့် သွန်းကိုယ်တိုင် သွားကြိုဖို့ လုပ်ရတော့၏။

ဟိုရောက်တော့ သွန်းပုံစံက ဘယ်လောက်တောင် အလျင်လို ပျာယာခတ်နေသည် မသိ။ ဒေါက်တာမျိုးဝင်းက

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ စာရေးဆရာ။ အန့်တီ ပရက်ရှာတက် နေပြန်ပြီလား" ဟု ဆီးကြိုမေးလေသည်။

သွန်း ရုတ်တရက် ဘယ်လိုပြန်ဖြေရမှန်းပင်မသိ။

"မေမေ ဘာမှမဖြစ်ဘူး ကိုမျိုး။ အိမ်ကတစ်ယောက် ..."

ဒေါက်တာမျိုးဝင်းက မျက်ခုံးပင့်ကာ ပြုံးစစနှင့် . .

"ဘယ်လို၊ အိမ်ကတစ်ယောက် ဟုတ်လား စာရေးဆရာ။ အိမ်ကတစ်ယောက်ဆိုတာ ဘယ်သူ့ကို ညွှန်းတဲ့ နာမ်စားလဲဗျ"

ဟု စချင်နောက်ချင်သောပုံစံနှင့် မေးလေလျှင် သွန်း ရယ်ကျဲကျဲနှင့် ခေါင်းကုပ်မိတော့၏။

"အိမ်ကတစ်ယောက်ဆိုတာ . . . ဟိုဟာ ကျွန်တော်နဲ့လက်ထပ်မယ့် မိန်းကလေးပဲဆိုပါတော့"

အရဲစွန့်ပြီး ပြောလိုက်ရတဲ့စကားတစ်ခွန်းက လျှာဖျားမှာ ရှိုးပြီး စွဲသွားသည်။

"သြော် . . . ဒီလိုလား။ ဒါဖြင့် ကျွန်တော်တို့ စားရ





တော့မှာပေါ့ခနော်။ လူပျိုကြီး မစွံဘူး မစွံဘူးနဲ့ စုကျတော့ အိမ်ပေါ်တောင်ရောက်နေပါရောလား။ ဒါကြောင့် အန့်တီလည်း ကျန်းမာနေတာ ထင်တယ်"

ဒေါက်တာမျိုးဝင်းက ဆေးအိတ်ကို ကိုယ်တိုင်ဆွဲကာ ကားပေါ်သို့တက်ရင်း နှုတ်ကလည်း အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောနေလေသည်။

"ဒါနဲ့ ခင်ဗျားအမျိုးသမီး . . . . အဲ . . . ဇနီးလောင်းက ဘာဖြစ်တာလဲ။ ခုရက်ထဲတော့ တုပ်ကွေးတွေ ခေတ်စားနေတယ်ဗျ"

"အအေးမိတယ်ထင်တာပဲ။ အစာမကြေဖြစ်ပြီး အန်လည်း အန်တယ်တဲ့"

ဒေါက်တာမျိုးဝင်းက မျက်ခုံးပင့်လိုက် မျက်မှောင်ကြုတ်လိုက်လုပ်ရင်း . .

"အန်တယ်ဆိုတော့ အစာမကြေတာမှ ဟုတ်ရဲ့လားဗျာ . . . တော်ကြာ"

သွန်း မျက်နှာတစ်ခုလုံး ပူရှက်ဆိတ်တွေဝိုင်းကိုက်



www.burmeseclassic.com

www.burmeseclassic.com



သလို နီရဲထူအမ်းသွားရသည်။

“မဟုတ်တာဗျာ။ ကျွန်တော်က အဲလိုဖြစ်သွားစေချင်တာ။ ဒါမှ သူ ကျွန်တော့်ကို မငြင်းမှာ။ အစုအခြေအနေက ကိုယ့်ဘက်က ဖိတ်စာတစ်ခြမ်းရိုက်ထားပြီး သူ့ဘက်ကရဲတိုင်ထားတယ်ဆိုတာမျိုး”

“ဟာ . . . ခင်ဗျားအဖြစ်ကလည်း ဘယ်လိုကြီးတုန်း”

သွန်း သက်ပြင်းရှိုက်လျက် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်တွင် ဒေါက်တာမျိုးဝင်းခမျာ ခေါင်းလည်းညိတ်ရဲ့ ခေါင်းလည်းခါရဲ့ သက်ပြင်းတွေပါ ရှိုက်ရတဲ့အဆင့်ရောက်ရရှာတယ်။

“အဲဒီတော့ ခင်ဗျားကိစ္စက မသေရျာတဲ့ဘက်မှာ ရာနှုန်းများနေတာပေါ့ ဟုတ်လား”

“ဟုတ်တယ်ဗျာ။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတော့ဘူး။ အဲ . . . တစ်ခုတော့ စဉ်းစားမိတယ်။ သူ့ကိုကျွန်တော် ဒီအတိုင်းလက်ထပ်ခွင့်တောင်းရင် ဘုကခေါင်းမာနေဦးမှာဗျ။ ဒီတော့ ကိုမျိုး ကျွန်တော့်ကို တစ်ခုလောက်



ကူညီမှဖြစ်မယ်”

“ကဲ . . . ဆိုဗျာ။ ဘာကူညီရမလဲ။ ဒါမျိုးဆို ကျွန်တော်လည်း စိတ်ဝင်စားပါတယ်။ ကုသိုလ်ရတာပေါ့”

ဒေါက်တာမျိုးဝင်းက ခပ်ပျော်ပျော်နေတတ်သောဆရာဝန်လူပျိုကြီးဖြစ်ကာ မာန်မာနလည်း မရှိသူမို့ ပေါင်းသင်းဆက်ဆံရတာ အလွန်ကောင်းပါသည်။

သွန်းထက်ဝေတော့ နှစ်နှစ် သုံးနှစ်နီးပါးကြီးသည်ထင်၏။ သူ့ပုံစံက ဆေးမကုခင် အပြောအဆို အမူအရာ မြင်ရတာနှင့် ရောဂါတစ်ဝက်သက်သာရမည့် နှစ်သက်လေးစားဖွယ် ခင်မင်ဖွယ် ရုပ်ရည်လည်းရှိ၏။

“ဒီလိုပါ . . . အစ ကိုမျိုး သူ့ကိုစမ်းသပ်ပြီး ဆေးတွေ ဘာတွေပေးမယ် မှတ်လား”

“ဒါကတော့ လိုအပ်သလိုပေါ့လေ”

“မလိုအပ်ဘဲ ပြောရမှာလည်းရှိသေးတယ်ဗျ။ ကျွန်တော့်ကောင်မလေးကို ကိုယ်ဝန်ရှိနေပြီလို့ ညာပြောပေးပါလားဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . အဲလိုညာတော့ သူက ယုံမလား။ ခင်ဗျား နဲ့ ဘာမှမဘာကြဘဲ အဲလိုပြောရင် ကျွန်တော်ပဲ အရူးဖြစ်နေ ဦးမယ်"

"မဖြစ်ပါဘူးဗျား။ စိတ်ချပါ။ အဲလိုပြောလို့ရမယ့် နိုင်လုံတဲ့ကိစ္စရှိတယ်ဗျ"

"ဒီလိုဆိုတော့ စာရေးဆရာက သွက်သားပဲ"

"ဘယ်ကလာ! မသွက်ရပါဘူးဗျား။ ဒါလေ ဒါသုံး လိုက်ဘာ"

သွန်းက နားထင်ကိုလိုက်နင့်ထောက်ပြရင်း ပြော လိုက်တော့ ဒေါက်တာမျိုးဝင်းက ရယ်နေ၏။

"အေးဗျာ . . . ကူညီရတာပေါ့။ ကျွန်တော် တစ်သက်တော့ ဒါ ပထမဦးဆုံး ကိုယ့်လူနာကိုယ် ညာရမှာ ပဲဗျို့ . . . ဟား . . . ဟား . . . ဟား . . . စာရေးဆရာနဲ့တွေ့မှ ကျွန်တော်လည်း သရုပ်ဆောင်ဖြစ်ရတော့မယ်"

"အဲလိုပြောတဲ့အခါ ကျွန်တော် မသိအောင် ပြော တဲ့ပုံစံမျိုးနဲ့ပြောနော် ကိုမျိုး။ ကျွန်တော် ရှောင်နေမယ်။ သူ





ဘာလုပ်မလဲ သိရအောင်"

"အိုခေဗျာ . . . ခင်ဗျားပြောတဲ့အတိုင်းလုပ်ပါ့မယ်။ အောင်မြင်သွားရင်တော့ မမေ့နဲ့နော်"

"စိတ်ချပါ ကိုမျိုးရာ။ ကျွန်တော် လက်ထပ်ပြီးရင် ကိုမျိုးအတွက်လည်း ပါရမီဖြည့်ဖက်တစ်ယောက် ရှာပေးဦး မှာ"

"ဟား . . . ဟား . . . တော်ပါဗျား။ ကျွန်တော်က ဆေးပဲကုတတ်တာ။ ခင်ဗျားလို မိန်းမရအောင် ဗျူဟာမသုံး တတ်ဘူးဗျ"

ပြောပြီး ဒေါက်တာမျိုးဝင်းက သဘောကျစွာ ရယ် မောနေသည်။

သွန်းလည်း ကိုယ့်အကြံအစည်အတွက် အလွန် ကျေနပ်သဘောကျနေမိ၏။

ကဲ . . . ကိုယ့်ကို မုန်းတယ်ဆိုတဲ့ ကောင်မလေး။ နောက်ထပ် မုန်းတယ်လို့ထပ်ပြောနိုင်ပါဦးမလား။

သူများကို ပညာပြချင်နေတဲ့ကောင်မလေး။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ပညာမစုံသေးတော့ ကိုယ့်ဆီကပဲ လေ့လာသင်ယူဦးပေါ့။

ကိုယ်က မင်းကို ချစ်တတ်အောင်သင်ပေးရင် ကိုယ်တိုင်အချစ်တွေကို တွေ့ရှိခဲ့တဲ့ကောင်း။

မချစ်ဘူး ထပ် မပြောနဲ့။





## အခန်း ( ၁၇ )

မျက်ရည်လည်ရွဲနှင့် ခုတင်ပေါ် ကျုံ့ကျုံ့လေးထိုင်နေတဲ့ သူမကို ချောင်းကြည့်ပြီး ဘွန်း ထခုန်မိမတတ် ပျော်သွားရသည်။

ဒေါက်တာမျိုးဝင်းက သူမအခန်းထဲက ထွက်လာတော့ လက်မထောင်ပြသွားသေးသည်။

ပထမတိုက်ကွက်တော့ အောင်မြင်သွားပြီပေါ့။

ကဲ . . . ငါ့ကို တောင်းပန်စေချင်လို့ တ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခဲ့ရဟဲ့ ကောင်မလေး။ ၄င်းကိုတောင်းပန်လိုက်တော့။ မင်းကိုယ်တိုင်ဖွင့်ပြောပြီး လက်ထပ်ပါ့မယ်ဆိုတဲ့ စကားကို ငါစောင့်နေမယ်။

"ကိုသွန်း"

"အမယ်လေး . . . လန့်လိုက်တာ"

နောက်နားမှာ ကပ်ပြီးခေါ်လိုက်သော ဒေါ်စော အသံကြောင့် သွန်း လန့်သွားရ၏။

ကိုယ့်အတွေးနဲ့ကိုယ် ပြင်ပကိုသတိမေ့နေသော သွန်း မှာ ရုတ်တရက်ခေါ်သံကြားရတော့ ပခုံးတွေပင် ဆတ် ခနဲတွန့်သွားမိလေသည်။

"တစ်ယောက်တည်း ပွစိပွစိနဲ့ ဘာတွေရေရွတ်နေ တာလဲ။ ပြုံးလိုက်ရယ်လိုက်နဲ့ ဒီအခန်းရှေ့လာပြီး"

ဟုတ်ပါရဲ့။

သူမအခန်းရှေ့မှာ ဟိုချောင်းဒီချောင်းနှင့် သူရယ် လိုက်ပြုံးလိုက် အရူးလိုလာလုပ်နေတာ။

ဒေါ်စောပြောမှပင် ရှက်ရကောင်းမှန်း သတိရ





တော့၏။

အမြဲတမ်း ခပ်တည်တည် ခပ်တင်းတင်းနေတတ် သော သွန်းဆက်မိုးဟာ အခုလိုရယ်လိုက်မောလိုက် မျက် နှာရွှင်နေတာကြောင့် ဒေါ်စောမြစိတ်ထဲ ဘာပါလိမ့်ဆိုပြီး အထူးအဆန်းလို ဖြစ်နေသည်။

"ဘာမှ မဟုတ်ပါဘူး။ ဒါနဲ့ ဟိုကောင်မလေး ဘယ့် နယ်နေသေးလဲ"

"အဲဒါပြောမလို့ ကိုသွန်း။ နေတော့ကောင်းသွားပါ ပြီ။ ဒေါက်တာက ဘာပြောသွားတယ်မသိဘူး။ တငိုငို တရယ်ရယ်နဲ့ အခန်းထဲကကို မထွက်တော့ဘူး။ ဒေါ်စော မေးတော့လည်း ခေါင်းပဲယမ်းနေတာပဲကွယ်။ စိတ်ရှုပ်ပါ တယ်"

"ငိုပစေ . . . ငိုပစေ . . . ဒါမှ"

"ဟင် . . . ဘာလို ငိုပစေဖြစ်ရတာလဲကွယ်"

"ဟို . . . ပြော် . . . ဘာမှမဟုတ်ပါဘူး။ သူဟာ သူ ငိုချင်နေတာ ငိုပစေပေါ့။ ဟုတ်ဖူးလား။ သူ့အိမ် သူ့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုကိုလွမ်းလို့ နေမှာပေါ့"

"အင်း . . . ဒါလည်း ဟုတ်သားပဲ။ သူ့ခမျာ နေထိုင်မကောင်းတော့ မိဘညီအစ်ကိုမောင်နှမကို အောက်မေ့တယ် ထင်ပါရဲ့ကွယ်"

ဒေါ်စောကပါ သူ့မကို ကရုဏာသက်သလို ညည်းညူနေတော့၏။

"ဒါနဲ့ . . . ဒေါ်စော သူ့ကို ဘာမှသွားမမေးနဲ့တော့နော်။ ကျွန်တော်အပြင်သွားဦးမယ်။ သူငယ်ချင်းတွေနဲ့ ချိန်းထားတာရှိလို့။ သူတို့နဲ့တွေ့ရင် အပြန်နောက်ကျချင်ကျမှာ။ အဲဒါ မေမေ မေးရင်လည်း ပြောလိုက်ပါ။ အခုအိပ်နေလို့ ဝင်ပြောတော့ဘူး"

"ပြောပေးမယ် ကိုသွန်း ပြောပေးမယ်။ ညမိုးချုပ်ရင် ဒေါ်စောစောင့်ရဦးမလား"

"ဟုတ် . . . ကျွန်တော် အရမ်းနောက်မကျလောက်ပါဘူး။ ဆယ်နာရီလောက်အထိတော့ စောင့်ပေးပါ"

"ကောင်းပါပြီကွယ်"



ဒေါ်စောနှုတ်ဆက်ပြီး သူ့မအခန်းဘက်တစ်ချက်လှမ်းကြည့်ကာ သူထွက်လာခဲ့သည်။

ဒီည ဒေါက်တာမျိုးဝင်းနှင့် သူရဲ့စာရေးဆရာသူငယ်ချင်းများကို 365 မှာ တစ်ဝိုင်းလောက်ပြုစုဖို့ ဖုန်းဆက်ထားပြီးပြီဖြစ်သည်။

365 ကို ရောက်သွားတော့ အားလုံးစုံသလောက်ရှိနေပြီ။ ဒေါက်တာမျိုးဝင်းတစ်ယောက်သာ နောက်ကျနေ၏။ သွန်းသူငယ်ချင်း မင်းထက်ငြိမ်းဝေက . . .

"ဟေ့ကောင် သွန်းဆက်မိုး ဒီပွဲက ဘာအတွက်လဲကွ။ ငါတို့က လာသာလာခဲ့ရတယ် ဘာမှန်းမသိ ကြောင်တောင်နဲ့"

ဟု စ,ပြောလိုက်သည်တွင် သူရသော်အောင်ကလည်း . . .

"ဟုတ်ပ. . . ဘုမသိ ဘမသိ ကြွရောက်ချီးမြှင့်ရတဲ့ ငါတို့နားလည်အောင်လည်း ရှင်းပြစမ်းပါဦးကွာ"

ဟုဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦးကွာ။ ပြောပြမှာပေါ့။ ဒီပွဲဖြစ်လာတဲ့ ဇာတ်လမ်းက အရှည်ကြီးပဲ။ ငါကိုယ်တိုင်ရေး ကိုယ်တိုင် ဇာတ်ညွှန်းခွဲပြီး သရုပ်ဆောင်ခဲ့ရတဲ့ ဇာတ်လမ်းပေါ့ကွာ။ အဲ ထဲမှာ ငါတို့ ဆရာဒေါက်တာမျိုးဝင်းတောင် ဇာတ်ပို့လုပ် လိုက်ရသေးတယ်။ သူပို့တဲ့ပို့ချက်ကလည်း အပြင်းစားပဲ။ အဲဒါ သူလာမှ ပြောပြရင်ပိုပြည့်စုံလိမ့်မယ်။ ခုတော့ စားစရာ ရှိ တာစား၊ သောက်စရာရှိတာသောက်ကြဦးကွာ"

"မင်းကလည်း နိဒါန်းအကြီးကြီးချီလာပြီးမှ ရောက် ခါနီး အဖျားရှူးသွားပြန်ပြီ။ ငါတို့က မင်းကိုယ်တိုင် သရုပ် ဆောင်ခဲ့ရတဲ့ ဇာတ်လမ်းဆိုတော့ စိတ်ဝင်စားနေပြီကွ။ ဒေါက်တာမျိုးဝင်းလာတဲ့အထိ မစောင့်နိုင်တော့ဘူး။ ခုပဲ ပြောပြတော့"

"နေပါဦးကွာ . . . လာတော့မှာပါ။ မင်းတို့ မှာစရာရှိ တာသာ မှာစမ်းပါ"

သွန်းကတော့ ဒီဇာတ်သိမ်းအတွက် အဓိကကူညီ ပံ့ပိုးပေးခဲ့သူ ဒေါက်တာမျိုးဝင်းကိုသာ လည်တဆန့်ဆန့်နှင့်





မျှော်နေမိသည်။ ထိုစဉ် သူ့ဖုန်းမှ Ringtone သံကို ကြား လိုက်ရတာကြောင့် ဝိုင်းမှခဏထွက်လာခဲ့၏။ လူကြီးသူမနှင့် စကားပြောမှာဆိုတော့ ပုလင်းသံဖန်ခွက်သံတွေနဲ့ ပြောလို မကောင်းချေ။

"ဟဲလို . . . ပြောပါ အန်တီ။ ကျွန်တော် သွန်းပါ"

"× × ×"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်။ ဒီတစ်ရက် နှစ်ရက် အတွင်း ဆင်းခဲ့လို့ရပြီခင်ဗျ။ ဗျာ . . . ခြော် . . . ရပါတယ်။ ကျန်တာ အန်တီ့ကို ကျွန်တော် ပြောထားခဲ့တဲ့အတိုင်းပဲ။ အဟင်း . . . ဟုတ်ကဲ့ခင်ဗျာ။ ဟုတ်ကဲ့ . . .ဟုတ်ကဲ့"

စကားပြောပြီး သူပြန်လာထိုင်တော့ သူရသော် အောင်က . . .

"ဘာတွေပြောနေတာလဲကွ။ ခေါင်းတညိတ်ညိတ် နဲ့ မင်းမျက်နှာကြီးကလည်းပြုံးနေတာပဲ။ ငါတို့က ဒေါက်တာ မျိုးဝင်းမလာတော့လို့ ဖုန်းလှမ်းဆက်တယ် ထင်နေတာ"

"အေးကွာ . . . အဲဒီလူကလည်း ကြာလိုက်တာ။ သူ



www.burmeseclassic.com

www.burmeseclassic.com



မှာ အရေးပေါ်လူနာတွေ ဘာတွေများရှိနေလားမသိဘူး။ ဒီအလုပ်ကလည်း မဟုတ်သေးပါဘူး။ ငါတို့ပဲ ကောင်းတယ်။ အမြဲလွတ်လပ်တယ်"

သူတွက်ဆထားသလိုပင် ထိုညက ဒေါက်တာမျိုးဝင်း ရောက်မလာပါချေ။

ဘာကိစ္စတွေ အရေးကြီးနေသလဲတော့မသိ။ အားလုံး လူစုခွဲပြန်ကြခါနီး သူဖုန်းဆက်ကြည့်တော့လည်း ဖုန်းပိတ်ထားတာမို့ လူနာတွေ ဘာတွေ အရေးကြီးနေလို့ပဲဟု ယေဘုယျအားဖြင့် ယူဆလိုက်ရတော့၏။

သွန်း အိမ်သို့ ပြန်ရောက်ချိန်မှာတော့ . . .

"ဟယ် . . . ကိုသွန်းတောင် ပြန်လာပြီ။ ဒေါ်စောကိုသွန်းကိုမျှော်နေတာ။ ဖုန်းဆက်ကြည့်တော့လည်း မအားတာနဲ့။ ပြီးတော့ စက်ပိတ်ထားတယ်ဆိုလား ဖြေသံကြားရတယ်။ အဲဒါကြောင့်"

"အိမ်မှာ ဘာဖြစ်လို့လဲ ဒေါ်စော"

"မေလေး မရှိတော့ဘူး သားရဲ့"



"ဗျာ"

သူ့ခေါင်းထဲမှာ ရီတီတီဖြစ်နေတာတွေ ချက်ချင်း လွင့်ပျောက်သွားရတော့သည်။

"ဘယ် . . . ဘယ်ရောက်သွားလို့လဲ"

ပြောလည်းပြော သူ့မအခန်းရှိရာသို့လည်း တရကြမ်း လျှောက်သွားပြီး ကြည့်လိုက်၏။ ဒေါ်စောမြက နောက်က လိုက်လာရင်း . . .

"ဘာမှမယူသွားဘူး ကိုသွန်း။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ လိုက်သွားတာ"

"လိုက်သွားတာ။ ဘယ်သူနဲ့ လိုက်သွားတာလဲ"

"ကိုသွန်း ထွက်သွားပြီး သူဖုန်းဆက်တယ် သား။ ခဏလောက်နေတော့ ကောင်မလေးတစ်ယောက် ကားနဲ့ ရောက်လာတယ်။ မေလေးက သူ့ကိုသနားရင် ဘယ်သူမှ မပြောပါနဲ့တဲ့။ မမမြနဲ့ ဒေါ်စောကို ကန်တော့ပြီး ထွက်သွားတော့တာပဲ"

"ဟာဗျာ . . . အဲဒါ ဘာလို့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမကြားရတာလဲ"

"အကြောင်းကြားချိန်မရအောင် သူက ချက်ချင်းကြီးထလိုက်သွားတာသားရဲ့ ဘာမှလည်း ယူမသွားဘူး။ ကားပေါ်တက်လိုက်သွားတာများ ဖိနပ်တောင် ပါလာရဲ့လား မသိဘူး။ သိသိချင်းဖုန်းဆက်တော့လည်း သားဖုန်းက လိုင်းမအားဘူးဆိုလား ဘာလား"

"ဒါဆို သူ့ကိုလာခေါ်သွားတဲ့ကားကို ဒေါ်စောမှတ်မိလား"

"ဟင့်အင်း . . . ကားနံပါတ်တွေ ဘာတွေတော့ မမှတ်ထားလိုက်မိဘူး။ ကားက သားရဲ့ကားလိုပဲ မြင့်မြင့်ကြီး အဖြူရောင်ထင်တယ်"

"ဟား"

သွန်း သူမအခန်းထဲက ခုတင်ပေါ် စိတ်ပျက်လက်ပျက်ထိုင်ချလိုက်မိသည်။ အခန်းထဲမှာက သူမ ရှိစဉ်က အတိုင်း ခြေရာလက်ရာမပျက်ချေ။

ဘာပစ္စည်းမှ သိမ်းဆည်းယူဆောင်မသွားပေမယ့်





ဘယ်ကိုလိုက်ရမယ်မှန်း သဲလွန်စလည်း မကျန်ခဲ့။

"ဟော . . . ဟိုမှာ ဘာတွေရေးခဲ့လဲ မသိဘူး"

စာတွေ့မလား၊ ဘာလားကြည့်မိပေမယ့်၊ ဒေါ်စောပြသည့် မှန်တင်ခုံကိုတော့ သွန်းမကြည့်မိသေးပါ။ ထိုင်ရာမှ ထလျှောက်သွားပြီး ကြည့်လိုက်တော့ မှန်မှာနှုတ်ခမ်းနီတောင့်နှင့်ရေးထားခဲ့သော သူမရဲ့ လက်ရေးဝိုင်းဝိုင်းလေးကိုတွေ့လိုက်ရ၏။

"သွန်း"

"ခင်ပျားကို မုန်းတယ်" တဲ့။

သူ့ ဆံပင်တွေထဲ လက်ထိုးဖွရင်း စိတ်ပျက်သွားရသည်။

မှန်မှာရေးခဲ့သော လက်ရေးသော့သော့တွေကြည့်ပြီး သွန်း နာကျင်ဝမ်းနည်းစွာ ပြုံးမိ၏။ နှုတ်ဆက်တာတောင် မုန်းတယ်တဲ့လား။ ကိုယ်ကတော့ မင်းကို သိပ်ချစ်ပါတယ်။

သွန်း ဘောင်းဘီအိတ်ထဲမှ ဟန်း(ဒ်)ဖုန်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြီး နံပါတ်တစ်ခုကို ခေါ်လိုက်သည်။

သူမ ဘယ်မှာရှိနေတယ်ဆိုတာ သိဖို့လိုအပ်သည်လေ။





## အခန်း ( ၁၈ )

"မှိုင်တွေ မနေစမ်းပါနဲ့ မေ ရယ်။ ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ။ အခု ငါနဲ့ အပြင်လိုက်ခဲ့ဆိုတော့လည်း မဟုတ်ဘူး"

မှန်တင်ခုံရှေ့မှာ ကျော့ကျော့လေးထိုင်ကာ အပြင်သွားဖို့အလှပြင်နေသော နဒီကို ငေးကြည့်ရင်း မေ့ မျက်ရည်တွေ ဝဲလာပြန်၏။

"ငါ ဒီမှာ မနေချင်တော့ဘူး။ လာခေါ်ပါလို့"



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပေမယ့်၊ အဲဒီအကြောင်းကိစ္စတွေရဲ့ နောက်ကွယ်က ပြဿနာတွေကို ဘာတစ်ခုမှ မေ့ ဖွင့်မပြောရဲသေး။

ဘစ်ယောက်တည်း တွေးရတာနဲ့တင် ရင်မောလွန်းလို့ အသက်တောင် ထွက်သွားနိုင်လောက်သည်ထင်၏။ ညီအစ်မချင်းဆိုပေမယ့် ကိုယ်နဲ့မှ ရွယ်တူလောက်ရှိသော နဒီကို အာကိုးတကြီးဖွင့်ပြ မတိုင်ပင်ရဲ။ ဒီနေရာမှာ မမအိမ့်ဆိုလျှင်တော့ မေ့ ဖြစ်ကြောင်းကုန်စင်ကိုဖွင့်ပြောပြီး ငိုချင်းချမိမှာ အမှန်ပင်တည်း။

တွေးမိတိုင်း သူ့ကို မုန်းတီးနာကြည်းတယ်ဆိုတာပဲ မေ့ အတွေးထဲပေါ်လာသည်။

သူကများ မေ့ ကိုချစ်တယ်တဲ့။

မယုံဘူး။

မေ့ ဒီကိုရောက်နေတာသိလျှင် သွန်း စိုးရိမ်ပူပန်နေမလား။ အေးဆေးပဲလား ဆိုတာလည်း သိချင်လှ၏။

မေ့...ာ ကိုယ်ဝန်ရှိနေပြီဘဲ့။

——ပြီးသော——



ဘယ်လိုမှ ယုံကြည်လို့မရပေမယ့် လက်ခံလိုက်ရတဲ့ အိပ်မက်ဆိုးကြီးပင်။

ဒီကိစ္စကို သူ့ကို ဖွင့်ပြောပြီး လက်ထပ်ဖို့ ကိစ္စ သဘောတူလိုက်ရမှာလား။

ဒါမှမဟုတ် မန္တလေးအထိပြန်ပြီး မေ့ အရက်တကွဲ အကျိုးနည်း အဖြစ်ခံရမှာလား။

မေ့ ဘယ်လမ်းကိုမှ မရွေးရဲ။

မေမေနှင့် မမအိမ့်ကို ဘယ်လိုရင်ဆိုင်ဖြေရှင်းရမှန်း မသိတော့။ မျက်ရည်ပဲ အလိုလိုကျရသည်။ မေ့ သိတာ သူ့ကို မုန်းနေတယ်ဆိုတာတစ်ခုတည်းပဲ။

"မေ့ . . . သွား . . . ရေမိုးချိုး အလှပြင်ဟာ။ နင် ဒီအတိုင်း ဘာမပြောညာမပြော မှိုင်တွေခွေခေါက်နေမယ့် အစား အပြင်လိုက်ပြီး လန်းသွားအောင် အာရုံတွေ ဆေးပစ်လိုက်စမ်းပါ။ ထပါ မေ့ရဲ့"

"မလိုက်ချင်ပါဘူးဟာ"

မေ့ ခုတင်ပေါ်မှာ ခွေခွေလေး လဲလျောင်းငြိမ်

——ပြီးသော——

www.burmeseclassic.com

www.burmeseclassic.com



သက်နေမိ၏။ နဒီက မေ့ကို ခေါင်းမာလိုက်တာဆိုတဲ့ပုံစံနဲ့ ကြည့်ပြီး အဝတ်အစားတွေ လဲနေတော့သည်။

ဒီလိုကြီးနေရတာကိုလည်း မေ့ ပျင်းရိရှုံမှုန်းလှပါသည်။

ဟိုမှာဆို သွန်းနဲ့မျက်နှာချင်းဆိုင် အော်ဟစ်ရန်ဖြစ်နေရလျှင် စိတ်ထဲ ပေါ့သလိုလိုရှိသေး၏။ ဒါပေမဲ့ မေ့ သူ့ရှေ့ကို တစ်ခေါက်ထပ်မရောက်လိုတော့။

သူ့မျက်နှာမြင်ရလျှင် မေ့ ရှက်ရွံ့ဝမ်းနည်းရတာနှင့် ခေါင်းတောင်ဖော်ရဲမှာမဟုတ်။ အရင်လို ရန်ဖြစ်ဖို့ဆိုတာ အဝေးကြီး။

"သမီးရေ . . . နဒီ အိမ်ရှေ့မှာ ဧည့်သည် မေ့ကို မေးနေတယ်"

"ဟုတ် . . . လာပြီ မေမေ"

နဒီက မေ့ကိုလှမ်းကြည့်ပြီး သုတ်ခနဲထသွား၏။

မေ့ ဘယ်သူပါလိမ့်ဟုတွေးပြီး ခေါင်းထဲ ကျဉ်ခနဲပင် ဖြစ်သွားရ၏။

●———မြွေ———●



သွန်းဆက်မိုးများ လိုက်လာတာလား။ ဘာဘာမရှိလို့ တော်သေးသည်။ မေ့ ဒီမှာရှိတယ်ဆိုတာ ဒီရက်နည်းနည်းလေးအတွင်း ဘယ်လိုများ စုံစမ်းသိရှိသွားပါလိမ့်။

မေ့ အတွေးမဆုံးခင် နဒီက ပြုံးစေ့စေ့နှင့် အခန်းထဲသို့ ပြန်ပြေးဝင်လာသည်။

"မေ့ . . . ဟဲ့ . . . နင့်လူကြီးလိုက်လာတယ်"

"ဘယ်က ဝါ့လူလဲ"

"စာရေးဆရာ . . . စာရေးဆရာ . . . သွန်းဆက်မိုးတဲ့"

"ဟင် . . . ဟုတ်လား။ ငါ မရှိဘူးလို့ပြောလိုက်"

"ဟောတော် ငါက နင့်ကိုခေါ်ပေးမယ်လို့ ပြောလိုက်ပြီးပြီ"

"စိတ်ညစ်ပါတယ်ဟာ။ ငါ သူနဲ့မတွေ့ချင်ဘူး"

"သူကတော့ အရမ်းစိတ်ပူနေပုံပဲဟ။ သွားတွေ့လိုက်ပါဟယ်။ သနားပါတယ်။ အခု မေမေနဲ့စကားပြောနေတယ်။ နင် မြန်မြန်သွားလိုက်။ တော်ကြာ မေမေ့ရှေ့မှာ နင်

●———မြွေ———●

www.burmeseclassic.com

www.burmeseclassic.com



လျှို့ထားတဲ့အကွက်တွေ အကုန်ပေါ်လာဦးမယ်"

မြှိမ်းခြောက်သလိုပြောလိုက်တဲ့ နဒီ့စကားကြောင့် ဓမ္မ ကမန်းကတန်း ထရပ်လိုက်သည်။

"ဟဲ့ . . . ခေါင်းဖြီးသွားဦး။ သူ့ပုန်ရုပ်နဲ့ ညည့်သည် ထွက်မတွေ့နဲ့။ ဟိုက လန့်ပြီး ပြန်ပြေးသွားဦးမယ် . . . ဟီး ဟီး"

ဘာမှမသိသေးဘဲ တဟီးဟီးနှင့် မျက်နှာရှုံ့အူမြူး နေသော နဒီ့ကို မျက်စောင်းတစ်ချက်ပိတ်ထိုးကာ တွန့်ကြေ နေသော ချည်သားဂါဝန်ပန်းရောင်လေးကို ဟိုဆွဲ ဒီဆန့် လုပ်ပြီး ဓမ္မ အခန်းထဲကထွက်လာခဲ့သည်။

နေ့တိုင်း အခန်းအောင်းပြီး လိုမ့်အိပ်နေတာ ကြောင့် ဓမ္မမျက်နှာက စူပုပ်ပုပ် မို့အစ်အစ်လေး ဖြစ်နေ သည်။

ဂါဝန်အိတ်နှစ်ဖက်ထဲ လက်နှိုက်ရင်း အခန်းပြင် သို့ ဆုတ်ကန်ကန် ပေစောင်းစောင်းထွက်လာသော ဓမ္မကို မြင်တော့ ဘာဘမိန်းမ ဒေါ်ခင်မြတ်မွန်က ဟော . . . လာပြီ





ဟု အသံပြုသည်။

ဓမ္မ သူ့မျက်နှာကို လှမ်းကြည့်ပေမယ့် ဆင်စွယ် ရောင်ရှပ်လက်ရှည်ကို ကြယ်သီးပြည့်တပ် ဝတ်ထားပြီး စတိုင်(လ်)ပန်(င်)အနက်ရောင်နှင့် ထင်ရှားတောက်ပနေ သော သူ့ရုပ်သွင်ကို လှစ်ခနဲမြင်လိုက်ရ၏။

မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတွေ မရှိ ပေမယ့် ဆံပင်ရှည်ရှည်က ကုပ်ပေါ် ဖရိုဖရဲဝဲကျနေသည်။ ကိုယ့်ထက်အသက်ငယ်ဆို အဲ့ဆံပင်တွေကို ဆွဲဆွဲပြီး နံရံ နှင့် ပစ်ဆောင့်တိုက်ပေးချင်လှသည်။

အဲသလောက်ထိ ဓမ္မ အမြင်ကပ်မိ၏။

"လာ . . . ဓမ္မ ညည့်သည်နဲ့စကားပြောဦး။ ကြီးကြီး ဟင်းအိုးတန်းလန်းနဲ့မို့"

ဒေါ်ခင်မြတ်မွန်က တမင်ရှောင်ထွက်ပေးသွားသည်။

ခုလောက်ဆို သူတို့သားအဖ်ိ ဓမ္မတို့နှစ်ယောက် ကို ကြည့်ပြီး တစ်ခုခု ဝေဖန်နေလောက်ပြီ။

"ကိုယ်နဲ့ပြန်လိုက်ခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အပြောအဆိုတွေတောင် ပြောင်းသွားပြီကိုး။

"မလိုက်ဘူး"

မေ့ကတော့ အရင်အတိုင်း ဂျစ်ကန်ကန်ပါပဲ။

"ခုချိန်မှာ စိတ်လိုက်မာန်ပါ ဆုံးဖြတ်လို့မရဘူးလေ။ မင်း မလိုက်ရင် ဒီအိမ်က လူကြီးတွေကို ဖွင့်ပြောပြီး"

"အို . . . အဲလိုလုပ်လို့ဖြစ်မလား"

"ဒါဆို . . . ကိုယ်နဲ့ပြန်လိုက်ခဲ့။ အေးအေးဆေးဆေး ဆွေးနွေးကြမယ်လေ။ ကိုယ်တို့ဘဝရှေ့ရေးအတွက် . . ."

ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောနေသော သူ့ကို မေ့ မျက်စောင်းရှယ်လိုက်သည်။ အစကတည်းက ဒီလိုစိတ်ဓာတ်မျိုးရှိမှန်းသိရင် မေ့ ရန်ကုန်ကိုတောင် ရောက်လာမှာ မဟုတ်ဘူး။

"မေ့"

နဒီ့ခေါ်သံကြောင့် မေ့မျက်လုံးလေးပြူးရင်း လှည့်ကြည့်လိုက်သည်။

နဒီက ဟန်း(ဒ်)ဖုန်းလေးကို မြှောက်ပြရင်း ဖေဖေ



ဟု နှုတ်ခမ်းလေးလှုပ်ရုံ အသံထွက်ပြီး ရေရွတ်၏။

"ဟင် . . . ဘာလဲ"

"ဖေဖေ အိမ်ပြန်လာတော့မယ် . . . အဲဒါ"

နဒီ ဘာကိုဆိုလိုတယ်ဆိုတာ မေ့ သဘောပေါက်သွား၏။

ဘဘပြန်လာလျှင် သွန်းဆက်မိုးနှင့် ထိပ်တိုက်တွေ့လို့မဖြစ်ပါ။

ဘဘက လျှာရှည်ကာ အမေးအမြန်း အစစ်အဆေးထူသူဖြစ်သည်။ ဘဘရှေ့ရောက်တာနှင့် မေ့ ဖုံးကွယ်ထားသမျှကိစ္စတွေက အကုန်ပေါ်တော့မှာပင်။

"ကျွန်တော် ခင်ဗျားနဲ့လိုက်ခဲ့မယ်"

ရုတ်ခြည်းပြောချလိုက်သော မေ့စကားကြောင့် သူ အံ့သြဝမ်းသာသွားပုံနှင့် ထိုင်ရာမှ ထရပ်သည်။

"နဒီ ငါ ခဏလိုက်သွားဦးမယ်"

"အေး . . . အေး . . . ဖုန်းပြန်ဆက်ဦး။ နင်က ကြာချင်ကြာနေမှာ"

www.burmeseclassic.com

www.burmeseclassic.com



နဒီ့ကို မေ့မျက်စောင်းရွယ်ရင်း . . .

"ဘာလို့ကြာရမှာလဲ။ သူ့ကိစ္စရှင်းပြီး ချက်ချင်းပြန်လာမှာ"

ဟု လှည့်ပြောတော့ သူက ပြုံးစစနှင့် နဒီ့ကို ခေါင်းညိတ်ပြပြီး နှုတ်ဆက်သည်။

နဒီကလည်း ပြုံးလို့ ရှင်လို့ပင်။

ကြားထဲက မေ့က သူတို့ဘယ်အချိန်က ရင်းနှီးကျွမ်းဝင်သွားပါလိမ့်လို့ မျက်မှောင်လေးကြုတ်ကာ တွေးရင်း သွန်းဆက်မိုးနောက်မှ အိမ်ဂနရင်းအဝတ်အစားနှင့်ပင် ခပ်ကုပ်ကုပ်လေးပါလာခဲ့ရ၏။

"မင်း နေမကောင်းဘူးလား။ မျက်နှာလေး နည်းနည်း ချောင်သွားသလိုပဲ"

ကားမောင်းနေရင်း မေ့ဘက်ကို ငဲ့ကြည့်ပြီး ပြောလိုက်တာမို့ မေ့မျက်နှာကို တမင်ရှုပွတင်းမာထားပြီး . . .

"ဘာမှမဖြစ်ဘူး ကောင်းတယ်"

ဟု သံပြတ်နှင့်ဖြေလိုက်သည်။ သူက မေ့ကို ကရု





ဏာသက်သလိုကြည့်နေပြီး ပြန်အော်ဟစ်နေတာတောင် အပြုံးမပျက်ချေ။

"ဘယ်ကိုမောင်းနေတာလဲ။ တစ်နေရာမှာ စကားပြောပြီးရင် ပြန်မယ်"

"မေမေက မင်းကို အရမ်းတွေ့ချင်နေတယ်။ အဲဒါ အိမ်ကိုလိုက်ခဲ့"

မေ့ ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ ဖြစ်နိုင်လျှင် အန်တီမြကြာဖြည်နဲ့ မတွေ့ချင်။ မေ့ ဘယ်လိုရှေ့ဆက်ဟန်ဆောင်လိမ်ညာထားရမှာလဲ။ ခုတောင် မေ့ ဟန်ဆောင်ပြီးလာနေခဲ့တာတွေကို သူ သိနေပြီလား မပြောတတ်။

သိလည်း ဂရုတော့မစိုက်လှပါ။

မေ့ တစ်ခါတည်း အပြတ်ပြောပြီး မန္တလေးပြန်မှာပင်။ မြို့ထဲကို ကားလေးချိုးကွေ့ဝင်ကတည်းက မေ့ရင်တွေ တဒိန်းဒိန်းခုန်ပေါက်လှုပ်ရှားနေရ၏။

ဘာမပြော ညာမပြောနှင့် ထွက်ပြေးသွားသော မေ့ကို အန်တီမြတွေ့လျှင် အထင်အမြင်သေးနေမည်လား



www.burmeseclassic.com

www.burmeseclassic.com



မသိ။

"လာလေ . . . မေလေး"

သူက မေ့လက်ဖျားအေးစက်စက်လေးကို လာရောက်ဆုပ်ကိုင်ရင်း ဂရုတစိုက်ဟန်နှင့်ခေါ်၏။ မေ့ကတော့ သူ့လက်ထဲက မေ့လက်ဖျားလေးကို အတင်းဆောင့်ရုန်းနေမိ၏။

သူက လွှတ်မပေးဘဲ တင်းတင်းဆုပ်ထားကာ အိမ်ထဲရောက်အောင် ခေါ်သွားပြီး အိမ်မှထွက်ပြေးသော ကလေးကို ရှာဖွေဖမ်းခေါ်လာရသည့်လူကြီးဟန်ပန်နှင့် . . .

"ကဲ . . . မေမေ ဒီမှာ အိမ်ပြေးကလိမ်ကကျစ်မလေးကို သား ခေါ်လာခဲ့ပါပြီ"

ဟုဆိုလိုက်တာမို့ မေ့ သူ့နောက်ကျောမှာ ကွယ်ရပ်ရင်း ခေါင်းငုံ့ရပ်နေမိ၏။

သူက မေ့ခါးလေးကိုသိမ်းဖက်ပြီး ရှေ့ကိုအတင်းတွန်းပို့ မေ့က ခြေကန်ရုန်းနှင့် ဗရုတ်သုတ်ခဖြစ်နေစဉ် . . .

"သမီး . . . မေ့သည်းညှာ"



ဟူသောခေါ်သံကြောင့် မေ့အထိတ်တလန့် ခေါင်းထောင်ကြည့်လိုက်မိ၏။

"ဟင် . . . မေမေ၊ မအိမ့် ဘယ်ကဘယ်လိုရောက်နေကြတာလဲ"

မေ့ အံ့သြလွန်းစွာ ကသောကမျောလေး မေးလိုက်တော့ မေမေနှင့်မအိမ့်က ရယ်နေသည်။ အန်တီမြက

"ရောက်နေတာတော့ ဒီနေ့မှပဲ။ လာချင်တာတော့ ကြာနေပြီတဲ့။ နွဲ့ရေ သမီးလေးကို ရှင်းပြလိုက်ဦးလေကွယ်"

မေမေ့ကို မေ့ လှမ်းကြည့်လိုက်မိပြန်သည်။

"ဟုတ်တယ် သမီးရဲ့။ သမီး ဒီကိုစရောက်ကတည်းက မေမေက လာချင်နေတာ။ သွန်းက မလာနဲ့ဦးဆိုလို့"

"ဘာ . . . ဘယ်လို"

"ညီမလေးနားလည်အောင် မအိမ့် ရှင်းပြမယ်။ ဟောဒီက ကိုသွန်းက မေမေ့ဆီမှာ ညီမလေးကိုတောင်းထားပြီးသား။ ရုတ်တရက်ဆို ညီမလေးငြင်းမှာလည်း စိုး၊ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်လည်း နားလည်မှုရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘောင် သံယောဇဉ်ဖြစ်သွားအောင်ဆိုပြီး ဒီလိုဇာတ်လမ်း ဖြစ်လာအောင် ကိုသွန်း ကိုယ်တိုင် စီစဉ်တာ"

"ဒါဆို သူနဲ့မအိမ့်ကို စေ့စပ်မယ်ဆိုတာ"

"အဲဒါလည်း ကိုသွန်းရေးလိုက်တဲ့ ဇာတ်ကွက်ပဲ။ ညီမလေး ရန်ကုန်ရောက်အောင် ပရိယာယ်သုံးလိုက်တာ လေ။ ဒီကိစ္စကို ဘဘတို့ မိသားစုလည်း ကြိုသိပြီးသား။ ဒါကြောင့် ညီမလေးကို စိတ်ချလက်ချပစ်ထားတာပေါ့ မေ့ရဲ့"

မေ့ခေါင်းတွေ ချာချာလည်မတတ်ပင် ဖြစ်သွားရ လေတော့၏။

"ဒါဆို . . . ယူဖန်တီးတဲ့ ဒီအဖြစ်အပျက်တွေထဲမှာ မေ့တစ်ယောက်တည်း အရူးဖြစ်နေတာပေါ့ ဟုတ်လား"

စိတ်ဆိုးမာန်ဆိုးနဲ့ အော်ပစ်လိုက်တဲ့ မေ့စကား အဆုံး အားလုံးက မျက်နှာမပျက် ဝေါခနဲပင်ထရယ်လိုက် ကြသေး၏။

မေ့ ဘူ့မျက်နှာကို အပြင်းကပ်စွာလှမ်းကြည့်ပြီး





မျက်စောင်းတစ်ချက်ထိုးပစ်လိုက်သည်။

အန့်တီမြက ရယ်မောရင်း . . .

"သမီးတစ်ယောက်တည်း အရူးဖြစ်တာမဟုတ် ဘူး သမီးရေ။ အန့်တီလည်း သမီးလိုပဲ ဘာမှသိရတာ မဟုတ်ဘူး။ စိတ်မပျက်နဲ့ အဖော်ရှိတယ်"

"ဟုတ်တယ် မေ့ရဲ့"

သွန်းကပါ မေ့လက်လေးကိုလာဆုပ်ရင်း ပြော လိုက်တာမို့ . . .

"ဘာ ဟုတ်တယ်လဲ" ဟု ပြန်အော်ပစ်လိုက်မိ၏။

"မသိဘူး . . . မုန်းတယ်။ မေမေတို့ မေ့ကို ညာ တယ်။ သွန်းရောပဲ . . . ရှင်လည်း မေ့ကို ညာတဲ့လူ။ မုန်း တယ်"

မေ့အော်ပြီး အိမ်ထဲမှလှည့်ပြေးလာခဲ့သည်။ မအိမ့် က ကိုသွန်းကိုတစ်လှည့် မေ့နောက်ကျောကို တစ်လှည့် ကြည့်ပြီး . . .

"ဟော့ . . . ဟော့ . . . ဒါ မင်းသားသရုပ်ဆောင်ရမယ့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်းလေ။ ဘာလုပ်နေတာလဲ ကိုသွန်း . . . သွား . . . မေ့ကို သွားချော့"

ဟုအော်လိုက်တော့ သွန်း ရှက်ပြုံးနှင့်ပြန်ပြေး ထွက်လာခဲ့ပြီး မေ့ကို ချော့ဖို့ရှာလိုက်သည်။ ထိုစဉ် ဒေါက်တာမျိုးဝင်းရဲ့ကားလေးက ခြံထဲသို့ ချိုးကွေ့ဝင်လာ၏။

မေ့က ဒေါက်တာမျိုးဝင်းကို တစ်လှည့် သွန်းကို တစ်လှည့်ကြည့်ပြီး တစ်ခုခုမေးမလို့ ဟန်ပြင်နေလေသည်။

ဒေါက်တာမျိုးဝင်းက သွန်းကို လက်လှမ်းပြပြီး . . .

"ဟေ့လူ . . . ကိုသွန်း ခေတ်ရီးဗျာ။ ဟိုနေ့က လူနာ တစ်ယောက် အရေးကြီးနေတာနဲ့ မလာဖြစ်တာ"

ဟု လှမ်းအော်ပြောလေသည်။

"ဒီမှာ . . . ဒေါက်တာ ကျွန်တော် မေးစရာရှိလို့"

ဒေါက်တာမျိုးဝင်းက မေ့ကို မျက်ခုံးပင့်လျက် တအံ့တသြလှည့်ကြည့်လေသည်။

"ဘာများလဲ။ မေးပါဗျာ"

"ဟို . . . မေ့မှာ ကိုယ်ဝန်ရှိတယ်ဆိုတာ တကယ်





လားဟင်"

ဒေါက်တာမျိုးဝင်းက မျက်လုံးကြီးပြူးလျက် ခေါင်း ကုပ်ကာ အင်း . . . အဲ လုပ်နေသည်။ ထို့နောက် သွန်းကို လက်ညှိုးထိုးပြကာ . . .

"သူက ပိုသိမှာပါဗျာ။ ဒီကိစ္စ သူ အသိဆုံးဖြစ်မှာ ပါ"

ဟု ဆိုကာ ကားပေါ် ပြန်တက်ပြီး တစ်ချိုးတည်း မောင်းထွက်လစ်ပြေးလေတော့၏။

မေ့ သူ့ရှေ့မှာ ခါးထောက်ရပ်လိုက်သည်။

"ဒီဆရာဝန်ကလည်း ခင်ဗျားဇာတ်လမ်းထဲက သရုပ်ဆောင်ပဲလား"

ဟုမေးလိုက်စဉ် သွန်းက သူ့မကိုယ်လေးကို သိမ်း ဖက်လိုက်ပြီး သူ့မ ခေါင်းမှာပါးလေးအပ်ထားလိုက်၏။

"ဘာဖြစ်လဲ မေ့ရယ်။ အခုမရှိသေးလည်း နောက် ရှိလာမှာပဲဟာ။ သူ ညာတာမဟုတ်လောက်ပါဘူး"

မေ့မျက်နှာက နီရဲသွားသည်။ ထို့နောက် သွန်းကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းလှလှလေးရွယ်ရင်း ပြောနေကျစကားတစ်ခွန်းကို ထပ်ပြောလိုက်ပါ၏။

"ခင်ဗျားကို ကျွန်တော် မချစ်ဘူး" တဲ့လေ။

သွန်းကတော့ ထိုစကားအဓိပ္ပာယ်ကို ပြောင်းပြန်ယူဆရင်း မြတ်နိုးနှစ်သက်စွာ ခေါင်းညိတ်လိုက်လေသည်။

ကြည်နုခေတ်

•———ပြီးပါပြီ———•

BURMESE CLASSIC .com

www.burmeseclassic.com